# အခန်း(၈၄၂) - သူတော်စင်များနှင့် နောက်တစ်ကြိမ် တွေ့ဆုံခြင်း....

ညနက် သန်းခေါင်ယံအချိန်.....

လင်းဟွမ်သည် တဲထဲတွင် တင်ပျဉ်ခွေထိုင်ပြီး ပိုင်နှင့် ကျန်သည့်မွန်းစတားများ၏ အခြေနေကို သိရှိစေရန် မြေပုံဖွင့်ကာ ကိုသြဒိနိတ် တည်နေရာများကို ကြည့်နေသည်။

ဤမြေပုံပေါ်တွင် သွေးရဲရဲလေးက ဗာကျူရယ် ပုံရိပ်ယောင် အမှတ်အသားများကို ထည့်သွင်း

ထားသောကြောင့် မွန်းစတားတိုင်း၏ တည်နေရာကို အတိအကျ မြင်နေရသည်။

မကောင်းဆိုးဝါး လွှမ်းမိုးသူ၊ ကိုင်လီ၊ သူ့ရဲ့ကောင်း နှစ်ယောက်နှင့် အမှောင်ထု ကောင်းကင်ဘုံ မြွေများသည် လှုပ်ရှားနေကြသောကြောင့် အမှတ်များက ရွှေ့လျားနေသည်။

"ကိုင်လီကတော့ သူ့စစ်တပ်ကို ဦးဆောင်ပြီး အမဲလိုက်နေတုန်းပဲ။ ညဘက်ဖြစ်ပေမယ့် အမှောင်ထု ကောင်းကင်ဘုံ မြွေနှစ်ကောင်ကြောင့် သူ့ရဲ့ကောင်းနှစ်ကောင်ရဲ့ သတ်ဖြတ်မှုနှုန်းက မြင့်နေသေးတယ်"

သွေးရဲရဲလေးက သူတို့ကို အချိန်တိုင်း စောင့်ကြည့်နေခဲ့သည်။

“တစ်ချိန်တည်းမှာပဲ မကောင်းဆိုးဝါး လွှမ်မိုးသူက အစွမ်းထက်တဲ့ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်ကို စိန်ခေါ်ခဲ့တယ်။ ဒါပေမယ့် အခုတော့ မနိုင်လို့ ခွေးပြေးဝက်ပြေး ထွက်ပြေးနေရတယ်”

“မကောင်းဆိုးဝါး လွှမ်းမိုးသူ အဆင်ပြေရဲ့လား...”

လင်းဟွမ်သည် အတုအယောင် ဒဏ္ဍာရီအဆင့် မွန်းစတားကတ်ကို မဆုံးရှုံးစေချင်ပေ။

“သူ အဆင်ပြေတယ်။ သူ့ရဲ့ အစားထိုးမှုက တစ်ကောင်မှ မသေသေးဘူး။ ဒီကောင်က ကစားပွဲ

အလှည့်အပြောင်း လုပ်ဖို့ အခွင့်အရေး စောင့်နေတဲ့ပုံပဲ။ ဒါကြောင့်လည်း တစ်လျှောက်လုံး ပြေးရင်း ရန်စနေတာပေါ့။ အဲ့ဒီလိုမှမဟုတ်ရင် အစကတည်းက အဲ့ဒီမွန်းစတားကြီး လက်ထဲက လွတ်သွားတာ ကြာနေပြီ"

သွေးရဲရဲလေးက မျှော့မျိုးစေ့ ရိုက်ကူးထားသော ဗီဒီယိုကို ထုတ်လွှင့်ပြသရင်း ပြောလိုက်သည်။

ဗီဒီယိုထဲတွင် မကောင်းဆိုးဝါး လွှမ်းမိုးသူက ဘောင်းဘီချွတ်ပြီး မွန်းစတားကို ကော့ပြနေသည်။ အရေးအကြီးဆုံး အချက်မှာ သူ၏ ကိုယ်ပိုင်ပုံစံကို မသုံးဘဲ သတ်ဖြတ်သူ ပုံမှန်ဓါး၏ပုံစံကို သုံးထားခြင်းပင်

.....

“ဒီအကြောင်းကို သတ်ဖြတ်သူပုံမှန်ဓါး သိရင်တော့ ဒီကောင့်ကို သေချာပေါက် သတ်လိမ့်မယ်”

လင်းဟွမ်သည် စကားမပြောနိုင် ဖြစ်နေသည်။

မကောင်းဆိုးဝါး လွှမ်းမိုးသူနှင့် သတ်ဖြတ်သူပုံမှန်ဓါး တို့သည် အတော်လေး ရင်းနှီးကြသည်။ သူတို့၏ ရင်းနှီးသော ဆက်ဆံရေးကြောင့် သတ်ဖြတ်သူပုံမှန်ဓါးက မကောင်းဆိုးဝါး လွှမ်းမိုးသူကို ပုံတူပွားနိုင်စေရန် သူ့သွေးကို အမြောက်အများ ပေးခဲ့သည်။

အကယ်၍ မကောင်းဆိုးဝါး လွှမ်းမိုသူက ဤကဲ့သို့ အမူအရာမျိုး ပြုလုပ်နေကြောင်း သိသွားလျှင်

သတ်ဖြတ်သူ ပုံမှန်ဓါးက မကောင်းဆိုးဝါး လွှမ်းမိုးသူကို သွေးတစ်စက်မျှပင် ထပ်ပေးတော့မည် မဟုတ်ချေ။

"ကိစ္စတွေကို အလောတကြီး မလုပ်နဲ့ ၊ လိုအပ်ရင် အနားယူဦးလို့ ကိုင်လီကို ပြောလိုက်"

လင်းဟွမ်က သူ၏သတင်းစကားကို ပေးပို့ပေးရန် သွေးရဲရဲလေးကို ပြောလိုက်သည်။

မြေပုံ ပိတ်ပြီးနောက် လင်းဟွမ် အိပ်ပျော်သွားသည့်အချိန်တွင် သွေးရဲရဲလေး၏ အသံ ထွက်ပေါ်လာသည်။

"ငါတို့တွေ ပစ်မှတ်ထားခံနေရပြီ။ သူတော်စင်အဖွဲ့ တစ်ဖွဲ့က ငါတို့ဆီကို အရှိန်အဟုန်နဲ့ ချီတက်

လာနေတယ်။ အခုဆို ကီလိုမီတာ (၃၀၀) တောင် မဝေးတော့ဘူး”

“သူတော်စင်အဖွဲ့လား....”

လင်းဟွမ်သည် တဲကို ချက်ချင်းသိမ်းလိုက်ပြီး တိုက်ခိုက်ရေးပုံစံ အသင့်ပြင်ထားလိုက်သည်။

“ဘယ်နှစ်ယောက်လဲ.....၊ အဆင့်က ဘယ်လောက်လဲ....”

“(၅) ယောက်....၊ အင်ပါယာ ရွှေဝါရောင်အဆင့်က (၂)ယောက်၊ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်က (၃) ယောက်”

"သူတို့ကို အနိုင်ယူဖို့ မင်းမှာ ယုံကြည်မှုရှိလား။ မင်းက အင်ပါယာအဆင့် ရွှေကြက်သွေးရောင် အဆင့် (၃)ယောက်ကို ကိုင်တွယ်နေတဲ့အချိန်မှာ ရွှေဝါရောင် အဆင့် (၂) နှစ်ယောက်ကို ငါ ထိန်းထားပေးရမလား…"

လင်းဟွမ်က မေးလိုက်သည်။

"မလိုဘူး….၊ ငါ့ဆီမှာ တိုက်ပွဲမဝင်ရသေးတဲ့ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ရုပ်သေးရုပ် (၂၈)ကောင် ရှိသေးတယ်။ ဒီတစ်ကြိမ် တိုက်ပွဲထဲမှာ ထည့်ပြီး လေ့ကျင့်ပေးလို့ ရတာပေါ့။ ဒါက အင်ပါယာ ရွှေဝါရောင်အဆင့်လေး (၂) ယောက်ပဲကို…၊ သူတို့ကို အေးအေးဆေးဆေး ကိုင်တွယ်နိုင်ပါတယ်"

သွေးရဲရဲလေးက သူ၏တိုက်ပွဲဝင် ဖွဲ့စည်းပုံကို အမြဲတမ်း ယုံကြည်နေသည်။

လက်တွေ့တွင်မူ တိုက်ပွဲဝင် ဖွဲ့စည်းပုံထဲ၌ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ရုပ်သေးများ မရှိသေးပေ။ အင်ပါယာ ရွှေနက်ရောင် အဆင့်များနှင့် အဓိကထား ဖွဲ့စည်းထားပြီး ရွှေဝါရောင် အဆင့်များနှင့် တိုက်ခိုက်ရန် လုံလောက်သည်။ သို့သော်လည်း သတ်ဖြတ်နိုင်ခြင်း မရှိသေးပေ။

လွန်ခဲ့သော နှစ်ရက်က သွေးရဲရဲလေးသည် အင်ပါယာ ရွှေဝါရောင် အဆင့်များကို အမဲ မလိုက်ခဲ့ချေ။ အကြောင်းအရင်းမှာ ကပ်ပါး မကူးစက်နိုင်သောကြောင့်

ဖြစ်သည်။ ထို့ကြောင့် သူ့ ကပ်ပါးစစ်တပ်၏ စွမ်းဆောင်ရည်ကို တိုးမြှင့်နိုင်ရန် အင်ပါယာ ရွှေနက်ရောင်နှင့် ရွှေကြက်သွေးရောင် အဆင့် မွန်းစတားများကို အမဲလိုက်နေခြင်းပင်။...

ယခုအချိန်တွင် အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ရုပ်သေး (၂၈) ကောင်အပြင် အင်ပါယာ ရွှေနက်ရောင်အဆင့် ရုပ်သေးရုပ် (၉၆) ကောင်အထိ ရှိလာခဲ့သည်။ သားကောင်များကို မကြောက်လန့်စေရန် အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ရုပ်သေးရုပ် (၂၈) ကောင်ကိုသာ အသုံးပြုခဲ့ပြီး ကျန်သည့် ကပ်ပါး မွန်းစတားကောင်ကို ဖုံးကွယ်ထားခဲ့သည်။

ဒါသည် သူတော်စင်အဖွဲ့ဝင်များက အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် ရုပ်သေးရုပ် (၂၈) ကောင်ကို မတွေ့ခဲ့ရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

လင်းဟွမ်သည် သူတော်စင် အဖွဲ့ဝင် (၅) ယောက်၏ တည်နေရာကို အတည်ပြုပြီးနောက် သူ့ဘက်မှ တိုက်ခိုက်ရန် အသင့် ဖြစ်နေခဲ့သည်။

အခြားတစ်ဖက်တွင်မူ သူတော်စင် အဖွဲ့ဝင် (၅) ယောက်သည် ဤကိစ္စနှင့် ပတ်သက်၍ ဘာတစ်မှ ရိပ်မိခြင်း မရှိသေးပေ။ သူတို့၏ စုံစမ်းထောက်လှမ်းမှုအရ သိရှိခဲ့သည့် တည်နေရာကိုသာ အပြေးအလွှား

ပြေးလာနေကြသည်။ မိနစ်ပိုင်းလေး အတွင်းမှာပင် ကီလိုမီတာ ရာပေါင်းများစွာကို ဖြတ်သန်းလာကြသည်။

သူတော်စင် အဖွဲ့ဝင် (၅) ယောက်သည် မွန်းစတား အုပ်ကြီးကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည်။ ထူးဆန်းသည်မှာ သူတို့ကို မြင်သည်နှင့် မွန်းစတားများက ရုတ်တရက် လှုပ်ရှားလာကာ တိုက်ပွဲဝင်ပုံစံ ဖွဲ့စည်းပြီး သူတို့ကို ဝိုင်းထားလိုက်ကြသည်။ ဒါကိုမြင်လိုက်လျှင် သူတို့ (၅) ယောက် အနည်းငယ် မျက်နှာ ပျက်သွားကြသည်။ ဤမွန်းစတားများကို တစ်စုံတစ်ယောက်က ထိန်းချုပ်ထားသည်မှာ သိသာ ထင်ရှားနေသည်။

ဤပြဟင်းလင်းပြင် အပျက်အဆီးထဲရှိ ဒေသခံ မွန်းစတားများမှာ မသေမျိုးနှင့် ဝိညာဉ်အမျိုးအစား မွန်းစတားများသာ ဖြစ်သည်။ မကြာခင် အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတား (၁၀၀) နီးပါး အပြင် အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် မွန်းစတား (၁၀)ကောင်ကို တွေ့လိုက်ရသည်။ ယခုအခါ ပို၍ပင် ထိတ်လန့်လာကြသည်။

အင်ပါယာအဆင့် မွန်းစတား (၁၀၀) ကျော်နှင့် အင်မော်တယ် အဆင့် (၉) မွန်းစတား (၁,၀၀၀) ထိန်းချုပ်နိုင်သည့် လူတစ်ယောက်သည် သူတို့ အနိုင်ယူနိုင်စွမ်း ရှိသည့်အရာမျိုး မဟုတ်ပေ။

"စီနီယာ ငါတို့ (၅) ယောက်က သူတော်စင်တွေရဲ့ တမန်တော်တွေပါ။ မင်းရဲ့နယ်မြေထဲမှာ အမှားလုပ်မိရင် ခွင့်လွှတ်ပါ။ ငါတို့တွေ ချက်ချင်း ပြန်ထွက်သွားပါ့မယ်"

အင်ပါယာ ရွှေဝါရောင်အဆင့် သံတမန် တစ်ယောက်က တောင်းပန်စကား လှမ်းပြောလိုက်သည်။ သူသည် နတ်ဘုရားတစ်ပိုင်း အဆင့် စုံစမ်း ထောက်လှမ်းရေး ဓါတ်ကြွင်း ပိုင်ဆိုင်သည့်လူလည်း ဖြစ်သည်။

"ငါ မင်းတို့ကို လိုက်မရှာဘူး။ မင်းတို့ကသာ ငါ့အိမ်တံခါးကို လာခေါက်ပြီး ဒီထိတောင် ရောက်နေပြီဆိုတော့ နေကြပါဦး"

လင်းဟွမ်က သူကိုယ်သူ ကိုယ်ထင်မပြခဲ့သော်လည်း သူ့အသံက ကပ်ပါးမွန်းစတားများမှ တဆင့် ထွက်ပေါ်လာပြီး တမန်တော် (၅) ယောက်၏ နားထဲတွင် ကြည်လင်ပြတ်သားစွာ ကြားနေရသည်။

အမိန့် ပေးပြီးသည်နှင့် ရုပ်သေးရုပ်များသည် တိုက်ပွဲဝင်ဖွဲ့စည်းပုံ စတင်ပြင်ဆင်၍ ပြေးဝင် တိုက်ခိုက်ကြသည်။ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ရုပ်သေးရုပ်များ ပါဝင်မှုက တိုက်ပွဲဝင်ဖွဲ့စည်းပုံ၏ အစွမ်းကို မြင့်တင်ပေးနေသည်။ တစ်ကြိမ်တည်းနှင့် အင်ပါယာ ရွှေကြက်သွေးရောင်

အဆင့် (၁) တမန်တော်ကို အပိုင်သတ်နိုင်ရန် လိုအပ်သည်။

ကျန်သည့် (၄) ယောက်ကိုမူ အလစ်ချောင်း တိုက်ခိုက်ရန် ကြိုးစားနေကြသည်။

သို့သော်လည်း အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် တမန်တော် (၂) ယောက်သည် (၃) မိနစ်အတွင်း သေဆုံး သွားသည်။ ယခုအခါ အင်ပါယာ ရွှေဝါရောင်အဆင့် နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

"ကဲ... သွေးပူ လေ့ကျင့်ခန်းတော့ လုပ်ပြီးပြီ။ ကစားလိုက်ရအောင်...."

သွေးရဲရဲလေး၏အသံ ထွက်ပေါ်လာသည်။

ကပ်ပါးရုပ်သေးရုပ် တစ်ထောင်ကျော်က ၎င်းတို့၏ တိုက်ပွဲဝင်ဖွဲ့စည်းပုံကို ခဏလေးအတွင်း ပြောင်းလဲကာ အင်ပါယာ ရွှေကြက်သွေးအဆင့် ရုပ်သေး (၂၈) ကောင်ကို ထောက်တိုင်အဖြစ် ဖွဲ့စည်းပြီး တိုက်ခိုက်ရေး လက်တံ (၆) ခုပါသော ရောမ ရုပ်သေးရုပ် ဖွဲ့စည်းပုံ အဖြစ် ပြောင်းလဲလိုက်သည်။

ဤရောမ ဘီလူးကြီးသည် မီတာတစ်သောင်းမြင့်ပြီး လက်ဖဝါး တစ်ခုတည်းကပင် မီတာတစ်ထောင် ကျယ်ဝန်းသည်။ ရောမလက်ဖဝါးကြီးက အင်ပါယာ ရွှေဝါရောင်အဆင့် သံတမန်နှစ်ဦးထံ ဦးတည် တိုးဝင်သွားသည်။

ဖုန်း……

လက်ဝါး၏ ရိုက်ခတ်သံသည် စွံပလွံသီးကို ရိုက်ခွဲလိုက်သကဲ့သို့ ဖုန်းခနဲ မြည်သွားပြီး အချင်းဝက် ကီလိုမီတာ ရာပေါင်းများစွာရှိသော မြေပြင်ကို တုန်ခါသွားစေသည်။ မီတာထောင်ပေါင်းများစွာ မြင့်မားသော တောင်များသည် လက်ဖဝါး ရိုက်ချက်ကြောင်း ပြားကပ်သွားသည်။ ဒီတိုက်ခိုက်မှုကြောင့် သံတမန် နှစ်ဦးက သေဆုံးသွားခြင်း မရှိသော်လည်း ပြင်းထန်စွာ ဒဏ်ရာရသွားပြီး ပါးစပ်မှ သွေးများစီးကျနေသည်။

"လူခွဲ…"

တစ်ယောက်က တိုးတိုးလေး အော်ဟစ်လိုက်သည်။ ထို့နောက် ပုံရိပ်နှစ်ခုသည် မြေအောက်မှ ထွက်ပေါ်လာပြီး မတူညီသော အရပ်မျက်နှာနှစ်ခုသို့ လမ်းကြောင်းခွဲ၍ ထွက်ပြေးကြသည်။

"နေပါဦး...."

လက်ကြီးများက ဆန့်တန့်လာပြီး အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီး သူတို့နှစ်ယောက်ကို ဖမ်းဆီးရန် လက်ဖဝါးကြီးကို ဆန့်ထုတ်လိုက်သည်။

သူတို့၏ ခေါင်းပေါ်တွင် အနက်ရောင်အရိပ်တစ်ခု ပေါ်လာသည်။ နောက်ထပ် အခိုက်တန့်တွင် ကြီးမားသော

စွမ်းအင်တစ်ခုက ချုပ်နှောင်လာသဖြင့် မလှုပ်ရှား နိုင်တော့ချေ။

"သေစမ်း"

လက်ကြီး (၆) ဖက် ရောမဘီလူးကြီးက ပိတ်မိနေသော သူတို့နှစ်ယောက်ကို ရောမ လက်ဖဝါးကြီးနှစ်ဖက်နှင့် လက်ခုတ်ပိတ်တီး လိုက်သည်။ သူတို့ နှစ်ယောက်သည် နံရံနှစ်ခုနှင့် ဖိညှပ်ခံရသလို ခံစားလိုက်ရသည်။

ဤတိုက်ခိုက်မှုက သူတို့ခန္ဓာကိုယ်ထဲရှိ အရိုးတိုင်း နီးပါးကို ကျိုးသွားစေခဲ့ပြီး နောက်ဆက်တွဲ အကျိုးသက်ရောကြောင့် သူတို့ ခန္ဓာကိုယ်အတွင်းရှိ

ကိုယ်တွင်း အင်္ဂါတစ်ခုမှ အလုပ် မလုပ်တော့ချေ။ ဤတိုက်ခိုက်မှုကြောင့် သေလုနီးပါး ဖြစ်သွားသည်။

“မသေသေးဘူးလား…”

ထို့နောက် လက် (၆) ဖက် ရောမဘီလူးကြီးက သူတို့နှစ်ယောက်ကို မြေပေါ်ပစ်ပေါက်ပြီး လက်သီး (၆)ခြောက်လုံးနှင့် အဆက်မပြတ် ထိုးနှက်နေသည်။

တစ်ချက်…

နှစ်ချက်….

သုံးချက်…..

အဆက်မပြတ် ထိုးနှက်နေသော လက်သီးချက်များကြောင့် မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါနေသည်။

လင်းဟွမ်သည် တိုက်ပွဲကို စောင့်ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေသည်။ လက်သီးကြီး (၆) လုံးက တတိယမြောက်လက်သီး ထိုးချ လိုက်သည့်အချိန်တွင် သူတို့နှစ်ယောက်လုံး သေဆုံးနေပြီ ဖြစ်သော်လည်း ဆက်လက် ထိုးနှက်နေသောကြောင့် အလောင်းအား ဖျက်ဆီးနေသလို ဖြစ်နေသည်။

သွေးရဲရဲလေးသည် အချက် (၁၀၀) ခန့် ထိုးပြီးမှ ရပ်တန့်လိုက်သည်။ ထိုအချိန်တွင် အလောင်းနှစ်ခုက ပျော့ဖတ်ဖတ် အသားပုံကြီး ဖြစ်နေခဲ့ပြီ။

“သူတို့က အင်ပါယာရွှေဝါအဆင့် ဖြစ်နေလို့ ကပ်ပါးကူးစက်လို့ မရတာနဲ့ မဲပြီးထိုးနေတာ မဟုတ်လား.....”

လင်းဟွမ်က နှုတ်ခမ်းကို အနည်းငယ်မဲ့ပြီး ပြောလိုက်သည်။

လင်းဟွမ်က သူ့လုပ်ရပ်ကို ထုတ်ပြောလာသောကြောင့် သွေးရဲရဲလေးက ခပ်ရှက်ရှက် ဖြစ်နေသည်။

သွေးရဲရဲလေးက လက် (၆)ဖက် ရောမဘီလူးကြီးပုံစံ ဖွဲ့စည်းထားသည့် တိုက်ပွဲဝင်ဖွဲ့စည်းပုံကို ပြန်လည် ရုတ်သိမ်းရန် အမိန့်ပေးပြီးနောက် အင်ပါယာ (၅) ယောက်ထံမှ ပစ္စည်းများကိုယူပြီး လင်းဟွမ်ထံ လွှဲပြောင်းပေးလိုက်သည်။ ထို့နောက် အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် သံတမန်သုံးဦးကို ကပ်ပါး ကူးစက်ရန် စတင် လုပ်ဆောင်လိုက်သည်။

“သူတို့သုံးယောက်ကို မင်း သုံးလို့ရပေမယ့် အဝတ်အစားတွေ ပြောင်း၊ မျက်နှာပေါ်က လက်ဝါး ကပ်တိုင်ကို ဖယ်လိုက်အုံး။ ဒီလိုမဟုတ်ဘဲ

တစ်ယောက်ယောက် မြင်သွားရင် ငါတို့ဆီကို မလိုလားအပ်တဲ့ ပြဿနာတွေ သယ်ဆောင်လာလိမ့်မယ်"

လင်းဟွမ်က စကားပြောပြီးသည်နှင့် တဲ ပြန်ဆောက်လိုက်သည်။

"ဟုတ်ကဲ့၊ သခင်....."

# အခန်း(၈၄၃) - သုံးခုမြောက် အတုအယောင် ဒဏ္ဍာရီကတ်....

မနက် အာရုံမတက်ခင်၊ ကြွေလွင့် နတ်ဘုရားမြေထဲ၌......

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး နဖူးပေါ်တွင် လက်ဝါးကပ်တိုင် ပုံစံရှိသည့် လူတစ်ယောက်ရှေ့၌ မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာသော မီးတောက်တစ်ခုက တောက်ပစွာ လင်းထိန်လာသည်။ ခဏအကြာ အလင်းရောင်က လျင်မြန်စွာ မှိန်ဖျော့သွားသည်။

ဝတ်စုံဖြူ ဝတ်ထားသော မင်ကျီးသည် ရုတ်တရက် မျက်လုံးဖွင့်လိုက်သည်။

"ယွမ်ဖိန်နဲ့ လောလင်းတို့ သေသွားပြီလား၊ သူတို့ထဲမှာ သုံးယောက်ကလည်း အင်မော်တယ် ရွှေကြက်သွေးရောင် အဆင့်တွေပါ"

သူတို့ (၅) ယောက်မသေခင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တိုင်းက သူ့စိတ်ထဲတွင် ရှင်းရှင်းလင်းလင်း ပေါ်လာသည်။

"အမျိုးအစားမတူတဲ့ မွန်းစတား (၁,၀၀၀) ကျော်နဲ့ ဖွဲ့စည်းထားတဲ့ တိုက်ပွဲဝင်ပုံစံ။ စွမ်းရည်က အင်ပါယာ ရွှေဖြူရောင်အဆင့်နဲ့တောင် နီးစပ်နေပြီ"

မင်ကျီးသည် စိတ်ရှုပ်သွားပြီး မျက်မှောင်ကြုတ်နေသည်။

"ဒီမွန်းစတားတွေကို ထိန်းချုပ်ထားနေတဲ့လူ တစ်ယောက်တော့ ရှိရမယ်။ မွန်းစတား တစ်ထောင်ကျော် တပြိုင်နက် ထိန်းချုပ်နိုင်တဲ့လူက ဘယ်သူလဲ...."

အမှန်တကယ်ဆို မင်ကျီး တစ်ယောက်တည်း ဒါကို မြင်ခြင်းမဟုတ်ပေ။ အခြားသော သူတော်စင် တမန်တော်များလဲ ထိုအဖြစ်အပျက်ကို မြင်လိုက်ရပြီး ကြောက်လန့်သွားကြသည်။

သူတော်စင်အဖွဲ့က စုစုပေါင်း အင်ပါယာအဆင့် တမန်တော် (၁၀) ဦး စေလွှတ်ခဲ့ပြီး ယခုအခါ

တစ်ဝက်က အသတ်ခံခဲ့ရပြီ။ ထို့အပြင် အစမှအဆုံး တိုင်အောင် လူသတ်သမား၏ မျက်နှာကို မမြင်ခဲ့ရပေ။

ကြွေလွင့်နတ်ဘုရားမြေထဲသို့ စေလွှတ်ခြင်းခံရသည့် သူတော်စင် အဖွဲ့ဝင်များထဲမှ နံပါတ်တစ်တန်ခိုးရှင် ဖြစ်သည့် မင်ကျီးသည် သူ့လူ (၅) ယောက် သေသွားသည့် မြင်ကွင်းကို မြင်ခဲ့ရသော်လည်း လူသတ်သမား အကြောင်းနှင့်ပတ်သက်၍ သဲလွန်စ တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပေ။ ထိုလူက အစွမ်းထက်သော ထိန်းချုပ်သူ ဖြစ်သည့်အချက်မှလွဲ၍ သူတို့ အသတ်ခံရသည့်နေရာ စသည့် အချက်အလက်များနှင့်

ပတ်သက်၍ ဘာမှမသိရပေ။ လက်စား ချေချင်လျှင်ပင် ချေခွင့်မရှိချေ။

"အဲ့ဒီလူက အစွမ်းထက်တဲ့ ထိန်းချုပ်သူဆိုတာက လွဲရင် ဘာသဲလွန်စမှ မရှိဘူး။ ဒီသုံးလအတွင်းမှာ ဒီမွန်းစတားတွေကို ထိန်းချုပ်တဲ့ ကောင်နဲ့ တိုက်ခိုက်နိုင်မယ့် အခွင့်အရေးရမယ်လို့ မျှော်လင့်တယ်"

ထိုနေရာနှင့် ကီလိုမီတာ နှစ်သောင်းကျော် ဝေးကွာသည့်နေရာတွင် ရှိနေသော လင်းဟွမ်က သူတော်စင်အဖွဲ့ဝင်များ အသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်၍ ကျန်သည့် သူတော်စင်အဖွဲ့ဝင်များ သတင်းရသွားသည့် အကြောင်းကို မသိခဲ့ပေ။

သူ့အတွက်မူ သူတော်စင် အဖွဲ့ဝင် (၅) ယောက် သေဆုံးခြင်းက များစွာ ထိခိုက်ခြင်း မရှိပေ။ သေးငယ်သော ဆူးသင်း ခလုတ်လေးတစ်ခု ရှင်းပစ်ရုံမျှသာ....။

တစ်ပတ်မပြည့်ခင် သွေးရဲရဲလေးသည် အင်ပါယာ ရွှေနက်ရောင်အဆင့် ရုပ်သေးရုပ် (၁၅၀) ကျော် စုစည်းနိုင်ခဲ့သလို အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် ရုပ်သေး (၅၀) ကျော်လည်း စုဆောင်းနိုင်ခဲ့သည်။ ထိုကပ်ပါး မွန်းစတားများ ပါဝင်သည့် တိုက်ပွဲဝင် ဖွဲ့စည်းပုံက အင်ပါယာ ရွှေဖြူရောင်အဆင့် တန်ခိုးရှင်များနှင့်ပင် တိုက်ခိုက်နိုင် စွမ်းရှိနေသည်။

သို့သော်လဲ သွေးရဲရဲလေးသည် ဒါက ကပ်ပါးစစ်တပ် တိုက်ပွဲဖွဲ့စည်းပုံ၏ အကန့်အသတ် ဖြစ်ကြောင်း သိနေသည်။ တိုက်ပွဲဖွဲ့စည်းပုံ ကိုယ်တိုင်ကြောင့် မဟုတ်ဘဲ တိုက်ပွဲဝင် ဖွဲ့စည်းပုံ၏ ဗဟို ထောက်တိုင်ကြောင့်ပင် ။

အင်ပါယာ ရွှေဖြူရောင် အဆင့်များကို သတ်ဖြတ်နိုင်သည့် အဆင့် ရောက်ရှိရန် တိုက်ပွဲဝင်ဖွဲ့စည်းပုံ၏ ဗဟိုချက်တွင် အနည်းဆုံး အင်ပါယာ ရွှေဝါရောင်အဆင့် ရုပ်သေးရုပ် (၂၀) ခန့် ရှိရမည်။

သို့သော်လည်း သွေးရဲရဲလေး၏ လက်ရှိ တိုက်ခိုက်ရေးအဆင့်နှင့် အင်ပါယာ ရွှေဝါရောင်အဆင့် မွန်းစတားများကို ကပ်ပါးကူးစက်နိုင်ခြင်း လုံးဝ မရှိသေးချေ။

သွေးရဲရဲလေး၏ တိုက်ပွဲဝင်ဖွံ့စည်းပုံကို ထစ်ဆို့လု နီးပါး ဖြစ်နေသည့်အချိန်၌ ကိုင်လီ၏ တိုက်ပွဲဝင် ဖွဲ့စည်းပုံမှာ တဟုန်ထိုး မြင့်တက်လာခဲ့သည်။

ယခုလက်ရှိ သူမစစ်တပ်၏ သုံးပုံတစ်ပုံ ဖြစ်သော ကောင်းကင်တမန်တော် တရားသူကြီး ၁၂၀က သန္ဓေသုံးကြိမ် ပြောင်းသွားခဲ့သည်။ ထို့အပြင် သူတို့၏ တိုက်ခိုက်ရေးအဆင့်သည် အင်မော်တယ် အဆင့် (၈)

နှင့် အဆင့် (၉) အထိ မြင့်တက်လာသောကြောင့် တိုက်ပွဲဝင်ဖွဲ့စည်းပုံ၏ အစွမ်းသည် ကြွေလွှင့်နယ်မြေထဲ သူမ ဝင်ရောက်ခဲ့သည့် အချိန်ကထက်စာလျှင် များစွာ အစွမ်းထက်၍ အထင်ကြီးစရာ ကောင်းလာသည်။

ဤစစ်တပ်သည် အင်ပါယာအဆင့် ရွှေနက်ရောင်အဆင့် တန်ခိုးရှင်များကို သတ်ပစ်ရန် လုံလောက်နေသည်။

ယခု ရက်ပိုင်းအတွင်းတွင် လန်စန်လော့က သူ၏ အချိန်အများစုကို ဟိုဟိုဒီဒီ လျှောက်သွားရင်း ကုန်ဆုံးနေကြောင်း မြင်လိုက်လျှင် လင်းဟွမ် အံ့သြသင့်သွားသည်။ အကြောင်းမှု အမဲလိုက်ရသည့်

အခြေအနေက တင်းကြပ် လွန်းသောကြောင့်ပင် ။ သားကောင်များက ခါးတာအို မွန်းစတား ဖြစ်ရမည့်အပြင် တိုက်ခိုက်ရေး အဆင့်ကလည်း အင်မော်တယ် အဆင့် (၉) ဖြစ်ရမည်။ ထို့အပြင် သန္ဓေသုံးကြိမ်လည်း ပြောင်းထားရမည်။

ကြွေလွှင့်နတ်ဘုရားမြေ တစ်ခုလုံးတွင် ထိုအခြေအနေနှင့် ကိုက်ညီသော မွန်းစတားမှာ (၃၁) ကောင်သာရှိပြီး တစ်ကောင်နှင့်တစ်ကောင်က အလွန် အလှမ်းဝေးစွာ တည်ရှိနေသည်။ သို့သော်လည်း (၁၀) ရက်ကျော် ကြာမြင့်ပြီးနောက် လန်စန်လော့က သူ၏ ခါးကျေးကျွန် (၉) ယောက်လုံးကို သန္ဓေသုံးကြိမ်

ပြောင်းနိုင်ခဲ့သည်။ ထိုကဲ့သို့သွားသည့် လမ်းကြောင်း တစ်လျှောက်တွင် အလွန် အစွမ်းထက်သော မွန်းစတားများနှင့် ကြုံတွေ့ခဲ့ရပြီး လန်စန်လော့ ကိုယ်တိုင်ပင် အင်အားဖြည့် စစ်ကူအနေနှင့် ဝင် တိုက်ခိုက်ခဲ့ရသည်။

ထို့အပြင် အဆင့်မြင့်တင်မှုတွင် နှစ်ကြိမ်ကျရှုံးခဲ့ပြီး သားကောင်များကို ထပ်မံ ရှာဖွေခဲ့ရသည်။ အခက်အခဲအချို့ ရှိခဲ့သော်လည်း ဓါးကျေးကျွန် (၉) ယောက်လုံးကို အောင်မြင်စွာ အဆင့်မြှင့်တင်နိုင်ခဲ့သည်။

လန်စန်လော့သည် သူကိုယ်တိုင်ပင် မမျှော်လင့်ထားဘဲ ဓါးကျေးကျွန် (၉) ယောက်

သန္ဓေသုံးကြိမ် ပြောင်းလဲသွားသောအခါ အတုအယောင် ဒဏ္ဍာရီအဆင့်သို့ မြင့်တက်သွားခဲ့သည်။

လန်စန်လော့သည် လင်းဟွမ်၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီး တတိယမြောက် အတုအယောင် ဒဏ္ဍာရီအဆင့် မွန်းစတားကတ် ဖြစ်လာခဲ့သည်။

လန်စန်လော့သည် အတုအယောင် ဒဏ္ဍာရီအဆင့် မြင့်တက်သွားသည့် တိုင်အောင် စွမ်းရည် မြင့်တက်လာမှုကို မခံစားခဲ့ရပေ။ သို့သော်လည်း သူ၏ ခါးကျေးကျွန် ထိန်းချုပ်နိုင်စွမ်းမှာ မြင့်တက်လာခဲ့သည်။ ယခုအခါ ခါးကျေးကျွန် (၁၈) ယောက်အထိ ထိန်းချုပ်

လာနိုင်သဖြင့် ထိုအချိန်မှစ၍ ဓါးကျေးကျွန် အသစ်များ ရှာဖွေရင်း အလုပ်များနေခဲ့သည်။

"ဟင်းသီးဟင်းရွက် ကြိုက်တဲ့ ဒီကောင်လေးက အားလုံးထဲမှာ အစွမ်းအထက်ဆုံး ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားမိဘူး"

လင်းဟွမ်က စိတ်မထိန်းနိုင်ဘဲ ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"လန်စန်လော့က သူ့ရဲ့ ဓါးကျေးကျွန်တွေနဲ့ဆိုရင် အင်ပါယာ ရွှေကြြက်သွေးရောင်အဆင့်ကို သတ်နိုင်တဲ့ အရည်အချင်း ရှိတယ်။ ဒါပေမယ့် သခင်.... အလုံးစုံ

စွမ်းရည်အရ ပြောမယ်ဆိုရင် ငါက ဆရာကြီး ဖြစ်သင့်တယ်"

သွေးရဲရဲလေးက ယုံကြည်ချက်ရှိရှိ စကားပြင်ပေးသည်။

"အို...... မင်းနဲ့ မင်း စစ်တပ်ကို မေ့သွားလို့ပါ...."

လင်းဟွမ်သည် သွေးရဲရဲလေး၏ ရုပ်သေးစစ်တပ်က မရှုံးနိမ့်နိုင်လောက်အောင် အမှန်တကယ် အစွမ်းထက်ကြောင်း ပြန်သတိရသွားသည်။ ယခုအခါ၌ အင်ပါယာ ရွှေဖြူအဆင့် တန်ခိုးရှင်နှင့်ပင် ထိပ်တိုက် တိုက်ခိုက်နိုင်စွမ်း ရှိနေပြီ။ ဒါသည် အားနည်းသော

အတုအယောင် နတ်ဘုရားအဆင့် တန်ခိုးရှင်နှင့်ပင် ယှဉ်နိုင်သည်။

"ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်က ဒီထက် ပိုမြင့်လာပြီး အင်ပါယာ ရွှေနက်ရောင်အဆင့် ရောက်သွားမယ်ဆိုရင် အင်ပါယာ ရွှေဝါရောင်အဆင့် ရုပ်သေးရုပ်ကို ထိန်းချုပ်နိုင်လိမ့်မယ်။ အဲ့ဒီအချိန်ဆိုရင် အင်ပါယာ ရွှေဖြူရောင် အဆင့်ကိုတောင် သတ်ဖြတ်နိုင်မှာ"

သွေးရဲရဲလေးက ကြွားလုံးထုတ်နေခြင်း မဟုတ်ပေ။ သူ၏တိုက်ခိုက်ရေးအဆင့် မြင့်တက်လာသည်နှင့်အမျှ တိုက်ပွဲဝင် ဖွဲ့စည်းပုံ၏ အလုံးစွမ်းရည်ကလည်း အဆင့်တစ်ခုလုံး မြင့်တက်သွားလိမ့်မည်။

သွေးရဲရဲလေး၊ ကိုင်လီ၊ လန်စန်လော့တို့နှင့် ယှဉ်ပါက အခြားမွန်းစတား ကတ်များသည် ဤမျှ မတိုးတက်လာခဲ့ပေ။

နောက်ဆုံး၌ သူတို့၏ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ် အဆင့် (၉) မှာသာ ယခင်ကအတိုင်း ဆက်လက် တည်ရှိနေသည်။ ထိုထက် ပိုမြင့်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းလည်း မရှိပေ။ သူတို့၏ တိုက်ခိုက်ရေးအဆင့်ကို မပြောင်းလဲ နိုင်သောကြောင့် သူတို့၏စွမ်းရည်များကို မြှင့်တင်ခြင်းက သဘာဝတစ်ခုပင် ……

သူတို့ ရရှိနိုင်သည့် တစ်ခုတည်းသော တိုးတက်မှုမှာ တိုက်ပွဲအတွေ့အကြုံ ပိုမို ကြွယ်ဝလာခြင်းပင်။

လင်းဟွမ်သည် ပိုင်နှင့် ကျန်သည့်မွန်းစတားများကို စောင့်ကြည့်ခဲ့ပြီးနောက် ဒီဟင်းလင်ပြင် အပျက်အစီးထဲက ပြန်ထွက်သွားပါက သူ၏ အိမ်မွေး မွန်းစတားများအတွက် ပစ္စည်းအချို့ ဝယ်ပေးရန် စဉ်းစားနေခဲ့သည်။

အိမ်မွေးမွန်းစတား အသုံးအဆောင် ပစ္စည်းများက ဈေးကြီးပြီး လက်တွေ့ အသုံးမဝင်ဘူးဟု အမြဲတမ်း ထင်နေခဲ့သည်။ သို့သော် ရုပ်ဆိုးက ရုပ်သေးဓါတ်ကြွင်း ထိန်းချုပ်နေသည်ကို မြင်ပြီးနောက် ဆင့်ခေါ် မွန်းစတားများ၏ စွမ်းရည်သည် ၎င်းတို့၏

အသုံးအဆောင် ပစ္စည်းများနှင့် ဆက်စပ်နေကြောင်း သဘောပေါက်လိုက်သည်။

အစပိုင်းတွင် ရုပ်ဆိုးသည် ပိုင်နှင့်အတူ အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတားကို သတ်ဖြတ်သည့်အခါတိုင်း သူ၏ ဝှက်ဖဲများကို ထုတ်သုံးရသည်။

ရုပ်သေး ဓါတ်ကြွင်းနှင့်ဆိုလျှင် သတ်ဖြတ်ရရန် ပိုမို လွယ်ကူလာကြောင်း သိသာ ထင်ရှားနေသည်။ ရုပ်သေးရုပ်တစ်ခုက အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတားအားလုံးက ပေးလာသော ဖိအားကို လျော့ချပေးနိုင်သည်။

"ပိုင်ရဲ့ တိုက်ခိုက်ရေး အစွမ်းကို မြှင့်တင်ပေးဖို့အတွက် နတ်ဘုရားတစ်ပိုင်း ဓါးရှည် နှစ်လက် ဝယ်မယ်။ အာဏာရှင်ကိုတော့ သူရဲ့ စွမ်းရည်ကို အဆအနည်းငယ် မြှင့်တင်ပေးနိုင်တဲ့ တိုက်ခိုက်ရေးတူ ဒါမှမဟုတ် ပုဆိန် ဝယ်ပေးရမယ်။ အဲ့ဒါက မီးဂုဏ် သတ္တိလည်း ရှိရမယ်။ ချောကလက်လေးကိုတော့ မီးဂုဏ်သတ္တိ သလင်းကျောက်တွေ ဝယ်ပေးရမှာပဲ"

လင်းဟွမ်သည် တွေးတောပြီးနောက် စိတ်ထဲ၌ အစီအစဉ်များ ချမှတ်နေသည်။ သနားစရာ ကောင်းသည်မှာ သူ စုဆောင်းသော ငွေက

ဆင့်ခေါ်မွန်းစတားအားလုံးကို ပစ္စည်း ဝယ်ပေး နိုင်လောက်အောက် မချမ်းသာပေ။

အိမ်မွေး မွန်းစတားများ၏ အသုံးအဆောင် ပစ္စည်း အများစုသည် လူသုံးပစ္စည်းများထက် ပိုဈေးကြီးသည်။

## အခန်း(၈၄၄) - အစားထိုး ရွှေပုစဉ်း ရင်ကွဲ.....

ညဘက်တွင် လေထန်နေသည်။

 ဝမ်ရှီသည် ဦးခေါင်းပေါက်ကွဲသွားသော မွန်းစတား အလောင်း၏ ဘေးတွင် မတ်တပ်ရပ်နေသည်။ အင်ပါယာ နှလုံးသား လက်စွပ်ထဲမှ လက်ကိုင်ပုဝါတစ်ထည် ထုတ်ယူပြီး သွေးများ စွန်းထင်းနေသော လခြမ်းပုံစံ ဓါးကို သွေးစင်အောင် သုတ်လိုက်သည်။

လခြမ်းပုံစံဓါးသည် လခြမ်းပွဲနှင့်တူသည့် ဓါးကွေး တစ်မျိုးပင်......

အထူးသဖြင့် ဝမ်ရှီသည် ကြွေလွင့်နတ်ဘုရားမြေထဲ မဝင်ခင် အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကို စိတ်ကြိုက်ပြုလုပ်ခဲ့သည်။ ထိုအတွက် သူ စုဆောင်းထားသမျှ ငွေအားလုံးကို သုံးစွဲခဲ့ရသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းက ထိုက်တန်သည်ဟု သူထင်သည်။

ပြီးခဲ့သည့် ရက်ပိုင်းက ကိစ္စများစွာ ကြုံတွေ့ခဲ့ရပြီး သူ့စွမ်းရည်က ယခင်ကနှင့်မတူဘဲ မြင့်မားလာသည်ဟု ခံစားရသည်။ ဓါးကို သွေးစင်အောင် သုတ်ပြီးနောက် ဓါးကိုယ်ထည်က ငွေရောင် တောက်ပလာသည်။

အလောင်းကို သိမ်းပြီးနောက် လက်ကိုင်ပုဝါကို မြေပေါ်ပစ်ချကာ ထွက်သွားရန် လုပ်လိုက်သည်။ ထိုစဉ် ဝမ်ရှီသည် ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာ တုန်လှုပ်ချောက်ချားစရာ ကောင်းသည့် စွမ်းအင်လှိုင်း တစ်ခုကို ရုတ်တရက် ခံစားလိုက်ရသည်။

“ဒါ... အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် တန်ခိုးရှင်တွေကြားက တိုက်ပွဲပဲ...”

ခေါင်းမော့၍ စွမ်းအင် ပေါက်ကွဲထွက်လာသော နေရာသို့ လှမ်းမျှော်ကြည့်ရင်း တွေဝေသွားသည်။

ယခင်က ဤအဖြစ်အပျက်မျိုးနှင့် ကြုံပါက သေချာပေါက် ရှောင်သွားမိလိမ့်မည်။ အကြောင်းမှု သူက

လွန်ခဲ့သောနှစ်ဝက်ကမှ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်သို့ ရောက်လာခဲ့ခြင်းကြောင့်ပင် ။ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့်နှင့် တိုက်ခိုက်လျှင်ပင် အနိုင် ရနိုင်မည့် အခွင့်အရေးက နည်းပါးလွန်း၏။

ဝမ်ရှီသည် သူ့လက်ထဲက လခြမ်းကွေးဓါးကို စိုက်ကြည့်ရင်း ဆုံးဖြတ်ချက် ဒွိဟဖြစ်နေသည်။ နောက်ဆုံး၌ စိတ်အားထက်သန်လာပြီး မျက်လုံးများက စူးရှ တောက်ပလာသည်။

“ရဲမှ မင်း ဖြစ်တယ်။ အခုချိန် သူတို့နဲ့ တိုက်ခိုက် ရင်တောင် ငါ ရှုံးမှာမဟုတ်ဘူး…။ နောက်ပြီးတော့ သူတို့နှစ်ယောက်က တိုက်ခိုက်ထားလို့ ခြေကုန်လက်ပန်း

ကျနေလောက်ပြီ။ ပုန်းပြီးတော့ တိုက်ပွဲပြီးအောင် စောင့်ကြည့်ရမယ်။ ဟားဟား.... နောက်ဆုံးတော့ အကုန်လုံးက ငါ့အပိုင်ပဲ....”

ဝမ်ရှီသည် ထိုအတွေးကို တွေးပြီးနောက် လခြမ်းကွေးဓါးကို ပြန်သိမ်းလိုက်သည်။ ထို့နောက် လေထဲပျံဝဲပြီး စွမ်းအင်ထွက်ပေါ်လာသည့် နေရာသို့ လျင်မြန်စွာ ပျံသန်းသွားသည်။

သူက အနက်ရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသောကြောင့် ညကောင်းကင်တွင် မမြင်နိုင်ပေ။ သို့သော်လည်း သူ့အင်္ကျီအနောက်တွင် အဖြူရောင် စက်ဝိုင်းတစ်ခု ရှိသည်။ ထိုစက်ဝိုင်းထဲရှိ သစ်ကိုင်း

ပေါ်တွင် ခရမ်းရောင်ကျီးကန်း တစ်ကောင် မတ်တပ်ရပ်နေပြီး အခုပဲ ထပုံတော့မလို အသက်ဝင်လွန်း၏။

ထောင်ထားသော အကျီကော်လံက လေထဲ တလူလူလွင့်နေပြီး ကော်လံအတွင်း၌ လက်မအရွယ် ခရမ်းရောင် သတ္တုအပိုင်းအစတစ်ခု ရှိသည်။ ထိုသတ္တု အပိုင်းအစက ခရမ်းရောင် ကျီးကန်းပုံစံပင် ။

ဝမ်ရှီသည် ပေါက်ကွဲထွက်လာသော စွမ်းအင်လှိုင်းက ပြင်းထန်လာသည်ကို ခံစားမိလျှင် အရှိန်လျှော့ပြီး အောက်သို့ဆင်းသွားသည်။ နောက်ဆုံး၌ ကီလိုမီတာ

(၈၀၀) ခန့် ပျံသန်းပြီးနောက် တိုက်ခိုက်နေသော ပုံရိပ်နှစ်ခုကို တွေ့လိုက်ရသည်။

ဒါသည် ရွှေကြက်သွေးရောင် အဆင့် လူသား တစ်ယောက်နှင့် ရွှေကြက်သွေးရောင်အဆင့် မွန်းစတားတစ်ကောင်တို့ တိုက်ခိုက်နေခြင်းပင် ။

ထိုလူကို အနက်ရောင်ဝတ်ရုံရှည် ဖုံးအုပ်နေပြီး မည်သည့် အဖွဲ့အစည်းက ဆိုသည်ကို ခွဲခြားရန် ခက်လှ၏။ သူ၏လက်နက်မှာ ဓါးရှည်တစ်လက်ဖြစ်ပြီး ထူးခြားသော ဂုဏ်သတ္တိများ ရှိ၏။

သူ့ရှေ့ကပြိုင်ဘက်မှာ အမြီးကိုးချောင်း ရှိပြီး အဆိပ်ပြင်းသော မသေမျိုး မွန်းစတားဖြစ်သည့်

အမြီးကိုးချောင်း ကင်းမြီးကောက် ဖြစ်သည်။ ဤမွန်းစတားက ဒဏ်ရာရသည်နှင့် ချက်ချင်း ပြန်ကောင်းနိုင်သော အထူးစွမ်းရည် ရှိသည်။ ဤကဲ့သို့ မွန်းစတားတစ်ကောင်ကို သတ်ပစ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ၎င်း၏နှလုံးသားကို ဖျက်ဆီးပစ်ရမည်။

အနက်ရောင် ဝတ်ဆင်ထားသော လူကလည်း ထိုအချက်ကို သတိထားမိပုံရပြီး မွန်းစတား၏နှလုံးကို ရည်ရွယ်ကာ တိုက်ခိုက်နေသည်။

ကံဆိုးသည်မှာ မွန်းစတားက အဆုံးမရှိ ခုခံကာကွယ်နေသည်။ လူနှင့်မွန်းစတား နှစ်ယောက်လုံးသည်

အစွမ်းထက်သော စွမ်းရည်များ ပိုင်ဆိုင်ထားကြပြီး လက်ရည်ညီနေကြသည်။

ဝမ်ရှီသည် သူနှင့် ရှေးခေတ် ရွှေကြက်သွေးရောင် တန်ခိုးရှင်များကြားက ကွာခြားချက်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားသည်။ သူ၏ လခြမ်းကွေးဓါးနှင့်ပင် အနည်းငယ် နိမ့်ကျနေသေးသည်။

သို့သော်လည်း ထွက်ခွာရန် အစီအစဉ်မရှိပေ။ ထိုအစား ကီလိုမီတာ အနည်းငယ်ဝေးသော ခြုံပုတ်ထဲတွင် ဝင်ပုန်းပြီး သူ၏ကိုယ်ရောင်ကိုယ်ဝါကို တတ်နိုင်သမျှ ဖုံးကွယ်ထားလိုက်သည်။

တိုက်ပွဲ ဆက်လက် တိုက်ခိုက်နေပြီး (၁၀) မိနစ်ခန့် ကြာသောအခါ ဝတ်စုံနက် ဝတ်ဆင်ထားသော အမျိုးသားက ရုတ်တရက် အရှုံးဘက် ရောက်သွားသည်။

"ဘာဖြစ်တာလဲ... အဆိပ်သင့်တာလား..."

ဝမ်ရှီ ဇဝေဇဝါ ဖြစ်နေသည့် အချိန်မှာပင် အနက်ရောင် ဝတ်ဆင်ထားသောလူက အလျင်အမြန် နောက်ဆုတ်လာသည်။ သူ ပုန်းနေသောနေရာသို့ ဦးတည်ပြီး နောက်ဆုတ်လာခြင်းသာ....

"ငါလိုး....."

ဝမ်ရှီသည် ထိုလူက သူ့ကို သတိထားမိသည်ဟု မထင်ထားခဲ့ချေ။

အနက်ရောင် ဝတ်ထားသောလူက အဆိပ်မိပြီး ထွက်ပြေးနေသည်ဟု ထင်နေသော်လည်း သူပုန်းနေသည့် နေရာကို တန်းတန်းမတ်မတ် ပြေးချလာသည်။

အမြီးကိုးချောင်း ကင်းမြီးကောက်ကလည်း အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူ ပြေးသွားသည်နှင့် နောက်မှ တစ်ပါးတည်း ပြေးလိုက်လာသည်။ သို့သော်လည်း အနက်ရောင် ဝတ်ဆင်ထားသောလူက ပြန်ပြီး တိုက်ခိုက်ရမည့်အစား မွန်းစတား၏ တိုက်ခိုက်မှုကို ရှောင်တိမ်းကာ အခြား တစ်ဖက်သို့ ထွက်ပြေးသွားသည်။

ကင်းမြီးကောက်၏အမြီးက လေထဲတွင် အဆက်မပြတ် ဝှေ့ယမ်းနေပြီး မြေပြင်နှင့် ထိမှန်ကာ တွင်းပေါက်များ အဆက်မပြတ် ဖြစ်ပေါ်နေသည်။

အနက်ရောင် ဝတ်ဆင်ထားသောလူသည် တိုက်ခိုက်မှုတစ်ခု ထိမှန်ပြီး ဝမ်ရှီ ပုန်းနေသည့်နေရာသို့ တန်းတန်းမတ်မတ် လွင့်ထွက်လာသည်။

ဝမ်ရှီတစ်ယောက် ကူကယ်ရာမဲ့ သွားပြီး တိုက်ခိုက်မှုနှင့် မထိမိစေရန် ချက်ချင်း နောက်ပြန်ဆုတ်လိုက်သည်။ ဝမ်းရှီသည် အမြီးကိုးချောင်း ကင်းမြီးကောက်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့သော်လည်း ပုန်းနေရာမှ ပေါ်သွားခဲ့သည်။

"ညီအစ်ကို... နောက်ဆုံးတော့ မင်း ဒီရောက်လာပြီပဲ..."

ဝတ်စုံနက် ဝတ်ဆင်ထားသောလူက ဝမ်ရှီကို ရုတ်တရက် လှမ်းအော်လိုက်သည်။

"မြန်မြန်လေး ငါ့ကိုကူညီပါ။ ဒီမွန်းစတားကို အတူတူ တိုက်ခိုက်ရအောင်..."

အမြီးကိုးချောင်း ကင်းမြီးကောက်သည် ထိုစကားကို ကြားလိုက်လျှင် ဝမ်ရှီကို ချက်ချင်း တိုက်ခိုက်တော့သည်။

ဝမ်ရှီသည် ခေတ္တမျှ အူကြောင်ကြောင် ဖြစ်သွားသော်လည်း ချက်ချင်း သတိပြန်ဝင်လာသည်။

အမြီးကိုးချောင်း ကင်းမြီးကောက်က သူ့ကို ဝတ်စုံနက် ဝတ်ဆင်ထားသောလူ၏ အဖော်ဟုထင်ကာ အလွတ် မပေးတော့ချေ။ ဝတ်စုံနက် ဝင်ဆင်ထားသောလူကဲ့သို့ သဘောထားပြီး တိုက်ခိုက်နေသည်။

"မင်းက အကျိုးအမြတ် ရိတ်သိမ်းဖို့ ဒီမှာ ပုန်းနေတယ်ဆိုတာ ငါသိတယ်... ဒါပေမယ့် အခုတော့ မင်းလည်း လွတ်မြောက်စရာအကြောင်း မရှိတော့ဘူး..."

ဝတ်စုံနက် ဝတ်ဆင်ထားသောလူက အသံပို့လွှတ်ပြီး ပြောလာသည်။

"အတူတူ ပေါင်းသတ်ပြီး ဆုတစ်ဝက်ယူမှာလား... ဒီလိုမှမဟုတ် ငါ့အစီအစဉ်ကို သဘောမတူလို့ ငါ နောက်ပြန် ဆုတ်သွားရင် မင်း ဘာမှမရတော့ဘူး"

"ရတယ်... အတူတူ သတ်မယ်..."

ဝမ်ရှီက သဘောတူလိုက်သော်လည်း သူ့ခေါင်းထဲတွင် အစီအစဉ် နောက်တစ်ခု ရှိနေသေးသည်။

'ဘာပဲဖြစ်ဖြစ် မင်းက အဆိပ်မိသွားပြီ။ ဒီမွန်းစတားကို အတူတူ သတ်မယ်။ ပြီးမှ မင်းကို သတ်မယ်...'

စိတ်ထဲမှ တွေးလိုက်သည်။

"မင်းက သူ့အမြီးကိုထိန်းထား။ ငါက နည်းလမ်းရှာပြီး သူ့နှလုံးကို တိုက်ခိုက်မယ်"

ဝတ်စုံနက် ဝတ်ဆင်ထားသော လူက အစီအစဉ်တစ်ခုကို ချက်ချင်း ထုတ်ပြောလာသည်။

"ဘာဖြစ်လို့ မင်းက အမြီးမထိန်းတာလဲ..."

ဝမ်ရှီ အနည်းငယ် တုံ့ဆိုင်းသွားသည်။

"မင်းရဲ့လခြမ်းကွေးဓါးက အဝေး တိုက်ခိုက်တဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ သင့်တော်တယ်။ ငါ့ဓါးက ပစ်မှတ်ကို ဦးတည်ပြီး တိုက်ခိုက်တဲ့နေရာမှာ ပိုသင့်တော်တယ်"

ဝမ်ရှီသည် ဝတ်စုံနက် ဝတ်ဆင်ထားသောလူ၏ စကားကို ပြန်ချေပရန် စကားမရှိပေ။

လခြမ်းကွေးအား ရွေးချယ်ရသည့် အကြောင်းအရင်းမှာ အစွမ်းထက်သော ဖြတ်တောက်နိုင်စွမ်း ရှိသောကြောင့် ဖြစ်ပြီး ဤကဲ့သို့ လက်နက်များက ခုခံကာကွယ်မှု အပိုင်းတွင် အမှန်တကယ် သင့်တော်နေသည်။

ဝမ်ရှီတစ်ယောက် ချီတုံချတုန် ဖြစ်နေသည့်အချိန်၌ အမြီးကိုးချောင်း ကင်းမြီးကောက်က သူ့ထံပြေးဝင်လာပြီး တိုက်ခိုက်လာသည်။

ဝမ်ရှီသည် ကြာပွတ်ကဲ့သို့ ရိုက်ခတ်လိုက်သော အမြီးရိုက်ချက်ကို ပိတ်ဆို့ပြီးနောက် ဝတ်စုံနက်

ဝတ်ဆင်ထားသောလူကို ဘယ်လိုလုပ်ရင် ကောင်းမလဲဟု စဉ်းစားနေစဉ် သူ့နောက်ကျောမှ ဝင်လာသော ခြိမ်းခြောက်မှုတစ်ခုကို အာရုံခံလိုက်မိသည်။ ရှောင်တိမ်းချင်သော်လည်း အမြီးကိုးချောင်း ကင်းမြီးကောက်၏ အမြီးက သူ့ရှေ့သို့ ပြေးဝင်လာသောကြောင့် ပြေးစရာမြေ မရှိတောချေ။

နောက်ထပ် တစ်စက္ကန့်တွင် ငွေရောင် အလင်းတန်းတစ်ခုက သူ့ရင်ဘတ် ဘယ်ဘက်ခြမ်းထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

အသိစိတ် လွတ်ခါနီးတွင် အသံတစ်ခုကို ကြားလိုက်ရသည်။

"တောင်းပန်ပါတယ်... ငါ အဆိပ် လုံးဝမမိဘူး။ အမြီးကိုးချောင်း ကင်းမြီးကောက်နဲ့ အေးအေးဆေးဆေး တိုက်ခိုက်လို့ရအောင် မင်းကို အရင်အဆုံး သတ်ချင်လို့ ဟန်ဆောင်ခဲ့တာပဲ..."

အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားသောလူသည် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်ကို သတ်ပြီးနောက် ခန္ဓာကိုယ်ကိုပင် တစ်ချက်မျှ လှည့်မကြည့်ဘဲ အမြီးကိုးချောင်း ကင်းမြီးကောက်နှင့် ဆက်လက် တိုက်ခိုက်နေခဲ့သည်။

နာရီဝက်ခန့် ကြာပြီးနောက် ဤတိုက်ပွဲမြေပြင်တွင် အမြီးကိုးချောင်း ကင်းမြီးကောက်က ဒုတိယမြောက် သေဆုံးသူ ဖြစ်သွားသည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူက ခေါင်းစွပ်ကိုဆွဲချွတ်ပြီး ဝမ်ရှီ၏ လခြမ်းကွေးဓါးကို ကောက်ယူလိုက်သည်။ ထို့နောက် သူ့မျက်နှာက ဝမ်ရှီပုံစံ ချက်ချင်း ပြောင်းသွားသည်။

ထိုနေရာနှင့် ကီလိုမီတာ တစ်ထောင်ဝေးကွာသော နေရာတွင် တိုက်ပွဲရလဒ်ကို စောင့်ကြည့်နေသော လင်းဟွမ်က ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။

“မကောင်းဆိုးဝါး လွှမ်းမိုးသူရဲ့ စွမ်းဆောင်ရည်က အညံ့ကြီးတော့ မဟုတ်ဘူးပဲ... ပြီးခဲ့တဲ့နှစ်ရက်က အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် မွန်းစတားနဲ့ အင်ပါယာ ရွှေဝါရောင်အဆင့် မွန်းစတားတွေကို သတ်ဖို့အတွက် သွေးရဲရဲလေးရဲ့ အကူအညီကို ယူခဲ့ရတယ်။ အခုတော့ ရွှေကြက်သွေးရောင် အဆင့်ကိုတောင် သတ်နိုင်စွမ်း ရှိနေပြီ။ သူ့ရဲ့ ဝှက်ဖဲတွေကို ထုတ်သုံးမယ်ဆိုရင် အင်ပါယာ ရွှေဝါရောင်အဆင့်တွေကိုတောင် သတ်နိုင်လိမ့်မယ်...”

လင်းဟွမ်က ပြောလိုက်သည်။

"ကံဆိုးတာက အစားထိုး ရွှေပုစဉ်းရင်ကွဲက လူသားတွေကိုပဲ အစားထိုးလို့ ရတာ။ ဒီလိုမှမဟုတ်ရင် အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်ရှိတဲ့ မွန်းစတား(၁၀) ကောင်လောက် အစားထိုးလိုက်ရမှာ။ မကောင်းဆိုးဝါး လွှမ်းမိုးသူရဲ့ သွေးအစားထိုးခြင်း စွမ်းရည်က အရေအတွက် အကန့်အသတ် မရှိပေမယ့် အချိန်အကန့်အသတ် ရှိနေတယ်။ သူ့စွမ်းရည်နှစ်ခုမှာ အားနည်းချက်ကိုယ်စီ ရှိနေတာပဲ"

သွေးရဲရဲလေးက မှတ်ချက် ပေးလိုက်သည်။

လင်းဟွမ်သည် မည်သည့်စကားမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။

မကောင်းဆိုးဝါး လွှမ်းမိုးသူ၏ စွမ်းရည်နှစ်ခုထဲတွင် အားနည်းချက် ကိုယ်စီရှိသော်လည်း မယုံကြည်စရာ ကောင်းနေသေးသည်။

လင်းဟွမ်တွင်လည်း ထိုစွမ်းရည်နှစ်ခုလုံး ရှိနေပြီး သူ၏ သွေးအစားထိုးခြင်း စွမ်းရည်က မကောင်းဆိုးဝါး လွှမ်းမိုးသူနှင့် အတူတူပင်။

သို့သော်လည်း ထိုအချိန်က ရှောင်ဖိန်က မကောင်းဆိုးဝါး လွှမ်းမိုးသူ ခန္ဓာကိုယ်ထဲက ရွှေပုစဉ်းရင်ကွဲ ထုတ်ယူခဲ့သည်။ ဒါသည် တစ်နေ့လျှင် သုံးကြိမ်သာ အသုံးပြုနိုင်သော အဆင့်နိမ့်ပုံစံ ဖြစ်သည်။

ထိုအချိန်က လင်းဟွမ်သည် အစားထိုးခြင်း စွမ်းရည်ကို အမှန်တကယ် ဂရုမစိုက်ခဲ့ပေ။ နောက်ဆုံး၌ ဒါသည် အနိုင်ယူရန် ခက်ခဲသည့်ပုံမရှိဘဲ နတ်ဆိုးဝိညာဉ်ကို အကြိမ်အရေအတွက် နည်းနည်းလေးသာ ပိုပြီး သတ်ဖြတ်ခဲ့ရသည်။ ထို့ကြောင့် သွေးအစားထိုးခြင်း စွမ်းရည်က အစွမ်းမထက်နိုင်ဘူးဟု ယူဆခဲ့သည်။

သို့သော်လည်း မကောင်းဆိုးဝါး လွှမ်းမိုသူ၏စွမ်းရည် မြင့်မားလာသည်နှင့်အမျှ စွမ်းရည်ကလည်း ကြောက်စရာ ကောင်းလာပုံရသည်။

အင်မော်တယ် အဆင့် (၉) ရောက်နေသော မကောင်းဆိုးဝါး လွှမ်းမိုးသူက အင်ပါယာရောင်အဆင့်ကို

သွေးအစားထိုးခြင်း လုပ်ပါက သူ၏ တိုက်ခိုက်ရေးအဆင့်သည် အင်ပါယာ ရွှေဝါရောင် အဆင့်အထိ မြင့်တက်သွားသည်။ သူ၏ တိုက်ခိုက်ရေး အစွမ်းကလည်း အဆပေါင်းများစွာ မြင့်တက်လာသည်။

"အခုလက်ရှိ ငါ့ရဲ့ခန္ဓာကိုယ် ဖွဲ့စည်းပုံကို ကြည့်ရရင် ရွှေဝါရောင်အဆင့်က ငါ အတင်းအကျပ် မြှင့်တင်လို့ရတဲ့ အမြင့်ဆုံးအဆင့်ပဲ။ ခန္ဓာကိုယ်က ဒီလောက်ပဲ ခံနိုင်ရည် ရှိတယ်။ နောက်ပြီးတော့ ရွှေပုစဉ်းရင်ကွဲ သွေးအစားထိုးမှုက အမွေဆက်ခံမှု မှတ်ဉာဏ်နဲ့ စွမ်းရည်တွေကို အပြည့်အဝ ကူးယူနိုင်တယ်"

လင်းဟွမ်၏ ခေါင်းထဲတွင် စိတ်ကူး အသစ်တစ်ခု ပေါ်လာသည်။

"သွေးရဲရဲလေး... ငါ့အတွက် မြေအောက် အဖွဲ့အစည်းတွေထဲက အင်ပါယာ ရွှေကြက်သွေးရောင် ခါးသမားတချို့ ရှာပေးပါဦး။ သူတို့ထဲက တချို့ကို လိုချင်တယ်... ရွှေနက်ရောင်အဆင့် ခါးကျင့်ကြံရေး သမားဆို ပိုကောင်းတယ်..."

(ဘာသာသူ မှတ်ချက် - သွေးအစားထိုးခြင်း အကြောင်းနဲ့ နတ်ဆိုးဝိညာဉ် (မကောင်းဆိုးဝါး လွှမ်းမိုးသူ) အကြောင်း အသေးစိတ်သိချင်ပါက အခန်း (၇၆၉) မှာ ပြန်ဖတ်ကြည့်ပါ)

# အခန်း(၈၄၅) - ငါ ဘာမှ မလုပ်ခဲ့ဘူးနော်......

လွန်ခဲ့သော တစ်လခွဲခန့်က.....

ဟန်ကျင်းသည် ကြွေလွင့် နတ်ဘုရားမြေထဲ ဝင်လာပြီးကတည်းက သူ့ခရီးစဉ်သည် အဆင်ပြေ ချောမွေ့နေခဲ့သည်။

မင်းဆက်၏ မြို့စားတစ်ယောက် အနေနှင့် အခြားအဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် သူ့ အမဲလိုက်သော မွန်းစတားများကိုပင် ရှောင်ပေးကြသည်။

သူ၏ တိုက်ခိုက်ရေးအဆင့်မှာ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်သာ ရှိသော်လည်း သူ၏ နောက်ခံ အသိုင်းအဝိုင်းမှာ မင်းဆက်မှဖြစ်ပြီး အင်ပါယာအဆင့် မြို့စားအယောက် (၂၀) ထဲတွင် အငယ်ဆုံး ဖြစ်သည်။ သို့သော်လည်း အင်ပါယာ ရွှေဝါရောင်အဆင့် လူအချို့ပင် သားကောင်အတွက် သူ့ကို စိန်မခေါ်ရဲကြပေ။

တစ်ခါက မုဆိုးအဖွဲ့အစည်းမှ အင်ပါယာ ရွှေဝါရောင် အဆင့်နှင့် တွေ့ဆုံခဲ့သော်လည်း ထိုလူက သူ့ကို မတိုက်ခိုက်ခဲ့ပေ။

"ဒီကြွေလွှင့် နတ်ဘုရားမြေက အံ့သြစရာကောင်းတဲ့ နေရာပဲ။ ပြီးခဲ့တဲ့ရက် (၂၀) အတွင်းမှာ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် မွန်းစတား (၂၀) ကျော် ငါသတ်ခဲ့ပြီးပြီ။ အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတားက (၁၀၀)ကျော်.. ဒီမွန်းစတား အလောင်း အားလုံးကို ရောင်းရုံနဲ့ ကံကြမ္မာသလင်းကျောက် ဆယ်ဘီလီယံလောက်ကတော့ သာသာ ယာယာလေး ရတယ်။ အပိုဆုကြေးပါ ပေါင်းလိုက်ရင် အနည်းဆုံး ဘီလီယံ ရာနဲ့ချီပြီး ရလိမ့်မယ်.."

ဟန်ကျင်းက သိုလှောင်လက်စွပ်ထဲတွင် သိမ်းထားသော အလောင်းများကိုကြည့်ပြီး အနာဂတ်ကို စိတ်ကူးယဉ်ကာ ပြုံးလိုက်သည်။

သူ့ဘေးနားတွင် အလောင်းတစ်လောင်း ပက်လက်လန် လဲနေပြီး အကျီကော်လံပေါ်တွင် ခရမ်းရောင် ကျီးကန်းတံဆိပ် ပါရှိသည်။ မြေအောက်အဖွဲ့အစည်း တစ်ခု၏ အဓိက အဖွဲ့ဝင်တစ်ယောက် အနေနှင့် သူ၏ အဓိက ရည်ရွယ်ချက်မှာ မွန်းစတားများကို နေ့တိုင်း သတ်ဖြတ်ရန် ဖြစ်သော်လည်း ဟန်ကျင်းသည် အခြားအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့သည့်အခါ

တစ်ခါမှ အလွတ်မပေးခဲ့ပေ။ ပါရမီရှင်သမဂ္ဂမှ အဖွဲ့ဝင်ဖြစ်စေ၊ မြေအောက်လောကမှ အဖွဲ့ဝင်ဖြစ်စေ သူအနိုင်ယူနိုင်ပါက အားလုံးကို သတ်ဖြတ်ခဲ့သည်သာ.....

သူ့ ခြေအောက်တွင်ရှိနေသော အလောင်းသည် ဟန်ကျင်း ကြွေလွင့်နတ်ဘုရားမြေထဲ စရောက်ပြီး ကတည်းက သတ်ဖြတ်ခဲ့သည့် ငါးယောက်မြောက် ရွှေနက်ရောင်အဆင့် လူတစ်ယောက်ပင် ။

လွန်ခဲ့သောသုံးရက်က မွန်းစတား တစ်ကောင်နှင့် တိုက်ခိုက်ပြီး အားကုန်မောပန်းနေသည့် ပြည်ထောင်စု အစိုးရမှ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် တန်ခိုးရှင် တစ်ယောက်ကို တိုက်ခိုက်ခဲ့သည်။

နောက်ဆုံး၌ သူက ထိုတန်ခိုးရှင်ကို သတ်ပစ်ခဲ့သည်။ ထုံးစံအတိုင်း ထိုလူ၏ အင်ပါယာနှလုံးသား လက်စွပ်ထဲက အရာအားလုံးသည် သူ့အပိုင် ဖြစ်လာခဲ့သည်။

"ဒီလူရဲ့ ခန္ဓာကိုယ်ကို ရုပ်သေးရုပ် လုပ်မယ့် လူတွေဆီရောင်းလိုက်ရင် ဘီလီယံ ရာနဲ့ချီရပြီး ထပ်ရအုံးမှာ...."

ဟုန်ကျင်းသည် ခန္ဓာကိုယ်ပေါ်ရှိ ပစ္စည်းများကို ရှာဖွေပြီးနောက် ထွက်သွားရန် လုပ်လိုက်သည်။

မင်းဆက်မှ အဖွဲ့ဝင် တစ်ယောက်အနေဖြင့် ဤကဲ့သို့ စီးပွားရေးမျိုးကို မကြာခဏ လုပ်တတ်သည်။ အဝတ်

မပါသောအလောင်း ဖြစ်နေလျှင်ပင် တတ်နိုင်သမျှ အလောင်းကိုယူပြီး ရောင်းချတတ်သည်။

အမှန်တကယ်ဆို အဖွဲ့အစည်းအားလုံးသည် အလောင်းအားလုံးကို ပြန်လည် အသုံးပြုတတ်ကြသည်။ ဒါကို ဖုံးကွယ်ထားခြင်းသာ .....

တိုက်ခိုက်ရေးအဆင့် မြင့်မားသော လူသေအလောင်းမှာ အနည်းငယ်သာ ရှိသောကြောင့် ရောင်းချသည့် ဈေးနှုန်းမှာ အဆင့်တူ မွန်းစတားများထက် အဆပေါင်းများစွာ ပိုမြင့်မားသည်။

လင်းဟွမ်သည် သူသတ်ခဲ့သော လူသေများထံမှ အရာအားလုံးကို ယူဆောင်သွားလေ့ ရှိသော်လည်း အလောင်းများကို တစ်ခါမှ မရောင်းချခဲ့ပေ။

"ဒီလူက ဘယ်သူလဲ.."

ဟန်ကျင်းသည် အလောင်းသိမ်းပြီး ထွက်သွားရန် လုပ်လိုက်ပြီးမှ ရုတ်တရက် ခေါင်းမော့ကာ တစ်နေရာသို့ လှမ်းကြည့်လိုက်သည်။

အနက်ရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသား တစ်ယောက်က လမ်းလျှောက်လာနေပြီး သူ့အင်္ကျီကော်လံပေါ်တွင် ခရမ်းရောင်ကြိုးကန်း တံဆိပ် ရှိနေသည်။

ဟန်ကျင်းသည် ထိုလူ၏ ဝတ်စားဆင်ယင်မှုကိုမြင်လျှင် ခေတ္တမျှ အံ့အားသင့်သွားသည်။ နောက်ဆုံး၌ သူ သတ်ပစ်ခဲ့သော အင်ပါယာ ရွှေနက်ရောင်အဆင့် တန်ခိုးရှင်မှာ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းမှ ဖြစ်နေသည်။ ယခုမူ အဖွဲ့အစည်းတစ်ခုတည်းထဲမှ လူ ရောက်လာပြီး သူ့ကို လက်ပူးလက်ကြပ် ဖမ်းမိသွားခဲ့ပြီ။

သို့သော်လည်း ထိုလူက အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်ဖြစ်ပြီး သူနှင့် တိုက်ခိုက်ရေး အဆင့်တူနေကြောင်း သိလိုက်မှ အနည်းငယ် စိတ်အေးသွားသည်။

"ညီအစ်ကို.. သူငါ့ကို အရင်ဆုံး တိုက်ခိုက်လို့ ငါ သတ်လိုက်ရတာ.."

ဟန်ကျင်းက ဘာမှမဖြစ်ခင် စကားကို ဗလောင်းဗလဲ ပြောလိုက်သည်။

"တကယ်လား.. မင်းက သမဂ္ဂအဖွဲ့အစည်း တစ်ခုခုကဆိုရင် ငါ ယုံဦးမယ်.."

အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသားက ဟန်ကျင်းထံ ဖြည်းဖြည်းချင်း လျှောက်လာနေရင်း ပြောလိုက်သည်။

သူ့စကားက ယုံရခက်ကြောင်း ဟန်ကျင်းသိသည်။ မင်းဆက်သည် အဖွဲ့ခွဲ (၃) တွင် နံပါတ်တစ်

အဖွဲ့အစည်းဟု ခေါ်ဆိုထိုက်သော်လည်း အခြား အဖွဲ့အစည်းများနှင့် ပြဿနာ မဖြစ်စေချင်ပေ။

အကယ်၍ အင်ပါယာ ရွှေဝါရောင်အဆင့် ခရမ်းရောင်ကြိုးကန်း အဖွဲ့ဝင်တစ်ယောက်က သူ့ကို တိုက်ခိုက်လာမည် ဆိုလျှင် ဟန်ကျင်းက ပြန်၍ တိုက်ခိုက်နိုင်တော့မည် မဟုတ်ချေ။

"မင်း ဘာလုပ်ချင်လဲ။ လက်စားချေချင်တာလား.."

ဟန်ကျင်းသည် အနည်းငယ် သတိ ထားနေသော်လည်း ထိုလူက သူ့ကို တိုက်ခိုက်ရန် မဖြစ်နိုင်ဘူးဟု ထင်နေသေးသည်။

"ဘာဖြစ်လို့ အဲ့ဒီလို လုပ်ရမှာလဲ။ ငါက ဒီကောင်နဲ့ မရင်းနှီးဘူး.."

အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသားက ပြုံးပြီး ခေါင်းခါလိုက်သည်။

"သူက ငါနဲ့ တစ်ဖွဲ့တည်းဆိုတော့ အကျိုးအမြတ် ငါးဆယ် - ငါးဆယ် ခွဲလိုက်ရအောင်.."

"တောင်းရဲလှချည်လား..... မင်းကိုယ်မင်း ဘာကောင် ထင်နေတာလဲ.... ငါသူ့ကို သတ်ခဲ့ကွ။ မင်း ဘာမှ မလုပ်ဘဲနဲ့ အမြတ်တစ်ဝက် လာခွဲနေတာလား.."

ဟန်ကျင်းက အထင်အမြင်သေးစွာ အော်ဟစ်လိုက်သည်။ ထိုလူတွင် သူ့ကို တိုက်ခိုက်ရန်

အစီအစဉ် မရှိကြောင်း ရှင်းနေသဖြင့် ကြောက်စရာ မလိုပေ။

"တကယ်လို့ ငါ ထွက်သွားရင် ငါ့ကို တားမယ်လို့ မပြောနဲ့နော်.."

"မင်းကို မတားပါဘူး။ ဒါပေမယ့် ပြောလိုက်အုံးမယ်.. .."

အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသောလူက ဆက်ပြုံးနေပြီး

"မင်း သတ်ခဲ့တဲ့လူရဲ့ အဖေက နတ်ဘုရားတစ်ပိုင်း၊ သူ့အစ်ကိုလည်း ဒီအထဲ ရောက်နေတယ်။ သူက အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်….။ ငါ

သူတို့ကို မင်းသတ်ခဲ့တဲ့အကြောင်း ပြောလိုက်ရင် ဒီကြွေလွင့် နတ်ဘုရားမြေထဲကနေ မင်း လမ်းလျှောက်ပြီး ထွက်သွားနိုင်မှပဲ ထူးဆန်းလိမ့်မယ်။ မင်းက ဒီနှစ်လမှာ အသက်ရှင်တယ်ပဲ ထားလိုက်ဦး..၊ နတ်ဘုရားတစ်ပိုင်းက တောင်းဆိုလာရင် မင်းဆက်က မင်းကို ကာကွယ်ပေးမယ်လို့ ထင်နေတာလား..”

“မင်း........”

ဟန်ကျင်းသည် ထိုစကားကို ကြားလိုက်လျှင် နဖူးမှ ချွေးသီးချွေးပေါက်များ စီးကျလာသည်။ ဤမျှ ထင်ရှားသော လူတစ်ယောက်ကို သတ်ခဲ့မိကြောင်း သူမသိလိုက်ပေ။ သို့သော်လည်း ယခုမူ သူ့ရှေ့မှ

အနက်ရောင် ဝတ်ဆင်ထားသောလူက ရည်ရွယ်ချက်ရှိရှိ ထုတ်ဖော်ပြောဆိုနေခဲ့ပြီ။

"ထုံးစံအတိုင်းပဲ… မင်းသာ ငါ့ကို အမြတ်တစ်ဝက် ပေးလိုက်ရင် မင်းကိုမရောင်းစားဘူး.. ဒါပေမယ့် ဒီလို ဆက်လုပ်နေမယ်ဆိုရင် မင်း သေသွားလိမ့်မယ်.."

ထိုလူက ဆက်ပြောလိုက်သည်။

"ကဲ.. စဉ်းစားဖို့ အချိန် တစ်မိနစ်ပေးမယ်။ မင်းငါ့ကို ငြင်းချင်လည်း ငြင်းလို့ရတယ်၊ မင်းကိုလည်း ဆက်ခေါ်ထားမှာ မဟုတ်ဘူး။ ဟဲဟဲ…. ငါကတော့ သွားပြီး သတင်းပို့မှာပဲ"

"မင်း ဘယ်လိုလုပ်ချင်လဲ၊ သူ့မှာ အင်ပါယာနှလုံးသား လက်စွပ်တစ်ကွင်းပဲ ရှိတာ.."

ဟန်ကျင်းသည် စိတ်တိုနေသော်လည်း အပေးအယူ လုပ်ရန် ရွေးချယ်ခဲ့သည်။

"ငါ့ကို လက်စွပ်ပေးလိုက်.. ငါဖွင့်ပြီးရင် မင်းကို တစ်ဝက် ပြန်ပေးမယ်.."

"မရဘူး။ မင်းက ငါ့ဆီကနေ အင်ပါယာ နှလုံးသားလက်စွပ်ယူပြီး ထွက်ပြေးသွားရင် ဘယ်လို လုပ်မလဲ.."

ဟန်ကျင်းသည် သူ့ရှေ့က ကုတ်အင်္ကျီ ဝတ်ဆင်ထားသောလူကို မယုံပေ။

"စိတ်မပူနဲ့.. အဲ့ဒီ ပစ္စည်းတစ်ဝက်ကို မင်းဆီ ခွဲပေးမယ်။ မင်းသာ ရူးသလိုလို ကြောင်သလိုလိုလုပ်ပြီး ထွက်သွားရင် ဒီလူကို သတ်ခဲ့တဲ့အကြောင်းကို ငါကလည်း မပြောချင်ဘဲနဲ့ ပြောရလိမ့်မယ်...."

ထိုလူက အင်ပါယာ နှလုံးသားလက်စွပ်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"နောက်ပြီးတော့ မင်းမှာ တခြားရွေးချယ်စရာလည်း မရှိဘူး.. ကဲ.. စက္ကန့်သုံးဆယ်ပဲ ကျန်တော့တယ်။ မင်း မဆုံးဖြတ်ရင် ငါ သွားတော့မယ်.."

"ကောင်းပြီ ကောင်းပြီ.. အင်ပါယာနှလုံးသား လက်စွပ် မင်းကိုပေးမယ်.."

ဟန်ကျင်းသည် တွန့်ဆုတ် နေသော်လည်း အင်ပါယာနှလုံးသား လက်စွပ်ကို လှမ်းပစ်ပေးလိုက်သည်။

ထိုလူက လက်စွပ်ကို လှမ်းဖမ်းလိုက်သည့်အချိန်တွင် ဟန်ကျင်းက ရုတ်တရက် လှုပ်ရှားလိုက်သည်။ အင်္ကျီထဲမှဓါးရှည်ကို ဆွဲထုတ်ပြီး အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လူကို ခုတ်ချလိုက်သည်။

လေထဲတွင် အစိမ်းရောင် ဓါးအလင်းတစ်ခုက ဖျတ်ခနဲလက်သွားပြီး အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသား၏ လည်ပင်းထံ တိုးဝင်သွားသည်။

အင်ပါယာ နှလုံးသားလက်စွပ်က လေထဲတွင် ရှိနေဆဲပင်....

သို့သော်လည်း ဟန်ကျင်းသည် ထိုအခိုက်အတန့်တွင် ပြင်းထန်သော အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသည်။

ဟန်ကျင်းသည် လေထဲတွင် ဖြတ်ခနဲ လက်သွားသော အနက်ရောင် အလင်းတန်းကို မြင်လိုက်ရသည့် အခိုက်တန့်၌ ထိုလူက သူ့ကို ဖြတ်ကျော်သွားသည်။ ရင်ဘတ်မှ ပြင်းထန်သော နာကျင်မှုကို ခံစားရပြီး အောက်သို့ ငုံ့ကြည့်လိုက်ရာ သူ့ရင်ဘတ်က ပေါက်နေကြောင်း တွေ့လိုက်ရသည်။

ဒဏ်ရာက ရင်ဘတ်ကို တိုးလျှိုပေါက် ဖြတ်သွားပြီး နှလုံး ကြေမွသွားသည်။ သူ့အမြင်အာရုံက ဖြည်းဖြည်းချင်း ဝေဝါးလာသည့်အချိန်၌ အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသောလူထံမှ အသံကို ကြားလိုက်ရသည်။

"မင်းရဲ့ဓါးက နေးလွန်းတယ်.."

ထိုလူသည် ဓါးကို ဓါးအိမ်ထဲထိုးသွင်းပြီး ပုံစံ ပြောင်းသွားသည်။ မကြာခင် ဟန်ကျင်း ဖြစ်သွားသည်။

"ဒါက ခြောက်ယောက်မြောက် အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်နဲ့ သွေးအစားထိုးတာပဲ.."

ခရမ်းရောင် အခိုးအငွေ့တစ်ခုက ဟန်ကျင်း၏ အကျီလက်စထဲမှ ဖြည်းဖြည်းချင်း စိမ့်ထွက်လာသည်။

"သူ့ကို တစ်ချက်တည်း သတ်လိုက်လို့ ရတာပဲ။ ဘာဖြစ်လို့ စကားတွေ ဖောင်ဖွဲ့နေတာလဲ.."

"ဘာဖြစ်လို့ အကြမ်းနည်းသုံးမှာလဲ။ စကား ပြောရတာလည်း ကောင်းပါတယ်ကွာ.. အရိုက်ခံချင်တဲ့ လူနဲ့တွေ့ရင်တော့ တီးမှာပေါ့.."

ဟန်ကျင်းက ပြုံးပြီး ပြောလိုက်သည်။

"ဒီကောင်က မင်းဆက်ကကောင် ဖြစ်နေလို့ သူ့ကို ထိလို့မရတာ ဆိုးတယ်ကွာ...."

သွေးရဲရဲလေးက လင်းဟွမ်၏စကားကို အကြမ်းဖျင်း သဘောပေါက်သည်။ မြေအောက် အဖွဲ့အစည်းတစ်ခုတွင် ပါဝင်သောလူတိုင်းက လူဆိုးများ မဟုတ်ပေ။ အချို့က အတင်းအကျပ် ဝင်ခိုင်း၍ ဝင်ခဲ့ရခြင်းဖြစ်ပြီး ရှောင်မိုကဲ့သို့ ရွေးချယ်စရာမရှိ၍ ဝင်ခဲ့ရသည့် လူဆိုးများ မဟုတ်သော လူများလည်း ရှိသည်။

လင်းဟွမ်က ထိုလူနှင့် စကားပြောနေရသည့် အကြောင်းအရင်းမှာ ထိုလူကို သတ်သင့်လား၊ မသတ်သင့်လား ဆုံးဖြတ်ချင်သောကြောင့်ပင် ။

လွန်ခဲ့သော ရက်အနည်းငယ် အတွင်းတွင် လင်းဟွမ်သည် မြေအောက်အဖွဲ့အစည်းမှ အဖွဲ့ဝင်များကို

သတ်ဖြတ်ခဲ့သည်။ ရွှေပုစဉ်းရင်ကွဲ လျှို့ဝှက်စွမ်းရည်က သူသတ်ခဲ့သော လူများထံမှ အမွေများကို ရယူနိုင်သောကြောင့် သူသတ်ခဲ့သမျှ လူတိုင်းသည် ဓါးသမားများသာ ဖြစ်နေသည်။

လွန်ခဲ့သော ရက်အနည်းငယ်တွင် လင်းဟွမ်လက်ချက်နှင့် သေဆုံးသွားခဲ့သော အင်ပါယာရွှေနက်ရောင်အဆင့် ဓါးသမား (၁၇) ယောက်၊ ရွှေကြက်သွေးရောင် အဆင့် ဓါးသမား (၆) ယောက် ရှိသည်။ ယခုလက်ရှိ စွမ်းရည်နှင့် အင်ပါယာရွှေကြက်သွေးရောင်အဆင့် သွေးအစားထိုးခြင်းကို အသုံးပြုပါက အင်ပါယာ ရွှေဖြူရောင် အဆင့်ကိုပင်

တိုက်ခိုက်နိုင်သည်။ ခန္ဓာကိုယ်ကို ဝန်ထုပ်ဝန်ပိုး အဖြစ်ခံ၍ အတင်းအကျပ် အသုံးပြုပါက နာရီဝက် ဆိုသော အချိန်ကန့်သတ်ချက် အတွင်းတွင် အင်ပါယာရွှေဖြူရောင် တန်ခိုးရှင်းများကိုပင် သတ်ဖြတ်နိုင်သည်။

အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် သွေးအစားထိုးခြင်း အသုံးပြုထားသည့် အခြေအနေတွင် အင်ပါယာ ရွှေကြက်သွေးရောင် တန်ခိုးရှင်ကို သတ်ပစ်ရန် မခက်ခဲပေ။ ဤအချိန်အတော အတွင်း၌ ခါးဆယ်ချက်သာ ဝှေ့ယမ်း၍ အင်ပါယာ ရွှေဝါရောင်အဆင့် တန်ခိုးရှင်များကိုပင် သတ်ပစ်နိုင်သည်။

သွေးအစားထိုးခြင်း အရေအတွက် များလာသလို လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ နတ်ဘုရားရုပ်ထု တိုက်ခိုက်ရေး ဝိညာဉ်ခုသည်လည်း လွန်ခဲ့သောနှစ်ရက်က အဆင့်တက် လှမ်းခဲ့သည်။ သူတို့သည် အင်ပါယာ ရွှေနက်ရောင် အဆင့်မှ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်သို့ မြင့်တက်သွားခဲ့သည်။ သူတို့၏ အလုံးစုံစွမ်းရည်က အဆင့်တစ်ခု ပိုမြင့်လာသည်ဟု မှတ်ယူ၍ရသည်။

သို့သော်လည်း သူ၏ဆင့်ခေါ် မွန်းစတားများကမူ ပြဿနာနှင့် ရင်ဆိုင်နေရသည်။

လူသားများ စူးစမ်းရှာဖွေသော နေရာများက အစဉ်တစိုက် ကျယ်ပြန့်လာသောကြောင့် ပိုင်နှင့်

ကျန်သည့် မွန်းစတားများသည် လူသားများနှင့် ထိတွေ့မှု မဖြစ်အောင် မရှောင်ရှား နိုင်ကြတော့ပေ။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း လူသားများကို ရှောင်နေရသောကြောင့် သူတို့၏ အမဲလိုက်မှုအရှိန်က လျင်မြန်စွာ ကျဆင်းလာသည်။

လင်းဟွမ်က သူတို့ကို ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များနှင့် မြေအောက် အဖွဲ့အစည်းမှ အဖွဲ့ဝင်များကို မတိုက်ခိုက်ရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် သူတို့၏လှုပ်ရှားမှုက လူသားများ၏ ထောက်လှမ်းရေး ခါတ်ကွင်းများ မသက်ရောက်နိုင်သည့် နေရာအတွင်းသာ လှုပ်ရှားနေခဲ့ရသည်။

ထို့အပြင် ကိုင်လီ ဦးဆောင်သော စစ်တပ်က ကြီးမားလွန်း၏။ လူသားများ၏ ထောက်လှမ်းရေး ဓါတ်ကြွင်းများက သူမတို့၏ တည်နေရာကို နှစ်ကြိမ်တိုင်တိုင် ရှာတွေ့ခဲ့သည်။

ယခုအခါ ကောင်းကင်တမန်တော် တရားသူကြီး စစ်တပ်ထဲတွင် သန္ဓေသုံးကြိမ်ပြောင်း ကောင်းကင်တမန်တော် နတ်သမီး အယောက် (၂၀၀) ရှိလာခဲ့သည်။ သွေးရဲရဲလေး မြှင့်တင်ပေးထားသော တိုက်ကွက်ပွဲဝင်ဖွဲ့စည်းပုံနှင့်ဆိုပါက အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် မွန်းစတားများကိုပင် တိုက်ခိုက်နိုင်သည်။

သို့သော်လည်း ကိုင်လီနှင့် သူမစစ်တပ်၏ အမဲလိုက်မှု ခရီးအတွင်းတွင် အင်ပါယာ ရွှေဝါရောင်အဆင့်နှင့် အင်ပါယာ ရွှေဖြူရောင် အဆင့် လူသားအချို့နှင့် ကြုံတွေ့ခဲ့ရသည်။ သူမ၏ ကမ္ဘာငယ်လေး ကြောင့်သာ.... ထိုကဲ့သို့ မဟုတ်ပါက ကိုင်လီနှင့် သူမ၏ ကောင်းကင်တမန်တော် တရားသူကြီး စစ်တပ်သည် အသက်ရှင်လျက် အဖမ်းခံရလိမ့်မည်။

ကျန်သည့် မွန်းစတားများ၏ အခြေအနေက ကိုင်လီထက် ကောင်းမွန်သော်လည်း လင်းဟွမ်သည် ဤရက်ပိုင်းအတွင်းတွင် သူတို့ အမဲလိုက်နိုင်သော အကွာအဝေးကို လူသားများက လုံးဝ သိမ်းပိုက်သွားမည်

ဖြစ်ကြောင်း ခန့်မှန်းမိသည်။ ထို့ကြောင့် သူတို့ကို ကတ်ပုံစံ ပြောင်းလဲပြီး ပြန်သိမ်းလိုက်သည်။

လင်းဟွမ်က ဤအချက်နှင့် ပက်သက်၍ ဆုတ်ယုတ်မှု တစ်ခုဟု မယူဆခဲ့ပေ။ သို့သော်လည်း လွန်ခဲ့သော ရက်ပေါင်း (၂၀) ကျော်မှ စတင်၍ ကြွေလွင့်နတ်ဘုရားမြေထဲ ခြေချခဲ့သည့် အချိန်ကတည်းက နတ်ဘုရားရုပ်ထုနှင့် ပတ်သက်၍ မည်သည့်သတင်းမှ မရသေးသောကြောင့် စိတ်မကောင်း ဖြစ်နေသည်။

"ချန်းသွမ်က ငါ့ကို လှည့်စားလိုက်တာလား.."

လင်းဟွမ်သည် ဤဟင်းလင်းပြင် အပျက်အစီးတွင် နတ်ဘုရားရုပ်ထုများ ရှိသည်ဟု ချန်းသွမ်ပြောခဲ့သည် စကားများက လှည့်စားခြင်းလားဟု သံသယ ဝင်လာသည်။

# အခန်း(၈၄၆) - ရုတ်တရက် ဖြစ်ပေါ်လာသော ပုံမှန်မဟုတ်သည့် ဖြစ်စဉ်.....

ဤကဲ့သို့ဖြင့် အချိန်ကြာလာခဲ့ပြီး လင်းဟွမ် တစ်ယောက် ကြွေလွင့်နတ်ဘုရားမြေထဲ ကျင်လည် ကျက်စားခဲ့သည်မှာ တစ်လကျော် ရှိလာခဲ့ပြီ။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း လူသားများ၏ စူးစမ်းရှာဖွေသော နယ်မြေက အဆက်မပြတ် ချဲ့ထွင်းလာသဖြင့် ပိုင်နှင့် ကျန်သည့် မွန်းစတားများအတွက် အမဲလိုက်ရန် နေရာ မရှိတော့ချေ။

ထို့ကြောင့် သွေးရဲရဲလေးမှလွဲ၍ ကျန်သည့် မွန်းစတားများကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။

ကိုင်လီ၏ စစ်တပ်မှ ကောင်းကင်တမန်တော် နတ်သမီး နှစ်ရာကျော်သည် သန္ဓေ သုံးကြိမ်ပြောင်းလဲမှု အောင်မြင်ခဲ့သည်။ ကောင်းကင်တမန်တော် တရားသူကြီးအားလုံး အဆင့်မြှင့်တင်မှု ပြီးဆုံး သွားသော်လည်း သူမစစ်တပ်က အင်ပါယာရွှေဝါရောင် အဆင့်နှင့် တိုက်ခိုက်နိုင်ခြင်း မရှိသေးပေ။

သို့သော်လည်း ရွှေဝါရောင်အဆင့်များ သာမက ရွှေဖြူရောင်အဆင့်၊ ရွှေခရမ်းရောင် အဆင့်များလည်း ရှိသေးသည်။

ကိုင်လီသည် လက် မလျှော့ချင်သေးသော်လည်း လင်းဟွမ်၏ အစီအစဉ်အတိုင်း လက်ခံခဲ့သည်။

လင်းဟွမ်ကလည်း အချိန်တန်လျှင် သူမကို ပြန်ဆင့်ခေါ်မည်ဟု ကတိ ပေးခဲ့သည်။ မြေအောက်အဖွဲ့အစည်းမှ ဓါးပညာ ကျွမ်းကျင်သော လူများကို အမဲလိုက်ခြင်းအား လက်မလျှော့ခဲ့ပေ။ ထို့ကြောင့် သူရရှိထားသော အမွေများသည် တိုးပြီးရင်း တိုးလာနေသည်။

ယခင်က သူ့တွင်ရှိသည့် ဂန္တဝင်အဆင့် ဓါးကျင့်စဉ် အရေအတွက်မှာ (၈၀) ထက်နည်းခဲ့သော်လည်း ယခုအခါ မြင့်တက်လာခဲ့ပြီး (၁၈၀) ကျော်နေသည်။

အတုအယောင် ဒဏ္ဍာရီအဆင့် ဓါးကျင့်စဥ်ဖြစ်သည့် အကာအကွယ် ချိုးဖျက်ခြင်းနှင့် လျှပ်တပြက် ဓါးချက်ကိုပင် ရရှိခဲ့သည်။

အကာအကွယ် ချိုးဖျက်ခြင်း ဓါးကျင့်စဥ်မှာ အလွန် အစွမ်းထက်သော ဓါးကျင့်စဥ်တစ်ခု ဖြစ်သော်လည်း သတ်ဖြတ်သူ ဓါးကျင့်စဥ်နှင့် အတော်လေး ကွာခြားသည်။ သတ်ဖြတ်သူ ဓါးကျင့်စဥ်မှာ အနီးကပ် တိုက်ခိုက်မှုကို ဦးစားပေးသော်လည်း အကာအကွယ် ချိုးဖျက်ခြင်းကိုမူ ကံကြမ္မာစွမ်းအား တိုက်ခိုက်မှုဟု ယူဆနိုင်သည်။ သို့သော် အနီးကပ် တိုက်ခိုက်ရာတွင်လည်း အားနည်းခြင်း မရှိပေ။

လျှပ်တပြက် ခါးချက်သည် ခါးချက် တစ်ချက်တည်းသာ ရှိသောကြောင့် တမူထူးခြားသည့် ခါးကျင့်စဉ် ဖြစ်သလို အလွန် အင်မတန် လျင်မြန်သော တိုက်ခိုက်မှုလည်း ဖြစ်သည်။

လင်းဟွမ်သည် ယခင်ကတည်းက အမြန်နှုန်း အားကိုးပြီး တိုက်ခိုက်ရသော ခါးကျင့်စဉ်များကို လေ့ကျင့်ခဲ့ဖူးသည်။ သူလေ့ကျင့်ခဲ့သော မိုးကြိုးဆူးပင် ဂန္တာဝင်အဆင့် ခါးကျင့်စဉ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ မကြာသေးခင်က အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်ကို သတ်ဖြတ်ခဲ့အချိန်တွင်

အသုံးပြုခဲ့သော ဓါးကျင့်စဉ်မှာ မိုးကြိုးဆူး၏ ပုံစံအသစ်ဖြစ်သည်။

သို့သော်လည်း ဤဓါးကျင့်စဉ်၏ အမြန်နှုန်းဖြစ်စေ၊ ထိုးဖောက်နိုင်စွမ်း ဖြစ်စေ၊ တိုက်ခိုက်မှုအရ ဖြစ်စေ ရှုထောင့်ပေါင်းစုံမှနေ၍ မိုးကြိုးဆူး ဗားရှင်းအသစ်ထက် ဆယ်ဆ ပိုမို အစွမ်းထက်သည်။ ပိုမြန်သည်။

ဓါးကျင့်စဉ်တွင် ဓါးချက် တစ်ချက်တည်းသာ ပါဝင်သော်လည်း စွမ်းအားက အလွန် ကြောက်စရာကောင်းသည်။ လင်းဟွမ်ပင် ထိပ်တိုက် ရင်ဆိုင်ရဲခြင်း မရှိပေ။

လင်းဟွမ်သည် လျှပ်တပြက် ခါးချက်က ဒဏ္ဍာရီအဆင့် ကျင့်စဉ်နှင့် တန်းတူရှိလိမ့်မည်ဟု တွေးမိသည်။ ဤကျင့်စဉ်ကို ဖန်တီးခဲ့သည့်သူမှာ သေချာပေါက် နတ်ဘုရားအဆင့် ဖြစ်နိုင်သည်။

ရွှေပုစဉ်းရင်ကွဲ လျှို့ဝှက်စွမ်းရည်၏ ကြောက်စရာ အကောင်းဆုံးအပိုင်းမှာ အခြားသူများထံမှ ကျင့်စဉ်များကို သင်ယူ နိုင်ရုံသာမက မှတ်ဉာဏ်များကိုလည်း ထိန်းသိမ်းထားပြီး တိုက်ရိုက် အမွေ ဆက်ခံနိုင်ခြင်းပင်.......

လွန်ခဲ့သော ဆယ်ရက်အတွင်းတွင် လင်းဟွမ်သည် ခါးပညာရှင် တစ်ယောက်ကို သတ်လိုက်တိုင်း ထိုလူ၏

ဓါးလေ့ကျင့်မှုနှင့် ဓါးကျင့်စဉ်များကို အပြည့်အဝ ရယူနိုင်ခဲ့သည်။ သူတို့၏ ကျင့်စဉ်များကိုပင် ရယူနိုင်ခဲ့သည်။ ထို့ကြောင့် လင်းဟွမ်၏ ဓါးတာအိုသည် တစ်နေ့ထက်တစ်နေ့ တိုးတက်လာခဲ့သည်။

ညဘက်တွင် ကောင်းကောင်း အနားယူခဲ့ပြီး နေ့ခင်းဘက်တွင် ခရီးဆက်ကာ ဓါးသမားများကို သတ်ဖြတ်ခြင်း၊ ဓါးကျင့်စဉ်ကို လေ့ကျင့်ခြင်း၊ အခြေခံအားဖြင့် ဤအချက်သုံးချက်ကိုသာ ဆက်တိုက်ပြုလုပ်နေခဲ့သည်။

သွေးရဲရဲလေးကမူ ကပ်ပါးကောင် ရုပ်သေးရုပ်များကို အမဲလိုက်ခြင်းအား ရပ်တန့်ခဲ့သည်။ ထိုအစား

သွေးရဲရဲလေး၏ တာဝန်မှာ လင်းဟွမ် အမဲလိုက်မည့် ပစ်မှတ်ကို ရှာဖွေပေးခြင်း၊ လင်းဟွမ် သတ်ဖြတ်ခဲ့သော ပစ်မှတ်များကို ကပ်ပါး ကူးစက်စေခြင်း ဖြစ်သည်။ ထို့အပြင် မည်သူမှ စိတ်ကူး မထားသော နတ်ဘုရားရုပ်ထုကို ရှာဖွေရန်ပင် ။

ယနေ့ညတွင် လင်းဟွမ်က ထုံးစံအတိုင်း ဓါးကျင့်စဉ် တစ်ခုကို လေ့ကျင့်နေသည်။ သန်းခေါင်ယံ မတိုင်ခင် ပေါက်ကွဲသံတစ်ခု ပေါ်လာပြီး ကောင်းကင်ပေါ်တွင် ငွေရောင်အလင်းကြီး လင်းထိန်လာသည်။ ထိုငွေရောင် အလင်းသည် လေထဲတွင် စက္ကန့်အနည်းငယ်ကြာအောင် တောက်ပနေခဲ့ပြီး အတော်ကြာသည်အထိပင်

မေးမိုန်သွားခြင်း မရှိပေ။ ထိုအဖြစ်အပျက်ကို မြင်လိုက်လျှင် လင်းဟွမ်သည် ခါးလေ့ကျင့်နေခြင်းကို ရပ်တန့်လိုက်ပြီး သွေးရဲရဲလေးကို လှမ်းမေးလိုက်သည်။

"သွေးရဲရဲလေး အပြင်မှာ ဘာဖြစ်နေလဲဆိုတာ မင်းသိလား.."

"စုံစမ်းလို့မရဘူး။ မြူခိုးထူထပ်တဲ့ နေရာကနေ အလင်းတန်းတစ်ခု ထွက်လာပေမယ့် မြူခိုးထဲမှာတော့ အပြောင်းအလဲ မရှိဘူး.."

သွေးရဲရဲလေး၏ မျှော့မျိုးစေ့များက ငွေရောင်အလင်း ထွက်ပေါ်လာသော အရင်းအမြစ်ကို ချက်ချင်း ဖော်ထုတ်နိုင်ခဲ့သည်။

“အိုး.. ဒါဆို ထူးဆန်းတာပေါ့.. ဘာဖြစ်တာလဲ..”

လင်းဟွမ် ချက်ချင်း မေးလိုက်သည်။

“အခုလက်ရှိ အဲ့ဒီကို သွားနေတဲ့လူတွေ ရှိတယ်.. ဒီနေရာကနေ မီတာ သောင်းနဲ့ချီဝေးတဲ့ နေရာက လူတွေတောင် ဒီဖြစ်စဉ်ကို မြင်တွေ့ရတဲ့ပုံပဲ..”

သွေးရဲရဲလေးက ရှင်းပြသည်။

“တကယ်လို့ လင်းလင်းထိန်ထိန် တောက်ပနေမယ်ဆို လူတိုင်းမြင်တာ ဘာမှမဆန်းဘူး.. ငါတို့တွေ နေနဲ့လကို မြင်ရသလိုပေါ့။ ဒါပေမယ့် အင်မော်တယ် အဆင့်နှင့် သန့်ရှင်းမီးလျှံအဆင့်ပဲ မြင်ရတဲ့ပုံပဲ။

အင်ပါယာအဆင့်တွေက ထူးဆန်းတဲ့ ဖြစ်စဉ်ကို လုံးဝ မမြင်ရဘူး..”

သွေးရဲရဲလေးကို စောင့်ကြည့်ရေး မျက်နှာပြင် အနည်းငယ်ကို ထုတ်ဖော် ပြသလိုက်သည်။

“အင်ပါယာအဆင့် သုံးယောက်က ဒီနေရာကနေ ကီလိုမီတာ (၁၀၀)တောင် မဝေးတဲ့နေရာမှာ ရှိတယ်။ အဝေးဆုံးလူက ကီလိုမီတာ (၃၀၀) လောက်ပဲ ။ သူတို့ရဲ့ တုံ့ပြန်မှုကို ကြည့်ပါလား.....”

စောင့်ကြည့်ရေး မျက်နှာပြင် ထဲတွင် ထိုလူသုံးယောက်သည် သူတို့ အထက် ကောင်းကင်ပေါ်က ထူးဆန်သည့် ဖြစ်စဉ်ကို

လျစ်လျူရှုထားသည်။ သူတို့အလုပ်နှင့် သူတို့ရှုပ်နေပြီး ထိုအရာကို လုံးဝ မမြင်သလိုပင်။

သူတို့ထဲမှ တစ်ယောက်က ဆန့်ကျင်ဘက်အရပ်ကို ပြေးနေပြီး နောက်တစ်ယောက်က အိပ်ရန် တဲတစ်လုံး ဆောက်နေသည်။ တတိယတစ်ယောက်ကမူ အင်ပါယာအဆင့် မွန်းစတားနှင့် အပြင်းအထန် တိုက်ပွဲဝင်နေသည်။

"သူတို့ သုံးယောက်အပြင် အင်ပါယာအဆင့် အားလုံးက ဒီဖြစ်စဉ်ကို မမြင်ရဘူးထင်တယ်။ သူတို့တွေက သူတို့ ကိုယ်ပိုင်အလုပ်တွေနဲ့

အလုပ်ရှုပ်နေကြတယ်။ ထူးဆန်းတဲ့ ဖြစ်စဉ်ကို လှည့်ကြည့်ဖို့တောင် စိတ်မဝင်စားကြဘူး..”

သွေးရဲရဲလေးက အင်ပါယာအဆင့် လူဆယ်ယောက်ကျော်ကို စောင့်ကြည့်နေခဲ့သည်။

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

“အင်ပါယာ အဆင့်အောက်က လူတွေပဲ မြင်ရတာလား ။ ဒါဆို တကယ် ထူးဆန်းတာပေါ့..”

“ငါတို့ သွားကြည့်ဖို့ လိုသေးလား..”

သွေးရဲရဲလေးက မေးလိုက်သည်။ ၎င်း၏ မျှော့မျိုးစေ့များက ထိုနေရာကို မစူးစမ်း မစုံစမ်းနိုင်သောကြောင့် စိတ်ပူနေပုံပင် ။

“သွားရအောင်..”

လင်းဟွမ်က မဆိုင်းမတွ ခေါင်းညိတ်လိုက်သည်။

“နတ်ဘုရားရုပ်ထုက ဒီဟင်းလင်းပြင် အပျက်အစီးထဲမှာ ရှိတယ်လို့ ချန်းသွမ်က ပြောထားတယ်။ သူက ဒီလိုမျိုး ဟာသတွေ၊ မရေရာတာတွေ ပြောတတ်တဲ့လူမျိုး မဟုတ်ဘူးလို့ ငါ ထင်တယ်။ ပြီးခဲ့တဲ့လကလည်း နတ်ဘုရားရုပ်ထုနဲ့ ပတ်သက်ပြီး ဘာမှရှာမတွေ့ဘူး။ နတ်ဘုရား ရုပ်ထုက

မင်းမသိတဲ့ နေရာတွေထဲမှာ ရှိနေတာ ဖြစ်နိုင်တယ်။ တကယ်လို့ ငါတို့ သွားမကြည့်ရင် ကြွေလွင့်နတ်ဘုရားမြေထဲ လာခဲ့တာ အလကား ဖြစ်သွားမှာပေါ့..”

“ဒါပေမယ့် အင်ပါယာ အဆင့်တွေကိုတောင် အာရုံ လှည့်စားနိုင်တယ်ဆိုတော့ အရမ်း အန္တရာယ် များမယ်နော်.....”

သွေးရဲရဲလေးသည် ဘာမှန်း မသိသည့်နေရာကို ရှောင်ချင်နေသည်။

“ကျန်တဲ့ အင်မော်တယ် အဆင့်တွေတောင် သွားဖို့ သတ္တိရှိသေးတယ်။ ဘာဖြစ်လို့ မစမ်းကြည့်ရမှာလဲ။

ငါတို့က အင်ပါယာ ရွှေဖြူရောင် အဆင့်ကိုတောင် တိုက်ခိုက်နိုင်သေးတာပဲ။ အန္တရာယ်တစ်ခုခု ကြုံလာရင်တောင် ငါတို့အတွက် အသက်ရှင်နိုင်တဲ့ အခွင့်အရေး ပိုများတယ်လို့ ငါ ထင်တယ်။ တခြား အင်မော်တယ် အဆင့်တွေထက် ပိုပြီး အခွင့်အရေး များတယ်”

လင်းဟွမ်က သူ့အရည်အချင်းကို အလွန် ယုံကြည်နေသည်။

“နောက်ပြီးတော့ ငါတို့လက်ထဲမှာ နတ်ဘုရားသတ် အမြောက်တွေ အများကြီး ရှိသေးတယ်။ နတ်ဘုရားတစ်ပိုင်း အဆင့်နဲ့ တွေ့ရင်တောင်

တိုက်နိုင်တယ်။ တကယ်လို့ ဒုက္ခ ရောက်လာရင်လည်း ကိုင်လီရဲ့ကမ္ဘာလေးထဲမှာ ဝင်ပုန်းနိုင်သေးတယ်..”

လင်းဟွမ် စကားကို နားထောင်ပြီးနောက် သွေးရဲရဲလေး မျက်မှောင်ကြုတ်သွားသည်။ လင်းဟွမ်က ဆုံးဖြတ်ချက်ချပြီးသား ဖြစ်နေသဖြင့် သူ့စိတ်ကို မပြောင်းနိုင်ကြောင်း သိနေသည်။ မြူခိုးထူထပ်သော နေရာသည် ဟင်းလင်းပြင် အပျက်အစီး၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ ၎င်းသည် အလွန်ကြီးမားပြီး အလျားလိုက်ဖြစ်နေကာ ဤနယ်မြေ တစ်ဝက်ခန့် ရှိသည်။

ယခင်က သွေးရဲရဲလေး၏ မျှော့မျိုးစေ့များက ထိုနေရာကို စုံစမ်းရန် ကြိုးစားခဲ့ဖူးသည်။ သို့သော်လည်း မျှော့မျိုးစေ့များသည် မြူခိုးထူထပ်သော နေရာထဲကို ဝင်သွားသည်နှင့် အဆက်အသွယ် လုံးဝ ပြတ်သွားသည်။ ဒါသည် ဤနေရာနှင့် တစ်ချိန်လုံး စိမ်းနေရသည့် အကြောင်းအရင်းပင်။

အဆိုပါ ဖြစ်စဉ် ဖြစ်ပေါ်လာသောကြောင့် ထိုနေရာတွင် ပုန်းကွယ်နေသော အန္တရာယ်ရှိနေကြောင်း ညွှန်းပြနေသည်။ အခွင့်အလမ်းများနှင့်အတူ အန္တရာယ်များသည် ရှောင်လွှဲ၍ မရသောအရာပင်။ ထို့ကြောင့် လင်းဟွမ်က စွန့်စားကြည့်ချင်နေသည်။

အကယ်၍ လင်းပွမ်က နတ်ဘုရားရုပ်ထုကို ရယူနိုင်ခဲ့လျှင် အင်မော်တယ် အဆင့်(၄) သို့ တက်လှမ်းနိုင်ရုံသာမက အင်မော်တယ် အလယ်အလတ်အဆင့်ကိုပင် ရောက်ရှိသွားလိမ့်မည်။

ထိုအပြင် သွေးရဲရဲလေး၏ တိုက်ခိုက်ရေးအဆင့်ကလည်း အင်ပါယာ ရွှေနက်ရောင်အဆင့်သို့ မြင့်တက်သွားလိမ့်မည်။ ထိုအချိန်တွင် အင်ပါယာ ရွှေဝါရောင်အဆင့်ကို ကပ်ပါးကူးစက်ခြင်းက ပြဿနာမဟုတ်တော့ပေ။ သူ၏ စွမ်းရည်မြှင့်တင်မှုက ထိုထက်ပင် ကျော်လွန်နိုင်သေးသည်။

သွေးရဲရဲလေးသည် ထိုအချက်ကို တွေးပြီးနောက် လင်းဟွမ်ကို ဆက်မတားတော့ချေ။ သို့သော်လည်း တောင်းဆိုမှုတစ်ခု ပြုလုပ်ခဲ့သေးသည်။

“ငါတို့တွေ သွားလို့ရတယ်၊ ဒါပေမယ့် မင်းရဲ့ကိုယ်ပွားထဲက တစ်ယောက် သေသွားရင် ချက်ချင်း ပြန်ထွက်မယ်လို့ ကတိပေးရမယ်..”

“ဒါပေါ့..”

လင်းဟွမ်က ကတိပေးလိုက်သည်။ သူ၏ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် ကိုယ်ပွား သေဆုံးသည်အထိ အန္တရာယ်များပါက သူပင် သေဆုံးသွားနိုင်သည်။

နှစ်ယောက်သား သဘောတူညီချက် ရပြီးနောက် ထွက်လာကြသည်။ ထို့နောက် မိုးကြိုးကို ဆင့်ခေါ်ပြီး မြူခိုး ထူထပ်နေသော နေရာသို့ ဦးတည် ပျံသန်းသွားသည်။

# အခန်း(၈၄၇) - တန်လျန်း။

နောက်တစ်နေ့မနက်တွင် လင်းဟွမ်သည် မြူခိုးထူထပ်နေသောနေရာ၏ အဝသို့ ရောက်လာသည်။ သူရောက်သောအခါ မနက် (၁၀) နာရီ ကျော်နေပြီ။

မြူခိုးထူထပ်သော နေရာ၏ ဝင်ပေါက်သည် ချိုင့်ဝှမ်းတစ်ခုထဲတွင် တည်ရှိပြီး ထိုနေရာ၌ ရာနှင့်ချီသောလူများ စုဝေးနေကြသည်။

လင်းဟွမ်က ထိုအထဲတွင် သူနှင့်ရင်းနှီးသော လူတစ်ယောက် ဖြစ်သည့် ဟန်ဖူလင်းကို

တွေ့လိုက်ရသည်။ ဤဟင်းလင်းပြင် အပျက်အစီးထဲကို မဝင်ခင်ကတည်းက သူမကို မြင်ခဲ့သည်။ သို့သော်လည်း ထိုအချိန်က လင်းဟွမ်သည် လူအုပ်ကြားထဲတွင် ရှိနေသောကြောင့် ဟန်ဖူလင်း သူ့ကို သတိမထားမိခဲ့ပေ။

ယခုအခါ လင်းဟွမ်ကို မြင်လိုက်သည်နှင့် သူမ၏ ပထမဦးဆုံး တုံ့ပြန်မှုမှာ အံ့အားသင့်သွားခြင်းပင်.....။ လင်းဟွမ် ရောက်ရှိနေလိမ့်မည်ဟု မထင်ထားခဲ့ချေ။ သို့သော်လည်း လင်းဟွမ်၏ အစွမ်းထက်သော အော်ရာကို ခံစားမိပြီးနောက် သူမ၏ အံ့အောသင့်နေသော အမူအရာသည် တုန်လှုပ်ခြင်း အဖြစ်သို့ ပြောင်းလဲသွားသည်။

"ခဏာ.."

လင်းဟွမ်သည် ဟန်ဖူလင်းက သူ့ကို မြင်သွားကြောင်း သိလိုက်သောအခါ ပုန်းစရာ မြေမရှိကြောင်း သိလိုက်သဖြင့် ပြုံးပြပြီး သူမထံ လျှောက်သွားလိုက်သည်။

သူနှင့် မိတ်ဟောင်းဆွေဟောင်း ဖြစ်သော ဟန်ဖုလင်းနှင့် မတွေ့ချင်ရသည့် အကြောင်းအရင်းမှာ သူ၏ တိုက်ခိုက်ရေးအဆင့်က ယုတ္တိ မတန်အောင် မြင့်မားလာသောကြောင့် ဖြစ်သည်။ မျှော်လင့်ထားသလိုပင် ဟန်ဖူလင်းပြောသည့် ပထမဆုံးစကားမှာ ..

"မင်းရဲ့ တိုက်ခိုက်ရေး အဆင့်က အင်မော်တယ် အဆင့်(၃) ရောက်နေပြီလား.."

သူတို့နှစ်ယောက် နောက်ဆုံး တွေ့ဆုံခဲ့သည်မှာ နှစ်ဝက်မျှသာရှိသေးပြီး ထိုအချိန်က လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်မှာ အပြာရောင်မီးလျှံ အဆင့်သာ ရှိသေးသည်။ နှစ်ဝက်အတွင်းတွင် အဆင့် ငါးဆင့် ခုန်ပျံကျော်လွှားကာ သန့်ရှင်းမီးလျှံ အဆင့်မှ အင်မော်တယ်အဆင့်ထိ မြင့်တက်လာသောကြောင့် သူ၏ကျင့်ကြံမှု အမြန်နှုန်းက အဓိပ္ပါယ် မဲ့လွန်းသည်။

"ဟုတ်တယ် ငါ ကံကောင်းသွားလို့.."

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ သို့သော်လည်း ရိုးရှင်းသော တုံ့ပြန်မှု တစ်ခုတည်းနှင့် စကားလမ်းကြောင်း ပိတ်လိုက်သည်။ အမှန်တကယ်ဆို လင်းဟွမ်သည် ဤအကြောင်းနှင့် ပတ်သက်၍ မပြောချင်ပေ။

ဒါကို ဟန်ဖူလင်းက ရိပ်မိသဖြင့် ဆက်မမေးတော့ဘဲ စကားလမ်းကြောင်း ပြောင်းလိုက်ပြီး....

“အင်မော်တယ် အဆင့် (၃) ရောက်နေတယ် ဆိုပေမယ့် မင်း မလာခဲ့သင့်ဘူး..”

“အော်.. ခွဲတမ်းရတော့လည်း လာဖို့ အတွေး ဝင်သွားလို့ပါ..”

လင်းဟွမ်သည် သူ့ကို လျှော့တွက်နေကြောင်း သိသော်လည်း ရှင်းပြရန် စိတ်မဝင်စားပေ။ ထို့အပြင် ဤနေရာတွင် သန့်ရှင်းမီးလျှံအဆင့် လူအချို့အပြင် ရှိနေသည့် လူအားလုံးထဲ၌ သူ့တိုက်ခိုက်ရေးအဆင့်က အမှန်တကယ်ပင် အနိမ့်ဆုံးပင် ။

အင်ပါယာ ရွှေဖြူရောင်နှင့် တိုက်ခိုက်နိုင်သည်ဟု အမှန်တိုင်း ပြောလိုက်လျှင် ရယ်စရာ ကောင်းနေလိမ့်မည်။

“အပေါက်ဝမှာ ဘာဖြစ်လို့ စုစု စုစု ဖြစ်နေကြတာလဲ..”

လင်းဟွမ်သည် ဟန်ဖူလင်း၏ တိုက်ခိုက်ရေးအဆင့် အကြောင်း မေးမြန်းနေခြင်းမှ ရှောင်လွှဲနိုင်ရန် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ငါတို့ ဝင်လို့မရသေးဘူး.. မြူခိုးဖုံးနေတဲ့ နေရာမှာ မမြင်နိုင်တဲ့ အလွှာတစ်ခု ဖုံးထားတယ်။ မင်းလက်နဲ့ ထိကြည့်လိုက်။ ငါ ဘာပြောလဲဆိုတာ မင်း သိလိမ့်မယ်"

ဟန်ဖူလင်းက ရှင်းပြသည်။ သူမသည် ဤနေရာကို ရောက်နေခဲ့သည်မှာ နာရီအနည်းငယ် ကြာနေပြီး ဖြစ်သောကြောင့် အဖြစ်အပျက်ကို စုံစမ်းသိရှိခဲ့သည်။

"အဲ့ဒါဆို ငါတို့က အခု ဘာလုပ်ကြမှာလဲ.. စောင့်နေရမှာလား.."

"ကာကွယ်ရေး အလွှာက (၂၄)နာရီပဲ အကျိုးသက်ရောက်မှု ရှိမယ်လို့ ပြည်ထောင်စုအစိုးရက အများကို ပြောထားတယ်။ (၂၄)နာရီကြာရင် အလိုလို ပျောက်သွားလိမ့်မယ်။ အဲ့ဒီ အချိန်ကျရင် ဝင်လို့ရပြီ.."

ဤအရာက လျှို့ဝှက်ချက် မဟုတ်သောကြောင့် ထုံးစံအတိုင်း ဟန်ဖူလင်းက လျှို့ဝှက်ထားခြင်း မရှိပေ။

လင်းဟွမ်သည် ဟန်ဖူလင်းနှင့် စကားနေပြောရင်း ခဏကြာသောအခါ သားရဲတစ်ကောင်ကို စီးနင်းပြီး ကောင်းကင်မှ ဆင်းသက်လာသော ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ ရှန်းထောင်ကို တွေ့လိုက်ရသည်။

ရှန်းထောင်ကလည်း လူအုပ်ထဲတွင် ရှိနေသော လင်းဟွမ်ကို ချက်ချင်း သတိထားမိသည်။ မွန်းစတားကို ပြန်သိမ်းပြီးနောက် လင်းဟွမ်ထံ ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာသည်။ အနား ရောက်သောအခါ ထူးခြားနေသော လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်ကို သတိထားမိသွားသဖြင့်

"လင်းရှီ..၊ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်.."

"ကံကောင်းသွားလို့ပါ.."

လင်းဟွမ်က ပြုံးပြီး ရှန်းထောင်ကို ခေါင်းခါပြလိုက်သည်။ ဟန်ဖူလင်းထက်စာလျှင် ယခင်က လွင့်မြောကုန်းမြေပေါ်တွင် ရှန်းထောင်နှင့်အတူ

တိုက်ပွဲများ ဝင်ခဲ့ဖူးသောကြောင့် သူတို့က ပိုရင်းနှီးသည်မှာ သဘာဝ ကျသည်။

"မင်းတို့ ပြောစရာရှိတာ ဆက်ပြောကြပါ....."

ဟန်ဖူလင်းက သူတို့နှစ်ယောက်ကို ခေါင်းညိတ်ပြပြီး ထွက်သွားသည်။

ရှန်းထောင်သည် အဝေးထွက်သွားသော ဟန်ဖူလင်း၏ နောက်ကျောကို တစ်ချက်ကြည့်ပြီးနောက် လင်းဟွမ် ပခုံးကိုပုတ်ကာ 'ဒါမှ ငါ့ကောင်ကြီးကွ' ဆိုသည့် အဓိပ္ပာယ်နှင့် လက်မထောင်ပြလိုက်ပြီး...

"ဒီစော်လေး မဆိုးဘူး.."

"မင်းအတွေး လွှန်နေပြီ..၊ ငါတို့တွေ တစ်ခေါက်ပဲ တွေ့ဖူးသေးတာ"

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

"ဒါဆိုလည်း ဒီထက် ပိုဆုံအောင်လုပ်ပေါ့။ ကြိုးစားထား...သားကြီး..။ နောက်ထပ် ဆယ်ကြိမ် ဒါမှမဟုတ် အခါ နှစ်ဆယ်လောက် တွေ့ရင် ဖြစ်နိုင်ပါတယ်.."

ရှန်းထောင်က မျက်လုံးမှိတ်ပြပြီး....

"ဒါနဲ့ ပြောရဦးမယ်။ မိန်းမ တစ်ယောက်ရဲ့ နှလုံးသားကို လိုချင်ရင် အရှက်မရှိ ဖက်တွယ်တတ်ဖို့ လိုတယ်"

"ငါ့ကို အထီးကျန် ခွေးတစ်ကောင်လို ဖွန်ကြောင်နည်းသင်ပေးစရာ မလိုပါဘူး။ မင်း အကြံကို နားထောင်မှ ရည်းစားရဖို့ ပိုခက်မှာပဲ ကြောက်မိတယ်ဟေ့.."

လင်းဟွမ်က ပြန်ပြောလိုက်သည်။

ရှန်းထောင်က မည်သည့်စကားမှ ထပ်မပြောတော့ပေ။

"ဒီမြူခိုးအကြောင်းနဲ့ ပက်သက်ပြီး မင်း ဘာသိလဲ.."

လင်းဟွမ်က ရုတ်တရက် အသံပို့လွှင့်ပြီး ပြောလိုက်သည်။

"ဘာမှ မသိသေးဘူး.."

ရှန်းထောင်၏ အမူအရာက လေးနက်လာပြီး....

"ကြွေလွှင့် နတ်ဘုရားမြေက အဆင့်(၇) ဟင်းလင်းပြင် အပျက်အစီးပဲ။ ပြည်ထောင်စုအစိုးရက ဒါကို လျှို့ဝှက် ထိန်းသိမ်းထားခဲ့တယ်။ ဒီဟင်းလင်းပြင် အပျက်အဆီးကို အတိုင်းအတာ တစ်ခုအထိ ဖွင့်ပေးထားတယ် ဆိုပေမယ့် ငါတို့ကို အချက်အလက် နည်းနည်းလေးပဲ ထောက်ပံ့ထားတယ်"

"အဖွဲ့ခွဲ (၃) ပြည်ထောင်စုအစိုးရက နှစ်ပေါင်း ရာချီပြီး လေ့လာထားတာဆိုတော့ အချက်အလက် တချို့တော့ စုဆောင်းမိမှာပဲ။ မြူခိုးထူထပ်တဲ့ ဒီနေရာနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ အဖွဲ့တွေဖြစ်တဲ့

ပြည်ထောင်စု သမ္မဂ္ဂအဖွဲ့တွေနဲ့ မုဆိုးအဖွဲ့အစည်းတွေကတော့ တစ်ခုခု သိနိုင်တယ်”

ရှန်းထောင်က သူ့ထင်မြင်ချက်ကို ပြောဆိုလိုက်သည်။

လင်းဟွမ်သည် ရှန်းထောင်စကားကို ကြားသောအခါ ကာကွယ်ရေးအလွှာက (၂၄) နာရီသာ ကြာမြင့်မည်ဟု ပြည်ထောင်စုအစိုးရက ပြောထားသည့် အကြောင်းကို ပြန်သတိရသွားပြီး ရှန်းထောင်၏ ထင်မြင်ချက်က မှန်နိုင်သည်ဟု ယူဆလိုက်သည်။

“ကဲ ဒီအကြောင်း မပြောတော့ဘူး။ မင်းလည်း ဒီရောက်နေပြီဆိုတော့ ကျန်တဲ့လူတွေနဲ့ ပူးပေါင်း

လိုက်ရအောင်။ ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် ကာကွယ်နိုင်တာပေါ့”

ရှန်းထောင်က လင်းဟွမ်ကို ကောင်းကင်ဘုံမဟာမိတ်အဖွဲ့ဝင် အနည်းငယ် စုဝေးနေသောနေရာသို့ ဆွဲခေါ်သွားသည်။

“အစ်ကိုကြီး တန်လျန်းလည်း ဒီမှာရှိတယ်။ သူက မင်းကို တွေ့ချင်နေတာ..”

လင်းဟွမ်သည် တန်လျန်း အကြောင်းကို ကြားဖူးသော်လည်း တစ်ခါမှ မတွေ့ဖူးပေ။ အမှန်ဆို လင်းဟွမ်သည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ လက်ထောက်အကြီးအကဲ သုံးယောက်ကို တစ်ခါမျှ

မမြင်ဖူးသလို သူတို့က မည်ကဲ့သို့ပုံစံ ဆိုသည်ကိုပင် မသိချေ။

လင်းဟွမ်နှင့် ရှန်းထောင်တို့သည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင် ငါးယောက် ရှေ့သို့ ရောက်ရှိသွားသည်။

ရှန်းထောင်က လင်းဟွမ်နှင့်အတူ လမ်းလျှောက်လာသည်ကိုမြင်လျှင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ လူးငါးယောက်က အနည်းငယ် အကဲခတ်နေကြသည်။ သူတို့မှတ်မိသည့် အသိထဲတွင် လင်းဟွမ်က သန့်ရှင်းမီးလျှံ အဆင့်သာ ရှိသေးသောကြောင့် ယခုအချိန်တွင် အင်မော်တယ် အဆင့် (၃) သို့ ရောက်နေလိမ့်မည်ဟု

မမျှော်လင့်ထားပေ။ လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့် မြင့်တက်နှုန်းကြောင့် သူတို့အားလုံး အံ့အားသင့်နေသည်။

လင်းဟွမ်ကလည်း သူတို့ ငါးယောက်ကို အကဲခတ်နေသည်။ သူတို့အားလုံးက အင်မော်တယ် အဆင့်(၉) ရှိသော်လည်း တန်လျန်းကို ချက်ချင်း ရှာတွေ့လိုက်သည်။ လင်းဟွမ်နှင့် အရပ်ချင်း တူပြီး (၁.၈)မီတာထက် အနည်းငယ် မြင့်သည်။ ပါးလွှာသော အနက်ရောင်အကျီကို ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်က ပိန်ပါးသော ပုံစံ ရှိသော်လည်း ထိုအဝတ်အစား အောက်တွင် တောင့်တင်းသော ခန္ဓာကိုယ်ရှိကြောင်း သေချာနေသည်။

အသားအရည်က နီရဲပြီး ရုပ်ရည် ချောမောသည်ဟု မယူဆနိုင်သော်လည်း ယောကျ်ား ပီသသည်။ ဘယ်ဖက်ခြမ်း ပါးပြင်ပေါ်တွင် သုံးစင်တီမီတာ နီးပါးရှည်သော အမာရွတ်တစ်ခု ရှိ၏။ သို့သော်လည်း အမာရွတ်ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ရမည့်အစား ပို၍ အထာကျစေသည်။

သူတို့ အားလုံးက အင်မော်တယ်အဆင့် (၉) များ ဖြစ်ကြသော်လည်း အနက်ရောင် ဝတ်ဆင်ထားသော တန်လျှန်းထံမှ သူတို့ လေးယောက်ထက် ပိုမိုအားကောင်းသော အော်ရာများ စိမ့်ထွက်နေသည်။

'မင်းဆက်က သတ္တမမြောက်မင်းသားနဲ့ အတူတူပဲ..'

လင်းဟွမ်က ကျိတ်ပြီး မှတ်ချက် ပေးလိုက်သည်။

တန်လျှန်းအပြင် ကလေးမျက်နှာနှင့် လူတစ်ယောက်လည်း ရှိသေးသည်။ ထိုလူ၏အော်ရာမှာ တန်လျှန်းထက် အနည်းငယ် အားနည်းသော်လည်း အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်သည်မှာ ထင်ရှားသည်။ အနည်းဆုံး အသက် (၂၈) နှစ် ဖြစ်နိုင်သော်လည်း သူ့ကိုကြည့်ရသည်မှာ (၁၇) နှစ်၊ (၁၈)နှစ် သာရှိသည်ဟု ထင်ရသည်။ နူးညံ့သော အပြုံးနှင့် ကျောင်းသားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသောကြောင့် အန္တရာယ်ကင်းသော ပုံဖြစ်နေသည်။

'သူက အန္တရာယ်ကင်းသလို ဟန်ဆောင်ထားပေမယ့် တကယ်တော့ မဟုတ်ဘူး..'

လင်းဟွမ်က ကျိတ်ပြီး တံဆိပ်ကပ်လိုက်သည်။

"ဟိုင်း.. အားလုံးပဲ မင်္ဂလာပါ။ ငါ့ နာမည်က လင်းရှီပါ.."

လင်းဟွမ်က သူတို့ရှေ့သို့ လျှောက်သွားပြီး နှုတ်ဆက်လိုက်သည်။

"တန်လျှန်း.."

တန်လျှန်းက လင်းဟွမ်ကို ပထမဦးဆုံး လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"လီကျား.."

ကလေး မျက်နှာနှင့်လူက ဒုတိယမြောက် နှုတ်ဆက်သည်။

မိတ်ဆက်ပြီးနောက် လင်းဟွမ်သည် တန်လျန်းနှင့် ရှန်ထောင်တို့က အဖွဲ့ခွဲ (၁)မှဖြစ်ပြီး လီကျားက အဖွဲ့ခွဲ(၂)မှ ဖြစ်ကြောင်း သိလိုက်ရသည်။

ချန်းသွမ်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အတွက် ပေးသော ခွဲတမ်း (၁၀) နေရာစာကို အဖွဲ့ခွဲ (၁)မှ နှစ်ယောက်၊ အဖွဲ့ခွဲ (၂)မှ တစ်ယောက်၊ ကျန်သည့် (၇)ယောက်ကို အဖွဲ့ခွဲ (၃) မှ ခေါ်ယူခဲ့သည်။

"လင်းရှီ.. မင်းရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ တိုက်ခိုက်ရေးအစွမ်းကို ငါ သိတယ်။ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က အခုချိန်မှာ အင်မော်တယ် အဆင့်(၃) ဆိုပေမယ့် မင်းရဲ့ တိုက်ခိုက်ရေးအစွမ်း အစစ်အမှန်က အင်မော်တယ် အဆင့် (၉) ထက် အများကြီး အစွမ်းထက်တယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ အင်မော်တယ်အဆင့် (၉) အထွတ်အထိပ် ပါရမီရှင်တွေ အများကြီးပဲ၊ သူတို့က အင်ပါယာ အဆင့်ကိုတောင် သတ်ဖြတ်နိုင်စွမ်း ရှိတယ်။"

" အမှန်ပြောရရင် နားတော့ခါးမယ်၊ မင်းရဲ့ အရည်အချင်းက ဒီလူတွေ ကြားမှာ စကားထဲ

ထည့်ပြောဖို့တောင် မတန်ဘူး။ ငါ မလာခင်တုန်းက ချန်းသွမ်က ငါ့ကို တာဝန်တစ်ခု ပေးခဲ့တယ်။ ဟင်းလင်းပြင် အပျက်အစီးထဲမှာ မင်းနဲ့တွေ့ခဲ့ရင် မင်းကိုကာကွယ်ဖို့ အစွမ်းကုန် ကြိုးစားရမယ်လို့ မှာထားတယ်။ မင်းက မင်းသား ငါးပါးထဲကတစ်ယောက် ဖြစ်လာဖို့ အလားအလာ ရှိတယ်လို့ သူထင်နေတယ်။ မင်းလုပ်နိုင်ဖို့လည်း မျှော်လင့်နေတယ်။”

“ ဒါကြောင့် သူ့ရဲ့အတွေး မှန်လား၊ မမှန်ဘူးလား ဆိုတာ မဆုံးဖြတ်ရသေးခင် ငါ့တာဝန်က မင်းကို မဆုံးရှုံးအောင် ကာကွယ်ဖို့ပဲ။ ဒါကြောင့် ငါကလည်း မင်းကို တာဝန်တစ်ခု ပြန်ပေးမယ်။ တာဝန်ဆိုပေမယ့်

နားထောင်ရတာ ရိုးရှင်းတယ်၊ လွယ်လည်း လွယ်ပါတယ်။ ကိုယ့်ကိုကိုယ့် ကာကွယ်ပါ..”

တန်လျန်းက စိတ်ထဲရှိသည့်အတိုင်း ဒဲ့တိုး ပြောလိုက်သည်။ နားထောင်ရတာ မကောင်းသော်လည်း ကောင်းမွန်သော ရည်ရွယ်ချက် ဖြစ်သည်မှာ ထင်ရှားသည်။

“ဟုတ် ကောင်းပြီလေ..”

လင်းဟွမ်သည် တန်လျန်း၏စကားကို မည်ကဲ့သို့ တုံ့ပြန်ရမှန်း မသိပေ။

“ငါတို့ မြူခိုးထူထပ်တဲ့ နေရာကိုရောက်ရင် အဖွဲ့ထဲက ထွက်မသွားနဲ့။ ငါတို့ အတူတူ

လှုပ်ရှားကြမယ်။ ငါတို့အဖွဲ့ ဝင်သွားရင် မင်းက ငါ့နောက်က လိုက်ရမယ်။ လီကျားက ဒုတိယ၊ ရှန်းထောင်က တတိယ..”

“နားလည်ပြီ..”

လင်းဟွမ်က သဘောတူကြောင်း တည်ငြိမ်စွာ ခေါင်းညိတ်ပြလိုက်သည်။

## အခန်း(၈၄၈) - ပိုးကောင် သခင်.....

သန်းခေါင်ယံ အချိန်တွင် ကောင်းကင်ပေါ်က ငွေရောင်တိမ်တိုက်များသည် ဖြည်းဖြည်းချင်း မှိန်ဖျော့လာပြီး နောက်ဆုံး၌ မှေးမှိန်စပြုလာသည်။

မြူခိုး ထူထပ်နေသော နေရာတစ်ဝိုက်ကို ဖုံးအုပ်ထားသည့်အလွှာက မကြာခင် လျော့ပါးလာမည့် အကြောင်းကို လူတိုင်းသိနေကြသည်။

မြူခိုး ထူထပ်နေသောနေရာ၏ အဝင်ဝတွင် လူ ငါးထောင်ကျော် စုဝေးနေကြပြီ ဒါသည် ဟင်းလင်းပြင်

အပျက်အစီးထဲသို့ ဝင်လာသော လူ့အရေအတွက်၏ ထက်ဝက်ကျော် ဖြစ်သည်။

ထောင်ပေါင်းများစွာသော လူထဲတွင် အင်မော်တယ် အဆင့်(၉) များ ပါဝင်ပြီး ထိုထဲမှ အနည်းစုကသာ သန့်ရှင်းမီးလျှံအဆင့်တွင် ရှိကြသည်။ ထိုအထဲ၌ (၃၀)ကျော်က အင်ပါယာအဆင့် တန်ခိုးရှင်များ ဖြစ်ကြသည်။

ထိုအင်ပါယာအဆင့် တန်ခိုးရှင်များသည် ကောင်းကင်ပေါ်က ဖြစ်စဉ်ကို လုံးဝ မမြင်ကြပေ။ အများစုက တစ်ဖွဲ့တည်းဖြစ်သည့် အင်မော်တယ်

အဖွဲ့ဝင်များထံမှ သတင်းကြားပြီးနောက် ဤနေရာသို့ ရောက်လာကြခြင်းပင် ။

အင်ပါယာနှလုံးသား လက်စွပ်ပေါ်ရှိ ဆက်သွယ်ရေး လုပ်ဆောင်ချက်ကို အသုံးမပြုနိုင်သော်လည်း အဓိက အဖွဲ့အစည်းကြီးများတွင် သူတို့၏ ကိုယ်ပိုင်ထူးခြားသော ဆက်သွယ်မှု နည်းလမ်းများ ရှိကြသည်။ သို့သော်လည်း ဆက်သွယ်နိုင်သည့် အကွာအဝေးက အကန့်အသတ် ရှိသောကြောင့် အင်ပါယာနှလုံးသား လက်စွပ်ကဲ့သို့ အဆင်ပြေလှသည် မဟုတ်ပေ။

သူတို့ထဲမှ အနည်းစုသည် ဤနေရာတစ်ဝိုက်တွင် အမဲလိုက်နေခဲ့ပြီး အင်မော်တယ်အဆင့် တန်ခိုးရှင်များကို

သတိထားမိသောအခါ မနေနိုင်ဘဲ ရောက်လာကြသည့် လူများလည်း ရှိသည်။

လူအုပ်ထဲမှ အင်မော်တယ်အဆင့် တန်ခိုးရှင်များသည် ကြိတ်ပြီး ညည်းညူနေကြသည်။ ဒီနေရာထဲကို အင်ပါယာအဆင့် တန်ခိုးရှင် (၃၀) ကျော်လုံး ဝင်သွားပါက သူတို့သည် မွန်းစတား၏ အရိုးတစ်ပိုင်းကိုပင် ရနိုင်လိမ့်မည် မဟုတ်ချေ။

ကောင်းကင်ပေါ်ရှိ ဖြစ်စဉ်က လျင်မြန်စွာ မေးမှိန်သွားခဲ့ပြီး အများစုက ချိုင့်ဝှမ်း အဝင်ဝရှိ မမြင်ရသော အလွှာကို စတင် စမ်းသပ်

ထိတွေ့နေကြသည်။ မကြာခင် သူတို့ထဲမှတစ်ယောက်က အော်ဟာစ်လိုက်သည်။

"အလွှာ မရှိတော့ဘူး..."

အော်သံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် လူအုပ်ကြီးသည် ချိုင့်ဝှမ်းထဲကို စိတ်လှုပ်ရှားစွာ ပြေးဝင်သွားကြသည်။

လင်းဟွမ်တို့ အဖွဲ့ကလည်း သူတို့နောက်မှ လိုက်ပါသွားသည်။

လူတော်တော် များများက ချိုင့်ဝှမ်းထဲ ဝင်သွားပြီး မြူခိုးများထဲ ပျောက်ကွယ်သွားသည်ကို တွေ့လိုက်

ရသည်။ ခဏာအကြာ ထိုလူများ၏ အော်ရာကို အာရုံ မခံမိတော့ပေ။

ပြည်ထောင်စုအစိုးရ လက်အောက်ရှိ အဓိက အဖွဲ့အစည်း အနည်းငယ်မှ အဖွဲ့ဝင်များသည် ကျန်သည့် အဖွဲ့ဝင်များကဲ့သို့ အလျင်လိုခြင်း မရှိပေ။ ထိုအစား သူတို့က သူတို့ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်ပြီး အဖွဲ့လိုက် လမ်းလျှောက်သွားကြသည်။

"လူစုကွဲသွားမှာ ကြောက်ရုံနဲ့တော့ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်တွေက လက်ချင်းတွဲပြီး လမ်းလျှောက်မှာ မဟုတ်ဘူး။ သူတို့

ဝင်သွားတဲ့အခါကျရင် နေရာ ကူးပြောင်းသွားတာပဲ ဖြစ်လိမ့်မယ်”

တန်လျန်းက သူ့ထင်ကြေးကို ထုတ်ပြောလိုက်သည်။

ကျန်သည့်လူများကလည်း သူ့စကားကို ထောက်ခံကြသည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ လူ (၁၀) ယောက်က လက်ချင်းမချိတ်ရသေးခင် အင်ပါယာအဆင့် တန်ခိုးရှင်တစ်ယောက်က အပေါက်ဝထဲ ရုတ်တရက် ပြေးဝင်သွားသည်။ သို့သော်လည်း ထိုလူသည် မမြင်ရသော မှန်နှင့် ပစ်တိုက်သွားသကဲ့သို့ ဘုန်းခနဲ

နောက်ပြန် လဲကျသွားသည်။ ပြန်ထလာသောအခါ မျက်နှာတစ်ခုလုံး ရောင်ကိုင်းနေသည်။

ဤမြင်ကွင်းကို မြင်လိုက်လျှင် လူတိုင်း အံ့အားသင့်သွားသည်။

"ဝင်ပေါက် ပိတ်သွားပြီလား..."

လူတစ်ယောက်က မမျှော်လင့်ထားသဖြင့် အလန့်တကြား ထအော်လိုက်သည်။

အင်မော်တယ်အဆင့် လူတစ်ယောက်က လက်ကို ဆန့်ထုတ်ပြီး အလွှာကိုထိကြည့်လိုက်ရာ အလွယ်တကူ ဖြတ်သန်းသွားသည်။ ထို့နောက် ထိုလူက

သူ့အဖွဲ့ဝင်များနှင့်အတူ မြူခိုးထဲတွင် ပျောက်ကွယ်သွားသည်။

နောက်ပိုင်းတွင် ကျန်သည့် အင်မော်တယ်အဆင့်လူများက တစ်ယောက်ပြီးတစ်ယောက် အထဲသို့ဝင်သွားရာ မည်သူမှ တားဆီးခြင်း မခံရပေ။

ထို့နောက် အင်ပါယာအဆင့် တန်ခိုးရှင်များက သူတို့၏လက်ကို ဆန့်ထုတ်လိုက်ရာ ပိတ်ဆို့ထားကြောင်း သိလိုက်ရသည်။

မြူခိုး ထူထပ်နေသောနေရာက အင်ပါယာအဆင့်များကို ဝင်ခွင့်မပြုသည်မှာ ထင်ရှားနေသည်။ အင်ပါယာ ရွှေဖြူရောင်အဆင့် တန်ခိုးရှင်က အနည်းငယ်

မျက်မှောင်ကြုတ်သွားပြီး ချိုင့်ဝှမ်းအတွင်း ဝင်တော့မည့် အင်မော်တယ်အဆင့် သူ့အဖွဲ့သား တစ်ယောက် ဘေးနားတွင် ဖျတ်ခနဲ ပေါ်လာသည်။ သူ့အဖွဲ့သား၏ လက်ကိုဆုပ်ကိုင်ပြီး...

"ငါ့ကို ခေါ်သွား..."

ထိုအဖွဲ့ဝင်သည် မငြင်းရဲသည့်အတွက် သူ့ကို ခေါ်သွားသည်။

မကြာခင် ငါးယောက်အုပ်စုသည် အလွှာကို ဖြတ်သန်း၍ ဝင်ရောက်ကြသော်လည်း အင်ပါယာ ရွှေဖြူရောင်အဆင့် အလှည့်သို့ ရောက်သောအခါ သူကိုင်ထားသည့် အင်မော်တယ်အဆင့် အဖွဲ့ဝင်၏

လက်ကို အလိုလို လွှတ်ချပြီး နောက်ပြန် လွင့်ထွက်သွားသည်။

ထိုအရာကို ကြည့်ပြီးနောက် ကျန်သည့်လူများက အတည်ပြုလိုက်ကြသည်။ မြူခိုး ထူထပ်နေသော ဤနေရာက အင်ပါယာအဆင့် စွမ်းအားရှင်များကို ဝင်ရောက်ခွင့်မပြုဘဲ တားမြစ်ထားသည်။

တန်လျှန်းနှင့် လူအနည်းစုကမူ ကျိတ်ပြီး ဝမ်းသာနေကြသည်။ ထိုနေရာတွင် အင်ပါယာအဆင့်များ မရှိပါက သူတို့က ဩဇာအရှိဆုံး တန်ခိုးရှင်များ ဖြစ်သည်ဟုသော အဓိပ္ပာယ်ပင် ။ သူတို့ အရင်းအမြစ်များ ရှာဖွေနေသည့်အချိန်တွင် အနီးတစ်ဝိုက်၌ အခြား

တန်ခိုးရှင်းများ ရှိ၊ မရှိကို စုံစမ်းစစ်ဆေး စရာ မလိုခြင်းက သတင်းကောင်းပင်....။

ကျန်သည့် အင်ပါယာအဆင့် တန်ခိုးရှင်များလည်း အလွန် ထိတ်လန့်သွားပုံရသည်။ အပြင်ဘက်တွင် တစ်နေ့ခင်းလုံး စောင့်နေလျှင်ပင် အသုံးဝင်မည် မဟုတ်တော့ချေ။

"သွားကြစို့..."

ထိုနေရာတွင် ရပ်ကြည့်နေသော အင်ပါယာအဆင့် တန်ခိုးရှင်များက ဒေါသပေါက်ကွဲပြီး စိတ်ရှုး ပေါက်လာနိုင်သောကြောင့် တန်လျှန်းက

သူ့အဖွဲ့ဝင်များကို လက်ချင်းချိတ်ပြီး အထဲပြေးဝင်ရန် တိုက်တွန်းလိုက်သည်။

သူတို့ (၁၀) ယောက်သည် ပိုင်းခြားထားသော အလွှာကို အောင်မြင်စွာဖြတ်ကျော်ပြီး မြူခိုးထဲ ပျောက်ကွယ်သွားသည်။

လင်းဟွမ် ခံစားလိုက်ရသည်မှာ အလွှာကို ဖြတ်ကျော်ပြီးသည်နှင့် သူ့အမြင်အာရုံက ရုတ်တရက် ကြည်လင်လာခြင်းပင်။

ပတ်ဝန်းကျင်တွင် မြူခိုးများ လုံးဝ ပျောက်ကင်းနေပြီး သူတို့ (၁၀) ယောက်က လက်ချင်းချိတ်လျက် ကွင်းပြင် တစ်ခုထဲတွင် ပေါ်လာသည်။ လေထဲမှ လတ်ဆတ်သော

ပန်းရနံ့များကိုပင် ရနေသည်။ အနီရောင်နှင့် ခရမ်းရောင် လခြမ်းလေးများက သူတို့ ခေါင်းပေါ်က ကောင်းကင်ပေါ်တွင် တွဲလောင်း ခိုနေပြီး လျှို့ဝှက်ဆန်းကြယ်သော ည၏အလှကို သရုပ်ဖော်နေကြသည်။

"ငါတို့တွေ ကမ္ဘာထဲ ပြန်ရောက်သွားသလိုပဲ..."

ရှန်းထောင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"အခု လက်လွတ်လို့ ရပြီလား..."

လင်းဟွမ်က တန်လျန်းကို လှည့်ကြည့်ပြီး မေးလိုက်သည်။

တန်လျန်းက လက်ကို လွှတ်ပြီးနောက် လှည့်ပတ်ကြည့်ကာ

"ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိဘူး။ အော်ရာလည်း မရဘူး။ ငါတို့က မြူခိုးထူထပ်နေတဲ့ နေရာကနေ နေရာတစ်ခုကို အဖွဲ့လိုက် ပို့လိုက်တာပဲ။ တခြားအဖွဲ့တွေလည်း ဒီလိုပဲ ကြုံလိမ့်မယ်။ ထောက်လှမ်းနိုင်စွမ်း ဒါမှမဟုတ် ထောက်လှမ်းရေး ခတ်ကြွင်း ပိုင်ထားတဲ့သူ တစ်ယောက်ယောက် မရှိဘူးလား..."

"ဒီနေရာမှာ ထူးခြားတဲ့ အဖြစ်အပျက် ရှိ၊မရှိ။ ငါတို့အနီးတစ်ဝိုက်မှာ တခြားသူတွေ ရှိ၊မရှိ စစ်ဆေးပေး..."

"ငါ လုပ်လိုက်မယ်..."

လီကျားက လူအုပ်ထဲမှ ထွက်လာပြီး တန်လျန်းကို ပြောလိုက်သည်။

တန်လျန်းက ခေါင်းညိတ်လိုက်သည်။

ကောင်းကင် မဟာမိတ်အဖွဲ့၏ လက်ထောက်အကြီးအကဲ တစ်ယောက် အနေနှင့် ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များအကြောင်းကို အကြမ်းဖျင်း သိနေသည်။ အထူးသဖြင့် ဤနေရာကို ထွက်မလာခင်က ချန်းသွမ်ထံမှ စာရင်းများ ကြိုယူထားပြီး အိမ်စာကို ကျေညက်အောင် လုပ်ထားခဲ့သည်။

လီကျားက မျက်လုံးကို ဖြည်းဖြည်းချင်း မှိတ်လိုက်သည်။

ခဏအကြာ ခြင်အရွယ်အစား ရှိသော အနက်ရောင် ယင်ကောင်များက သူ့အင်္ကျီကော်လံနှင့် အင်္ကျီလက်စများကြားမှ ထွက်လာသည်။ အတောင်ပံများ ခတ်ပြီး အရပ်မျက်နှာ အသီးသီးသို့ ပျံသန်းသွားသည်။

"ပိုးကောင် သခင်လား..."

အဖွဲ့ထဲမှ လူတစ်ယောက်က အံ့အောသင့်စွာ ရေရွတ်လိုက်သည်။

လင်းဟွမ်ကလည်း ပိုးကောင်သခင်နှင့် ပထမဦးဆုံး အကြိမ် ကြုံတွေ့ဖူးခြင်း ဖြစ်သောကြောင့် အနည်းငယ် အံ့အားသင့်နေသည်။

ပိုးကောင်သခင် ဆိုသည်မှာ ထိန်းချုပ်သူထက်ပင် ရှားပါးကြောင်း သူသိနေသည်။ ဤကဲ့သို့ အသက် မွေးဝမ်းကျောင်း အကြောင်းကို ကြားဖူးသော်လည်း တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

အမှန်တကယ်ဆို ရှေးခေတ် အချိန်တုန်းက ပိုးကောင်သခင် ဆိုသည်မှာ ထိန်းချုပ်သူ၏ လက်အောက်က အခွဲတစ်ခုပင် ။ သို့သော်လည်း ပိုးကောင်အမျိုးအစား အသစ်များကို ထပ်မံ

လေ့လာနေသောကြောင့် ထိန်းချုပ်သူများထက် စွမ်းရည်အသစ်များ၊ တိုက်ပွဲဝင် ပုံစံအသစ်များ ထွက်ပေါ်လာခဲ့သည်။ ဤကဲ့သို့ဖြင့် သူတို့သည် ထိန်းချုပ်သူ နယ်ပယ်မှ သီးခြား ခွဲထွက်ပြီး အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အသစ်အဖြစ် ပိုးကောင် မာစတာ၊ ပိုးကောင်သခင် ဟူသော နယ်ပယ်ကို မွေးဖွားခဲ့သည်။

ပိုးကောင်ဆိုသည်မှာ မွန်းစတား အားလုံးထဲတွင် မျိုးကွဲအများဆုံး ဖြစ်သောကြောင့် ပိုးကောင်သခင်များ၏ တိုက်ပွဲဝင်ပုံစံသည် ထိန်းချုပ်သူများထက် ပို၍ အရောင်အသွေး စုံလင်လှ၏။ သူတို့သည်

ထိန်းချုပ်သူများနှင့် ကွဲပြားခြားနားသော လမ်းစဉ်ကို လျှောက်လှမ်းကြသည်။

ယခုအခါ၌ ပိုးကောင်သခင်က ထိန်းချုပ်သူနှင့် ကွဲပြား၍ သီးခြား အသက် မွေးဝမ်းကျောင်း တစ်ခုဖြစ်ကြောင်း လူတိုင်းနီးပါးက သဘောတူ လက်ခံထားကြသည်။

လင်းဟွမ်အတွက်မူ လီကျား၏ ထောက်လှမ်းရေး စွမ်းရည်က သွေးရဲရဲလေး၏ မျှော့မျိုးစေ့များနှင့် ဆင်တူသည်။ သို့သော်လည်း ထောက်လှမ်းနိုင်သည့် အကွာအဝေး ကန့်သတ်ချက်ရှိပြီး အရေအတွက်အားဖြင့်လည်း အားနည်းချက် ရှိနေသည်။

ထို့ကြောင့် သူ၏ ထောက်လှမ်းမှုနှင့် တိကျမှုမှာ သွေးရဲရဲလေးထက် သေချာပေါက် နိမ့်ကျသည်။ ထို့အပြင် သွေးရဲရဲလေးက မျှော့မျိုးစေ့ သန်းပေါင်းများစွာကို ထိန်းချုပ်နိုင်သော အဆင့်မြင့်ဉာဏ်ရည်ကို ပိုင်ဆိုင်ထားသည်။ လီကျားက ထိုအချက်ကို သေချာပေါက် လုပ်နိုင်မည် မဟုတ်ချေ။

သို့သော်လည်း ယခုအခါတွင် လီကျားက ပိုးကောင်ရေ တစ်သောင်းအထိ ထုတ်လုပ်ထားပြီး ဖြစ်သည်။ သူ၏ စိတ်ဝိညာဉ်နှင့် စိတ်စွမ်းအားက စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမားထက် များစွာ အစွမ်းထက်ကြောင်း သက်သေပြနေသည်။

(၁၀) မိနစ်ခန့် ကြာသောအခါ ပိုးကောင်များ ပြန်ရောက်လာပြီး လီကျား ခန္ဓာကိုယ်ထဲ ပြန်ဝင်သွားသည်။ သူ၏ တစ်မူထူးခြားသော မျက်လုံးများက ဖြည်းဖြည်းချင်း ပြန်ပွင့်လာသည်။

"ဘယ်လိုလို့လဲ..."

တန်လျန်းက ချက်ချင်း မေးလိုက်သည်။

"ဒီမှာ ဒေသခံတွေ ရှိတယ်..."

သူပြောလိုက်သော စကားကြောင့် လူတိုင်း တုန်လှုပ်သွားသည်။ ထို့နောက် သူက ဆက်ပြောလိုက်သည်။

"ငါတို့ရဲ့ (၁၀) နာရီထောင့်၊ ကီလိုမီတာ (၁၂၀) အကွာမှာ လူတွေနေထိုင်တဲ့ မြို့ငယ်လေးတစ်မြို့ ရှိတယ်။ သူတို့ အားလုံးက သာမန်လူတွေပဲ။ ထူးထူးခြားခြား ဝတ်စား ဆင်ယင်ထားတယ်။ ရှေးဟောင်းပြတိုက်မှာ တွေ့ဖူးတဲ့ လူတွေရဲ့ အဝတ်အစား အတိုင်းပဲ...."

# အခန်း(၈၄၉) - မြို့ငယ်လေး

လီကျား၏ ရှာဖွေတွေ့ရှိမှုက မထင်မှတ်ထားလောက်အောင်ပင် ။

လင်းဟွမ်ပင် အနည်းငယ် အံ့အားသင့်သွားသည်။

"မမှားဘူးဆိုတာ သေချာလား။ တကယ်ပဲ လူသားတွေလား။ မွန်းစတားတွေ အယောင်ဆောင်ထားတာ မဟုတ်ဘူးလား"

တန်လျှန်းအတွက် ထူးဆန်းပြီး မယုံကြည်နိုင်ဖြစ်နေသေးသည်။

"တကယ် အမှန်ပဲ။ မြို့ထဲက အဆောက်အဦးတွေကို လူသားတွေ ဖန်တီးထားလို့ အခုဆို လင်းထိန်နေတယ်။ မွန်းစတားတွေက ဒီလိုမြို့မျိုး တည်ဆောက်နိုင်မယ်လို့ မထင်ဘူး..."

လီကျားက သေချာနေသည်။

"ရှေးခေတ်က အသက်ရှင် လွတ်မြောက်လာတဲ့ လူတွေလား..."

ရှုနန်းထောင်သည် မနေနိုင်ဘဲ မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"စစ်ပွဲထဲက လွတ်မြောက်လာတဲ့လူတွေက စုပြီး သူတို့ဘာသာသူတို့ မြို့ကို ဖြည်းဖြည်းချင်း တည်ဆောက်ခဲ့ကြတာ ဖြစ်နိုင်တယ်"

"သီအိုရီအရဆိုရင် သေချာပေါက် ဖြစ်နိုင်တယ်..."

လင်းဟွမ်က သူတို့ ပြောသည့်အချက်ကို သဘောတူ ခေါင်းညိတ်သည်။

ရှန်ထောင်၏ ယူဆချက်က အကျိုးအကြောင်း ဆီလျော်သည်။

"ဒီလို မြူခိုးထူထပ်တဲ့နေရာက သူတို့ကို ကာကွယ် ပေးထားပြီး ပြင်ပကလူတွေ သူတို့ဘဝကို မနှောင့်ယှက်နိုင်အောင် တားဆီး ပေးထားတာ

ဖြစ်နိုင်တယ်။ အဲဒါကြောင့် သူတို့ မျိုးဆက်တွေက အခုအချိန်ထိ နေနိုင်ခဲ့တာ ဖြစ်လိမ့်မယ်”

လီကျားက ထပ်ပြောလိုက်သည်။ သူ၏အသံနှင့် အတွေးများက ထိုလူများသည် ရှေးခေတ်က အမှန်တကယ် လွတ်မြောက်လာသော လူများ ဖြစ်နိုင်သည်ဟု လူတိုင်းကို ယုံကြည်သွားစေသည်။

“ငါတို့တွေ အတူတူသွားပြီး အကဲခတ်ကြရအောင်။ ဘာပဲဖြစ်ဖြစ် အနားယူဖို့ နေရာလိုတယ်။ နောက်ပြီးတော့ နယ်မြေအကြောင်းလည်း မေးကြည့်လို့ ရတာပေါ့…”

တန်လျန်းက တွေးပြီးနောက် အစီအစဉ်တစ်ခု ပေါ်လာသော်လည်း လူတိုင်းကို သတိပေးရန် မမေ့ခဲ့ပေ။

"ဒီလူတွေက ရှေးခတ်က အသက်ရှင် ကျန်ရစ်ခဲ့တဲ့ လူတွေဖြစ်ဖြစ်၊ မဖြစ်ဖြစ် ငါတို့ သတိထားရမယ်။ ငါတို့တွေက အဆင့် (၇) ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်နေတယ်ဆိုတာ မမေ့နဲ့။ ဘာမဆို ဖြစ်သွားနိုင်တယ်"

တန်လျန်းက လိုရင်းတိုရှင်း အကြံပေးပြီးနောက် ရှေ့ဆုံးမှ ဦးဆောင်ပြီး မြို့ဆီကို ပျံသန်းသွားသည်။ မကြာခင် လီကျားပြောသောမြို့ကို တွေ့လိုက်ရသည်။

မြို့က သေးသေးလေးပင်။ ခန့်မှန်းခြေအားဖြင့် စတုရန်းကီလိုမီတာ (၄၀) ၊ (၅၀) ခန့်သာ ကျယ်ဝန်း၏။

မြို့ထဲရှိ အဆောက်အဦးတိုင်း နီးပါးကို အုတ်နီ၊ အစိမ်းရောင် ကြွေပြားများနှင့် ပြုလုပ်ထားပြီး ခပ်နိမ့်နိမ့်အိမ်များ ဖြစ်သည်။ နှစ်ထပ်အိမ် မရှိသလောက်ပင်။ အိမ်တိုင်း၏ အဝင်ဝတွင် မီးနီများ ထွန်းထားသည်။ မီးပုံးအတွင်းတွင် ဖယောင်းတိုင် ထွန်းထားခြင်းလား၊ စွမ်းအင်ကျောက်တုံးမှ အလင်းရောင် ထွက်လာခြင်းလား ဆိုသည်ကို မသိပေ။

"အရင်က ပြတိုက်ထဲမှာ ဒီလိုမီးပုံးတွေ မြင်ဖူးတယ်။ အလယ်ခေတ်က လူတွေက အလင်းအရင်းအမြစ်အနေနဲ့ အသုံးပြုတာ မှတ်မိသေးတယ်"

အင်မော်တယ်အဆင့် (၉) တန်ခိုးရှင်တစ်ယောက်က ပြောလိုက်သည်။

"အဲ့ဒီလောင်စာတွေကို တိရိစ္ဆာန်တွေ ဆီကနေ ထုတ်ထားတယ်လို့ ထင်တယ်..."

ကောင်းကင်ပေါ်မှ ဖြည်းဖြည်းချင်း ဆင်းသက်လာကြသည်။

"တကယ်ပဲ ပတ်ဝန်းကျင်မှာ ဘာစွမ်းအင်မှ မရှိဘူး။ ဒီမှာနေတဲ့လူတွေက ကျင့်ကြံခြင်း အခြေခံမရှိတဲ့ သာမန်လူတွေပဲ ဖြစ်နိုင်တယ်"

လီကျား၏ အစောပိုင်း ပြောဆိုချက်များက မှန်ကန်ကြောင်း နောက်ဆုံးတွင် တန်လျန်းက အတည်ပြုလိုက်သည်။ ထိုအချက်ကို သိပြီးနောက် စိတ်သက်သာရာ ရသွားသည်။

ထိုအချိန်တွင် လင်းဟွမ်က မလှမ်းမကမ်းရှိ အိမ်ပြတင်းပေါက်မှ ငုံ့ကြည့်နေသော အသက် (၁၂) နှစ်၊ (၁၃)နှစ်အရွယ် ကလေး တစ်ယောက်ကို သတိထားလိုက်မိသည်။

ကောင်လေးဘက်သို့ လှည့်ကြည့်လိုက်သည်။

ကောင်လေးက ပြတင်းပေါက်နောက်တွင် ချက်ချင်း ခေါင်းငုံ့ကာ လင်းဟွမ်နှင့် ကျန်သည့်လူများကို ချောင်းကြည့်နေသဖြင့် လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

ကောင်လေးသည် အံ့အားသင့်သွားပြီး ပြတင်းပေါက် မဖွင့်ခင် တုန်လှုပ်သွားပုံရသည်။ ထို့နောက် လင်းဟွမ်ကို လှမ်းအော်ပြီး မေးလိုက်သည်။

"မင်းတို့က အင်မော်တယ်တွေလား..."

လင်းဟွမ်နှင့် ကျန်သည့်လူများသည် ထိုမေးခွန်းကို ကြားသောအခါ ကြောင်သွားသည်။

“ကလေး…”

လင်းဟွမ်က တစ်ခုခုပြောရန် လုပ်လိုက်စဉ် ရှန်းထောင်က သူ့ပခုံးကိုဆုပ်ကိုင်ပြီး ခေါင်းခါပြသည်။

လင်းဟွမ်က ခြေတစ်လှမ်းရှေ့တိုးပြီး ကောင်လေးကို အပြုံးလေးနှင့် ပြောလိုက်သည်။

“ငါတို့တွေက အင်မော်တယ် မဟုတ်ဘူး… ကျင့်ကြံသူတွေပါ…”

“ဒါပေမယ့် မင်းတို့တွေ ကောင်းကင်ပေါ်မှာ ပျံနေတာ ငါ မြင်လိုက်တယ်။ အဲ့တာဆို မင်းတို့အားလုံးက အင်မော်တယ်ပဲ မဟုတ်ဘူးလား…”

ကောင်လေးက ယုံကြည်ချက် အပြည့်နှင့် ပြောလိုက်သည်။

"မင်းက အဲ့ဒါကို ပြောတာလား..."

လင်းဟွမ်က မြေပြင်ပေါ်မှ ဖြည်းဖြည်းချင်း ကြွတက်ပြီး ပြတင်းပေါက်ထံ ပျံသန်းသွားသည်။

"ဟာ... မင်းတို့က တကယ့် အင်မော်တယ်တွေပဲ..."

ကောင်လေး၏ မျက်လုံးများက တောက်ပလာပြီး လင်းဟွမ်က ရင်းနှီးဖော်ရွေတတ်ကြောင်း သိလိုက်လျှင် မကြောက်တော့ချေ။ ထို့နောက် လင်းဟွမ်ကို စိတ်လှုပ်ရှားစွာဖြင့်

"မင်းတို့တွေက နတ်ဆိုးတွေကို ဘယ်လို သတ်ရမလဲ သိရမယ်..."

"နတ်ဆိုး... ဟုတ်လား..."

လင်းဟွမ်သည် ထိုစကားကိုကြားလျှင် အံ့သြသွားသော်လည်း မေးလိုက်သေးသည်။

"မင်းပြောတဲ့ နတ်ဆိုးက ဘယ်လိုပုံစံလဲ... ပြောပြပါဦး..."

"သူတို့က..."

ကောင်လေးသည် ရုတ်တရက် စကားဖြတ်ပြောခံလိုက်ရသည်။

“ ရှောင်ယူ .... ဘယ်သူနဲ့ စကားပြောနေတာလဲ...”

အမျိုးသမီးတစ်ယောက်က ကောင်လေး၏ အခန်းတံခါးကို ရုတ်တရက် ဖွင့်လိုက်သည်။

“အန်တီ...”

ကောင်လေးက အခန်းတံခါးဘက်ကို ချက်ချင်း လှည့်ကြည့်လိုက်သည်။

“မင်း ဘယ်သူလဲ...”

အမျိုးသမီးက လင်းပွမ်ကို သတိထားပြီး ကြည့်နေသည်။ သူမက ရှေ့ထွက်လာပြီး ကောင်လေးကို သူမနောက်ကျောတွင် ဝှက်ထားလိုက်သည်။

"အန်တီ... သူတို့က အင်မော်တယ်တွေ..."

ရှောင်ယူဟုခေါ်သော ကလေးငယ်က စိတ်လှုပ်ရှားစွာ အော်ပြောလိုက်သည်။

"အင်မော်တယ်... ဟုတ်လား။ လူလိမ်တစ်ယောက်နဲ့ ပိုတူတယ်"

ယခုမှပင် အမျိုးသမီးက ပို၍ သံသယ ဖြစ်လာပုံ ရသည်။

"သူက လူလိမ် မဟုတ်ဘူး... ကောင်းကင်ပေါ်မှာ ပျံနေတာ... ငါ တကယ် တွေ့ခဲ့တာ..."

ရှောင်ယူက လင်းဟွမ်ကိုယ်စား အမြန် ရှင်းပြသည်။

"မင်း ထွက်သွားမလား။ ဒါမှမဟုတ် ရဲခေါ်လိုက်ရမလား..."

အမျိုးသမီးက လင်းဟွမ်ကို ပြင်းထန်စွာ ခြိမ်းခြောက်လိုက်သည်။

လင်းဟွမ်က ပေါက်လွတ်ပဲစား တစ်ယောက်ဆိုသည်မှာ သူမအတွက် သေချာနေသည်။

"အစ်မ... စိတ်အေးအေးထားပါ။ ငါတို့က နတ်ဆိုးအကြောင်း မေးချင်ရုံလေးပါ..."

လင်းဟွမ်က သူ့လက်များကို အားကိုးရာမဲ့စွာ ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

"အို... မင်းက နတ်ဆိုးအကြောင်း သိချင်တာလား။ မင်းကိုယ်မင်း တကယ့် အင်မော်တယ်လို့ တွေးနေတာလား..."

အမျိုးသမီးက မယုံသင်္ကာ အမူအရာနှင့် မေးလာသည်။

"ငါ့ဘဝမှာ လူလိမ်တွေ အများကြီး တွေ့ဖူးတယ်။ ပျံ့နိုင်တဲ့လူက မင်းတစ်ယောက်တည်း မဟုတ်ဘူး။ မင်းတို့ကောင်တွေ လှည့်စားတဲ့ လှည့်ကွက်တွေကို ငါမသိဘူး ထင်နေတာလား။ ကဲ... မင်း ပြောသလို မင်းက အင်မော်တယ်ဆို ငါ့ကို ပျံသန်းပြလေ... အဲ့ဒါဆို ငါ ယုံလိုက်မယ်..."

"ဒီလို ဆိုမှတော့လည်း..."

လင်းဟွမ်သည် အမျိုးသမီး၏စကားကို ကြားလျှင် မပြုံးဘဲ မနေနိုင်တော့ချေ။ သူက အမျိုးသမီးနှင့် ကောင်လေး၏ခန္ဓာကိုယ်ကို စိတ်ဝိညာဉ် လှိုင်းနှစ်ခု ထုတ်လွှတ်လိုက်သည်။ လင်းဟွမ်သည် ခြေဖဝါးများက မြေပေါ်မှ အနည်းငယ် ကြွတက်သွားသလို သူ့လက်ချောင်းများကိုလည်း အနည်းငယ် လှုပ်ရှား လိုက်သည်။

"ငါ..."

အမျိုးသမီးသည် တစ်ခုခု ပြောချင်သော်လည်း သူမက လေထဲမြောက်တက် သွားကြောင်း သိလိုက်ရသည်။

သူမပါးစပ်မှ ထွက်လာမည့် စကားလုံးများက လည်ချောင်းထဲ ပြန်ပြုတ်ကျသွားသည်။

"ငါ ပျံနေတယ်..."

ရှောင်ယူကမူ သူ ပျံသန်းနေသည်ကိုမြင်လျှင် စိတ်လှုပ်ရှားစွာ ခုန်ပေါက်နေသည်။

"အခု စကားပြောလို့ ရပြီလား..."

လင်းဟွမ်က မိန်းမဖြစ်သူ အံ့အားသင့်ပြီးသည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ပြီး ခဏအကြာ ပြုံးပြီး ပြောလိုက်သည်။

"မင်းက တကယ့် အင်မော်တယ်ပဲ..."

အမျိုးသမီးက တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် တံခါးဖွင့်ပြီး လင်းဟွမ်ကို အိမ်ထဲဝင်လာပါဟု ဖိတ်ခေါ်ရန် လုပ်လိုက်စဉ် အင်မော်တယ်က သူတစ်ယောက်တည်း မဟုတ်ဘဲ (၁၀) ယောက် ရှိနေကြောင်း သိလိုက်ရသည်။

"ကျေးဇူးပြုပြီး ထိုင်ကြပါ…"

အမျိုးသမီးက သူမအိမ်ထဲတွင်ရှိသော ခုံအားလုံးကို ပြပြီး ပြောလိုက်သော်လည်း ခုံက ရှစ်လုံးသာ ရှိနေသည်။ ထိုအခါ သူမ ထိတ်လန့်သွားသည်။

"အစ်မ… မကြောက်နဲ့… ငါတို့က မေးခွန်းနည်းနည်းပဲ မေးမှာပါ"

လင်းဟွမ်သည် ထိုအမျိုးသမီး ထိတ်လန့်နေသည်ကို သိလိုက်သဖြင့် စကားပြောလိုက်သည်။

“မေးပါ... ငါ သိသမျှ အကုန်ပြောပြမယ်...”

“ငါတို့က ဒီမြို့ကို အခုမှရောက်တာဆိုတော့ ဒီမှာ ဘယ်လိုအခြေအနေတွေ ရှိလဲဆိုတာ မသိသေးဘူး။ ဒီမှာ နတ်ဆိုးတွေ ရှိနေတယ်လို့ ရှောင်ယူဆီက ကြားရတယ်။ အဲ့ဒီအကြောင်း ငါတို့ကို ပြောပြပေးနိုင်မလား”

လင်းဟွမ်က တန်လျန်းနှင့် ကျန်သည့်လူများကို ဘာမှ မလုပ်စေချင်သောကြောင့် လိုရင်း တန်းမေးလိုက်သည်။

“ဒါဆိုရင် မင်းတို့က နတ်ဆိုးတွေကို သတ်ဖို့ ဒီရောက်လာတာလား။ အရမ်းကောင်းတယ်...”

အမျိုးသမီးသည် စိတ်သက်သာရာ ရသွားပြီး တစ်ကိုယ်လုံး တသိမ့်သိမ့် တုန်လာသည်။

“ငါတို့မြို့အနားမှာ နဂါးနက်တောင်ကြီး ရှိတယ်။ တောင်ပေါ်မှာ အရမ်း အစွမ်းထက်တဲ့ နတ်ဆိုးတစ်ကောင် ရှိတယ်။ အဲ့ဒါက မျက်လုံးတစ်ဖက် နဂါးနက်ကြီးလို့ ကြားဖူးတယ်။ အဲ့ဒီနဂါးနက်ကြီးမှာ နတ်ဆိုးလေးတွေ (၄၀) ကျော်လောက် ရှိပြီးတော့ တစ်ကောင်ချင်းစီကလည်း အစွမ်း ထက်လွန်းတယ်။ ဒေသအာဏာပိုင် အရာရှိတွေနဲ့လည်း လက်ရည်တူ တိုက်ခိုက်နိုင်တယ်။ နတ်ဆိုးလေး တစ်ကောင်က အရာရှိတွေကို ဖမ်းခေါ်သွားပြီး အဲ့ဒီနတ်ဆိုးလေးက

သုံးရက်တစ်ခါ၊ ငါးရက်တစ်ခါ လူတွေကို ကိုက်စားဖို့ မြို့ထဲ ဝင်ဝင်လာတယ်။ ငါတို့တွေဆို ကြောက်လွန်းလို့ ခုတင်အောက်မှာ ပုန်းနေရတာ”

“အစ်မ... အဲ့ဒီနတ်ဆိုးက ဘယ်လို ပုံစံမျိုးလဲ...”

လင်းဟွမ်သည် ရှင်းပြရင်း မျက်ရည်ကျနေသော အမျိုးသမီးကို လှမ်းကြည့်ပြီး မေးလိုက်သည်။

“အားလုံးက မတူဘူး။ တချို့က မျောက်တွေ... တချို့က ဝံပုလွေ တချို့က လူနဲ့တူတယ်။ ငါတို့လိုမျိုး လမ်းလျှောက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးမှာ ချွန်ထက်တဲ့ သွားတွေနဲ့ ခြေသည်းတွေ ရှိတယ်။ ကျားတွေထက်လည်း ပိုသန်မာတယ်...”

လင်းဟွမ်သည် တန်လျှန်းနှင့် ကျန်သည့်လူများကို လှည့်ကြည့်လိုက်သည်။

ထိုအမျိုးသမီးပြောသော နတ်ဆိုးများက မွန်းစတားများ ဖြစ်သည်မှာ သေချာလုနီးပါးပင်။

“ အစ်မတို့က နတ်ဆိုးတွေရှိနေတာကို ဘာဖြစ်လို့ မပြောင်းကြတာလဲ...”

လင်းဟွမ်က ထပ်မေးလိုက်သည်။

“ဘယ်မြို့ကို ပြောင်းရမှာလဲ။ နတ်ဆိုးမရှိတဲ့မြို့က ဘယ်မြို့ရှိလို့တုန်း။ မြို့ကလူတွေလည်း နေ့တိုင်း တစ်နေ့တစ်မျိုး မရိုးရအောင် သေတယ်လို့ ကြားရတယ်။ အဲ့ဒီက နတ်ဆိုးတွေကိုတောင် ဘယ်သူမှ မသိဘူး။

ဘယ်လို ပုန်းလို့ပုန်းရမှန်း မသိတဲ့အတွက် အားလုံး ထွက်ပြေးကြရတာ။ အနည်းဆုံးတော့ ဒီနေရာမှာက နတ်ဆိုးလာရင် ပုန်းနေလို့ ရသေးတယ်...”

အမျိုးသမီးက ကူကယ်မဲ့စွာ ရှင်းပြသည်။

“မြို့ကြီးတွေက လုံခြုံပေမယ့် အရမ်းဝေးတယ်။ နောက်ပြီးတော့ အဲ့ဒီမှာနေဖို့ ပိုက်ဆံမရှိဘူး...”

“ဘာဖြစ်လို့ မြို့ကြီးတွေက လုံခြုံတာလဲ...”

ယခုမှ လင်းဟွမ်သည် ဤမြို့က မြူခိုးနေရာထဲတွင် တည်ရှိနေသော တစ်ခုတည်းသော မြို့မဟုတ်ကြောင်း နားလည်လာသည်။ မြို့ကြီးများတွင် နေထိုင်သည့်လူက ပိုများမည့်ပုံပင်။

"အဲ့ဒီမြို့ကြီးတွေရဲ့ ပတ်ပတ်လည်မှာ တံတိုင်းတွေ၊ အစောင့်တွေ ရှိတယ်။ သေချာပေါက် လုံခြုံတယ်..."

ထိုအမျိုးသမီးလည်း မြို့ကြီးအကြောင်းကို သိပ်မသိပေ။

လင်းဟွမ်သည် ထိုအချက်ကို အတည်ပြုပြီးနောက် နောက်ထပ် မေးခွန်းနှစ်ခုခန့် ဆက်မေးခဲ့ပြီး သူမ၏ အသိပညာ ဗဟုသုတမှာ အကန့်အသတ် ရှိကြောင်း တွေ့လိုက်ရသည်။ သူမသည် ကောလာဟလများနှင့် တစ်ဆင့်စကား တစ်ဆင့်ကြားသည့် အကြောင်းအရာများကို ပြန်ပြောပြနေခြင်းပင်။

လင်းဟွမ် မေးသည့် အကြောင်းအရာများနှင့် မသက်ဆိုင်သော အရာများစွာကို ပြောနေခဲ့ပြီး ရှောင်ယူ၏မိဘများကို နတ်ဆိုးများက ဖမ်းခေါ်သွားကြောင်း၊ သူမက သနားစိတ်နှင့် ဂရုစိုက်နေကြောင်း စသည့် အကြောင်းများပင် ပါသေးသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် သူမကို ဘာမှ ထပ်မမေးနိုင်တော့ကြောင်း သေချာသည့်အတွက် အိမ်မှ ထွက်လာခဲ့ကြသည်။

# အခန်း(၈၅၀) - အင်မော်တယ် အကြွင်းအကျန်များ

ကံကောင်းခြင်း တည်းခိုခန်းသည် မြို့တွင်းရှိ ရှားပါး နှစ်ထပ်တိုက်များထဲမှ တစ်ခုပင် ။

လင်းဟွမ်နှင့် ကျန်သည့်သူများသည် တည်းခိုခန်းရှိ အကြီးဆုံးအိပ်ဆောင်တွင် တည်းခိုခဲ့ကြသည်။

"အခု မြူခိုးထူထပ်တဲ့ နေရာမှာ လူသားတွေ အများကြီးရှိသလို အနီးတဝိုက်မှာလည်း မွန်းစတားတွေ အများကြီး ရှိနေတယ်ဆိုတာ သေချာတယ်။ လူတွေက

နေရာနှစ်ခုမှာ နေထိုင်ကြတယ်။ တစ်ခုက အခုလက်ရှိ ငါတို့ရောက်နေတဲ့ မြို့လို လုံခြုံးရေးနိမ့်ပါးတဲ့ မြို့တွေပဲ။ ဒါက ငါတို့ကမ္ဘာက လူသားဝပ်ကျင်းတွေနဲ့ ဆင်တူတယ်။ တိတိကျကျ အဆင့်အတန်း မခွဲထားတာပဲ ရှိတာ”

"အစောင့်တွေ၊ ဒေသဆိုင်ရာ အာဏာပိုင် အရာရှိတွေကို အဓိက အားကိုးတဲ့ မြို့တွေလည်း အများကြီး ရှိတယ်။ အဲဒီအရာရှိတွေကို စစ်သည်တော်လို့ ခေါ်ပြီး သူတို့ရဲ့အောက်ရာအရတော့ သန့်ရှင်းမီးလျှံအဆင့် အောက်မှာ ရှိတယ်။ စစ်သည်တော်တွေထက် ပိုအစွမ်းထက်တဲ့ လူတွေကို အင်မော်တယ်လို့ ခေါ်တယ်။ အင်မော်တယ်အဆင့် သက်ရှိတွေကပဲ ပျံသန်းနိုင်တယ်။

သူတို့ကို အင်မော်တယ်လို့ တံဆိပ်ကပ်ထားပေမယ့် သန့်ရှင်း မီးလျှံအဆင့်ထက် သာလွန် ကျင့်ကြံသူတွေပဲ။ သူတို့မှာ ငါတိုနဲ့မတူတဲ့ ကျင့်ကြံခြင်း နည်းစနစ် ရှိမယ်လို့ ငါထင်တယ်"

"သူတို့မှာ တံတိုင်း အမြင့်ကြီးတွေနဲ့ ကာရံထားတဲ့ မြို့ကြီး (၁၂) မြို့ ရှိတယ်။ အကာအကွယ် ရပေမယ့် မြို့ထဲမှာ နေဖို့ကတော့ စရိတ်စက ကြီးကြီးမားမား ပေးဆောင်ရတယ်။ ဒါကြောင့် မတတ်နိုင်တဲ့ လူအများစုက မြို့လေးတွေမှာ နေကြတယ်။ နတ်ဆိုးတွေ ကျူးကျော်လာပေမယ့် တောထဲမှာ နေထိုင်ရတာ ထက်စာရင်တော့ အများကြီး ပိုလုံခြုံပါသေးတယ်။"

"သူတို့ ပြောပြောနေကြတဲ့ နတ်ဆိုးတွေက ငါတို့ကမ္ဘာက မွန်းစတားတွေပဲ၊ ဒီနတ်ဆိုးတွေက မျိုးကွဲတွေ အများကြီးနဲ့ နေရာအနှံ့ ပြန့်ကျဲနေတယ်။ အများစုက လူနဲ့ တခြားတိရိစ္ဆာန်တွေကို စားသုံးကြတယ်။ အနည်းစုကပဲ လူသားတွေကို မစားကြဘူး၊ လူသားတွေကို အပျော်သဘောအနေနဲ့ အမဲလိုက် သတ်ဖြတ်ကြတာပဲ"

"ဒီနတ်ဆိုးတွေက အုပ်စုလိုက် နေထိုင်ကြပြီးတော့ အများစုကတော့ စွမ်းအားအရှိဆုံး အကောင်ကို ခေါင်းဆောင် တင်ထားကြတယ်။ တချို့ နတ်ဆိုးခေါင်းဆောင်တွေက လူ့ဘာသာစကား

ပြောတတ်တယ်။ အဲဒီလို နတ်ဆိုးတွေက အများအားဖြင့်တော့ လူသား သားကောင် အရလွယ်တဲ့ မြို့တွေ အနီးအနားမှာ နေကြတယ်။ မွန်းစတားတွေရဲ့ အသိုက်ထဲမှာ နတ်ဆိုးဘုရင်လို့ခေါ်တဲ့ အချုပ်တစ်ကောင် ရှိတယ်။ နတ်ဆိုးဘုရင်တွေက အဲ့ဒီနယ်မြေတွေကို အပိုင်းစား ရထားပုံပဲ”

"ဒေသခံ အာဏာပိုင်တွေရဲ့ ပြောစကားအရတော့ နတ်ဆိုးဘုရင်တွေက တစ်ချို့ အင်မော်တယ် အဆင့်တွေကိုတောင် သတ်နိုင်တဲ့ အစွမ်းတွေ ရှိကြတယ်ဆိုပဲ၊ ငါ့ထင်မြင်ချက် အရတော့ 'နတ်ဆိုးဘုရင်တွေ' လို့ ခေါ်တဲ့ ကောင်က

ခေါင်းဆောင်တွေထက် ပိုပြီး အစွမ်းထက်လိမ့်မယ်။ သူတို့မှာ အင်မော်တယ်အဆင့် အစွမ်း ရှိနိုင်တယ်။ အခု လောလောဆယ်တော့ နတ်ဆိုးဘုရင်ထက် ပိုအစွမ်းထက်တဲ့ မွန်းစတားတွေ ရှိ၊မရှိ မသိရသေးဘူး"

တန်လျန်းက သူ စုဆောင်းခဲ့သည့် အချက်အလက်များကို တစ်ခုပြီးတစ်ခု အကျဉ်းချုံး ပြောပြလိုက်သည်။ အများစုကို အစောပိုင်းက ဒေသဆိုင်ရာ အာဏာပိုင်များထံမှ ရရှိခဲ့ခြင်းပင် ။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် ရှောင်ယူအိမ်မှ ထွက်လာပြီးနောက် ဒေသဆိုင်ရာ အာဏာပိုင်များထံ တည့်တည့်မတ်မတ် သွားခဲ့ကြသည်။

အရာရှိက သူတို့ ဆယ်ယောက်လုံး ပျံ့သန်းလာသည်ကို မြင်လျှင် သူသိထားသမျှ ပြောပြပြီး မေးခွန်းတိုင်းကို မြန်မြန် အဖြေပေးခဲ့သည်။ သူ့ထံမှ ရရှိခဲ့သော သတင်း အချက်အလက်များသည် အစောပိုင်းကမိန်းမ ပြောခဲ့သည်ထက် အများကြီး ပိုအသေးစိတ်ကျသည်။

"အင်မော်တယ် အဆင့်တွေကပဲ ငါတို့ကို ပိုပြီး အသေးစိတ်ကျတဲ့ အချက်အလက်တွေ ပေးနိုင်မယ် ထင်တယ်။ အင်မော်တယ်တွေရဲ့ အခြေအနေကို ပိုသိဖို့ မြို့ကြီးကိုပဲ တည့်တည့် သွားသင့်တယ်"

လီကျားက အကြံပြုလိုက်သည်။

"မြို့ကြီးတွေမှာ လူဝင်ထွက်ခွင့် တားမြစ်ထားပြီးတော့ ညမထွက်ရအမိန့်တွေ ချမှတ်ထားတယ်။ မြို့ရိုးအထက် ကောင်းကင်မှာ တားမြစ် အတားအဆီးတွေ ရှိလို့ မြို့ထဲကို ပျံသန်းပြီး ဝင်နိုင်မှာမဟုတ်ဘူးလို့ ရဲအရာရှိက ပြောတယ်။ အဲဒီတော့ မနက်ဖြန်မနက် မြို့တံခါးဖွင့်မှ သွားကြမယ်။ ဒီညတော့ ဒီမှာပဲ ကောင်းကောင်း အနားယူလိုက်ကြတာပေါ့"

တန်လျှန်းထံမှ အစီအစဉ်တစ်ခု ထွက်ပေါ်လာသည်။

"ငါတို့ မထွက်ခွာခင် ဒီအနီးအနားမှာရှိတဲ့ နတ်ဆိုးတွေကို ရှင်းပစ်ခဲ့သင့်တယ်လို့ ထင်တယ်"

ဘေးတွင် မတ်တပ်ရပ်နေသော လင်းဟွမ်က ရုတ်တရက် ဝင်ပြောလိုက်သည်။

ကျန်သည့်လူများသည် လင်းဟွမ် စကားကိုကြားလျှင် စိတ်ထဲ အနည်းငယ် ဘဝင်မကျ ဖြစ်သွားသည်။

လင်းဟွမ်သည် သူတို့ဘာတွေးနေလဲ ဆိုသည်ကို အကြမ်းဖျင်း သိလိုက်သည်။ အမှန်ဆို ဤကမ္ဘာမှ လူသားများက သူတို့နှင့် မဆိုင်ပေ။ ပြည်သူကို အကာအကွယ်ပေးရန် မလိုအပ်သည့်အတွက် ကူညီရန် လုံးဝ မလုပ်ချင်ပေ။

"ငါ လုပ်လိုက်မယ်။ မင်းတို့ ကောင်းကောင်း အနားယူလိုက်ပါ"

"ငါ မင်းနဲ့လိုက်ခဲ့မယ်။"

မည်သူမျှ မတုံ့ပြန်သည်ကိုမြင်လျှင် ရှန်းထောင်က သူ့ပေါင်ကိုပုတ်ပြီး မတ်တပ်ထရပ်လိုက်သည်။

"ရပါတယ်။ ငါ ကိုယ်တိုင်ပဲ လုပ်လိုက်မယ်။ ခဏနေရင် ပြန်လာခဲ့မယ်"

လင်းဟွမ်က ရှမ်းထောင်၏ ကြွင်နာသော ရည်ရွယ်ချက်ကိုမြင်လျှင် ငြင်းဆန်လိုက်သည်။

ရှန်းထောင်သည် စိတ်ပါ၍ မတ်တပ်ထခြင်း မဟုတ်ကြောင်း သူခံစားမိသည်။ လင်းဟွမ်ကို တစ်ယောက်တည်း အနေရ မခက်စေရန် ကူညီခြင်းသာ.....

လင်းဟွမ်သည် တည်းခိုခန်းမှ ဆင်းသွားပြီးနောက် ကောင်းကင်ပေါ်ပျံဝဲကာ နဂါးနက် တောင်တန်းဘက်ကို ဦးတည် ပျံသန်းသွားသည်။

လီကျားသည် ခေါင်းယမ်းလိုက်ပြီး ပြုံးလိုက်ကာ ကောင်းကင်ယံတွင် ကွယ်ပျောက်သွားသော လင်းဟွမ်ကို လှမ်းကြည့်ရင်း "လူငယ်တွေ ထိုင်မနေနိုင်ဘူးဆိုတာ အမှန်ပဲ" ဟု ပြောလိုက်သည်။

"မင်းက သူ့ထက်တောင် ငယ်သေးတယ်"

ရှန်ထောင်က စနောက် လိုက်သည်။

"ငါက (၂၈) နှစ်ရှိပြီ၊ ပြောချင်တာ ငါက ဦးလေးကြီး တစ်ယောက် ဖြစ်နေပြီ"

လီကျားက ရင့်ကျက်သည့်ပုံ ဖြစ်ချင်သော်လည်း သူ၏ကလေးမျက်နှာက သူ့ကို ရုပ်ဖျက်နေသည်။

"ဝမ်းချုပ်နေတဲ့ မင်းမျက်နှာက အသက် (၁၈) နှစ်တောင် ပြည့်သေးတဲ့ပုံ မပေါ်ဘူး"

ရှန်းထောင် စကားကြောင့် အားလုံး ရယ်မောလိုက်ကြသည်။

နဂါးနက်တောင်သည် မြို့နှင့် မိုင် (၃၀၀) သာ ကွာဝေးသောကြောင့် လင်းဟွမ် တောင်တန်းဆီကို ရောက်ရှိရန် ခဏသာ ကြာမြင့်ခဲ့သည်။

တောင်တန်းသည် မိုင်တစ်ရာကျော် ရှည်လျားပြီး ထူထပ်ကာ စိမ်းလန်းစိုပြေသော သစ်ပင်များနှင့် ပြည့်နှက်နေသည်။

"သွေးရဲရဲလေး မင်းရဲ့ မျှော့မျိုးစေ့တွေကို လွှတ်ပြီး ဒီကမ္ဘာနဲ့ ပတ်သက်တာတွေကို ရှာကြည့်လိုက်အုံး။ နောက်ပြီးတော့ ဒီနတ်ဆိုးတွေ ပုန်းအောင်းနေတဲ့ နေရာကိုလည်း ရှာ....."

လင်းဟွမ်သည် တန်လျန်း၊ ကျန်သူများနှင့် အတူရှိနေစဉ် သွေးရဲရဲလေးကို ဖုံးကွယ်ထားခဲ့ပြီး သွေးရဲရဲလေးအကြောင်း ပေါက်ကြားခြင်းမှ ကာကွယ်ရန် မျှော့မျိုးစေ့များကို ထုတ်လွှတ်ခြင်းကိုပင် မစေခိုင်းခဲ့ပေ။

ပုံမှန် အခြေအနေဆိုလျှင် မျှော့မျိုးစေ့များကို ရှာဖွေတွေ့ရှိရန် ခဲယဉ်းသော်လည်း အကွာအဝေး အလွန်နီးကပ်ပါက မြင်သွားနိုင်သည်။ တန်လျှန်း၏ စွမ်းရည်ကို အင်မော်တယ်အဆင့် တန်ခိုးရှင်များကြားတွင် အကောင်းဆုံးဟု သတ်မှတ်နိုင်ပြီး လီကျားကလည်း ပိုးကောင်သခင် ဖြစ်နေသောကြောင့် ထူးခြားသော ဝိညာဉ်စွမ်းအား ရှိသည်။

သူတို့အားလုံးက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ ဖြစ်သော်လည်း လင်းဟွမ်က သွေးရဲရဲလေး၏ အရည်အချင်းများကို သိရှိစေလိုခြင်း မရှိပေ။ ထို့ကြောင့် မျှော့မျိုးစေ့များကို ထုတ်လွှတ်ရန် အကြောင်းပြချက်

တစ်ခု သုံးခဲ့ခြင်းပင် ။ အနီးအနားရှိ နတ်ဆိုးများကို သတ်ဖြတ်ခြင်းက ထမင်းစားရေသောက် အရာတစ်ခုသာ ....

သွေးရဲရဲလေးသည် မျှော့မျိုးစေ့များကို ထုတ်လွှတ်ပြီး ခဏအကြာ နတ်ဆိုးတစ်ကောင်ကို တွေ့လိုက်သည်။

"တွေ့ပြီ"

သွေးရဲရဲလေးက နတ်ဆိုးကို စောင့်ကြည့်ရေး မျက်နှာပြင်တွင် ချက်ချင်း ပြလိုက်သည်။

လင်းဟွမ်သည် စောင့်ကြည့်ရေး မျက်နှာပြင်ကို ကြည့်ပြီးနောက် မျက်ခုံး အနည်းငယ်ပင့်သွားသည်။

"ဒါလား နဂါး... ငါက တိမ်နဂါး ဖြစ်မယ် ထင်နေတာ..ဒါက စပါးကြီးမြွေပဲ....."

လင်းဟွမ်သည် နဂါးနက်တောင်ပေါ်တွင် မျက်လုံးတစ်လုံး နဂါးနက်တစ်ကောင် ရှိသည် ပြောခဲ့သော ရှောင်ယူအိမ်မှ အမျိုးသမီးကို ပြန်သတိရသွားသည်။ သို့သော်လည်း သွေးရဲရဲလေး ပြသထားသော မျက်နှာပြင်တွင် မျက်လုံး တစ်ဖက်တည်းရှိသော အနက်ရောင် စပါးအုံး မြွေတစ်ကောင်သာ ဖြစ်နေသည်။

စပါးအုံးမြွေသည် မီတာရာနှင့်ချီ ရှည်လျားပြီး ၎င်း၏တစ်ကိုယ်လုံးကို အနက်ရောင် အကြေးခွံများ

ဖုံးအုပ်ထားပြီး အစိမ်းရောင် မျက်လုံးတစ်လုံး ရှိသည်။ ခန္ဓာကိုယ်တစ်ဝက်ကို ရွှံ့ထဲတွင် ဝှက်ထားပြီး ကြည့်ပါက အလွန် ကြောက်စရာ ကောင်းနေသည်။

"သူ့ရဲ့တိုက်ခိုက်ရေး အစွမ်းက သန့်ရှင်းမီးလျှံအဆင့် ခရမ်းရောင်မီးလျှံ အဆင့်လောက်ပဲ ရှိတယ်။ ဒါပေမဲ့ သူရဲ့အော်ရာကို အကဲဖြတ် ရရင်တော့ သန္ဓေနှစ်ကြိမ်ပြောင်း ဖြစ်ရမယ်"

သွေးရဲရဲလေးက သူ၏ လေ့လာ တွေ့ရှိချက်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"ဒါဆိုလည်း ကပ်ပါးကူးစက်လိုက်။ သူ့ခေါင်းထဲမှာ အသုံးဝင်တဲ့ အချက်အလက်တွေ ရှိ၊ မရှိ ရှာကြည့်လိုက်...."

သွေးရဲရဲလေးသည် အင်မော်တယ်အဆင့် (၉) ဖြစ်သောကြောင့် ကပ်ပါး ကူးစက်ရန် လွယ်ကူလွန်း၏။

မျှော့မျိုးစေ့များသည် လုံးဝ သတိမထားမိစေဘဲ ကိတ်မုန့်တစ်ခု လှီးစားသကဲ့သို့ နတ်ဆိုး၏ ခန္ဓာကိုယ်ထဲကို အလွယ်တကူ ဝင်ရောက်သွားသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် စပါးအုံးမြွေ၏ အသိစိတ် ပျောက်ကွယ်ပြီး အစားထိုးသွားသည်။

၎င်း၏မှတ်ဉာဏ်ကို ထုတ်ယူရန် သုံးစက္ကန့်သာ ကြာမြင့်ခဲ့သည်။ ထိုနောက် သွေးရဲရဲလေးက ၎င်း၏ ခေါင်းထဲရှိ အရာအားလုံးကို လက်ခံရရှိလိုက်သည်။

"ဒီနတ်ဆိုးကို အမှောင်ရေစပါးအုံးလို့ ခေါ်တယ်။ သူ့နောက်မှာ စုန်းပင့်ကူ အမျိုးသမီးလို့ ခေါ်တဲ့ နတ်ဆိုးဘုရင်တစ်ပါး ရှိတယ်။ အဲဒါက လူသားမိန်းမပုံစံ ပြောင်းလဲနိုင်တဲ့ မွန်းစတားတစ်ကောင်ပဲ။ အမှောင်ရေ စပါးအုံးက နဂါးနက်တောင်ကို စောင့်ကြည့်ဖို့ အမိန့် ရထားတယ်။ လတိုင်း အချိန်မှန် စားသုံးဖို့အတွက် သူမဆီကို လူသား (၁၀၀) ဆက်သရတယ်။ စုန်းပင့်ကူ အမျိုးသမီးမှာ ခေါင်းဆောင် (၁၆) ယောက်ရှိပြီး သူမ

လက်အောက်က နေရာ တစ်ခုခြင်းစီကို စောင့်ကြပ်နေကြတယ်။ တခြား ခေါင်းဆောင်တွေရဲ့ အစွမ်းကလည်း အမှောင်ရေ စပါးအုံးလောက်ပဲ "

"ဒီစုန်းပင့်ကူ အမျိုးသမီးက အင်မော်တယ်အဆင့် တိုက်ခိုက်ရေးအစွမ်း ရှိတယ်လို့ ယူဆနိုင်တယ်။ လူသားပုံစံ ပြောင်းလဲနိုင်တဲ့အတွက် သန္ဓေသုံးကြိမ်ပြောင်း ဖြစ်နိုင်တယ်"

လင်းဟွမ်က ထိုသတင်းကို ကြားပြီးနောက် ပေါ့ပေါ့တန်တန် ခေါင်းညိတ်လိုက်ပြီး

"နတ်ဆိုးဘုရင်ထက်က နတ်ဆိုးတွေ အကြောင်းနဲ့ ပက်သက်ပြီး တစ်စုံတစ်ခု ရှိသေးလား"

"မရှိဘူး၊ ဒီအမှောင်ရေ စပါးအုံးမြွေရဲ့ မှတ်ဉာဏ်အရတော့ သူမြင်ဖူးသမျှထဲမှာ စုန်းပင့်ကူအမျိုးသမီးက အစွမ်းထက်ဆုံးပဲ။ သူ့ခေါင်းထဲမှာ ဒီကမ္ဘာက လူသားတန်ခိုးရှင်တွေနဲ့ တိုက်ခိုက်နေတဲ့ စုန်းပင့်ကူအမျိုးသမီးရဲ့ ပုံရိပ်တချို့ ရှိတယ်။ သူမရဲ့ အစွမ်းက အင်မော်တယ် အလယ်အလတ်အဆင့် ရှိပြီး သူမနဲ့ တိုက်ခိုက်တဲ့ လူသား တန်ခိုးရှင်ကလည်း အဆင့်တူပဲ.....”"

"ဒါဆို အင်မော်တယ် အဆင့်ရှိတဲ့ တန်ခိုးရှင်တွေ ရှိတာပေါ့..."

လင်းပွှမ်သည် ဤကမ္ဘာပေါ်တွင် အင်မော်တယ် အဆင့် တန်ခိုးရှင်ရှိသည်ကို သိသော်လည်း အင်မော်တယ်အဆင့် (၉) တန်ခိုးရှင် ရှိ၊မရှိကိုမူ အတည်မပြုနိုင် သေးပေ။ ဤနေရာတွင် အင်မော်တယ်အဆင့် (၉) တိုက်ခိုက်ရေး အစွမ်းက အမြင့်ဆုံး ဖြစ်နိုင်သော်လည်း အင်ပါယာအဆင့် တန်ခိုးရှင် ရှိ၊မရှိက မသေချာပေ။

"ဒီနတ်ဆိုးက လူသားကျင့်ကြံသူတွေ အကြောင်း သိပ်မသိဘူး။ အင်မော်တယ်အချို့ကို သတ်ပစ်ခဲ့တယ် ဆိုပေမယ့် သူ့အရည်အချင်းက နိမ့်ကျတယ်"

သွေးရဲရဲလေးက ဆက်ပြောသည်။

"အင်မော်တယ် အကြွင်းအကျန်တွေက ဘယ်လိုလဲ"

လင်းဟွမ်သည် ထိုအင်မော်တယ် အဆင့်ထံတွင် အဖိုးတန်ပစ္စည်း တစ်ခုခု ရှိနိုင်သည်ဟု မထင်သောကြောင့် မမေးခဲ့ပေ။ ထိုအစား ထိုအကြွင်းအကျန်ထံမှ လူသား ကျင့်ကြံသူများ အကြောင်းကို ပိုမိုလေ့လာ ချင်နေသည်။

“သူတို့ကို သိမ်းထားတယ်။ အားလုံးက သူ့ဗိုက်ထဲမှာ ပုန်းနေကြတာ”

သွေးရဲရဲလေးက အတည်ပြုလိုက်ပြီး

“ငါ ခေါ်လာခဲ့မယ်”

ခဏအကြာ စပါးအုံးနက်သည် လင်းဟွမ်ရှေ့တွင် ဖော့ယမ်းကာ ဗိုက်ထဲက အရာအားလုံးကို ထွေးထုတ်လိုက်သည်။

လင်းဟွမ်သည် လက်နက်နှင့် ချပ်ဝတ်တန်ဆာ အနည်းငယ်အပြင် လက်စွပ် အနည်းငယ်ကို မြင်လိုက်ရသည်။

လင်းဟွမ်က လက်စွပ်လေးကွင်းကို သူ့လက်ဖဝါးပေါ် ဆွဲယူလိုက်ပြီးနောက် စိတ်ဝိညာဉ် လှိုင်းများနှင့် ချဲ့ထွင်ပြီး ကြည့်လိုက်သည်။

"ဒါတွေက ပစ္စည်းတွေ သိမ်းဆည်းတဲ့ သိုလှောင်လက်စွပ် ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူတို့ရဲ့

လက်ရာက အင်ပါယာနှလုံးသား လက်စွပ်နဲ့ လုံးဝ မတူဘူး"

လင်းဟွမ်က ကံကြမ္မာစွမ်းအား ထည့်သွင်းရန် ကြိုးစားခဲ့သော်လည်း တုံ့ပြန်မှု လုံးဝ မရှိခဲ့ပေ။ ထို့ကြောင့် လက်စွပ်များကို အသက်သွင်းရန် စိတ်စွမ်းအားကို အသုံးပြုခဲ့သည်။ လက်စွပ်ထဲက နေရာလွတ်ကို ချက်ချင်း စိုက်ကြည့်လိုက်ကာ

"ငါ မြင်ရတယ်။ စိတ်စွမ်းအားနဲ့ အသက်သွင်းလို့ ရတယ်။"

လင်းဟွမ်သည် မထင်မှတ်ထားသော တွေ့ရှိမှုကြောင့် ဝမ်းသာသွားသည်။

ဒါသည် အင်ပါယာနှလုံးသား လက်စွပ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ပိုင်ရှင်များ သေဆုံးပြီးနောက် ဤသိုလှောင်လက်စွပ်များကို ပိတ်ချထားခြင်း မရှိပေ။ ယင်းအစား လက်စွပ်များက ပိုင်ရှင်မဲ့ပုံစံ ပြန်ပြောင်းသွားသည်။ အတွင်းမှအရာများကို စူးစမ်းရှာဖွေ ထုတ်ယူနိုင်ပြီး စိတ်စွမ်းအား ထည့်သွင်းပြီးသည်နှင့် ၎င်းတို့ကို ပြန်လည် အသက်သွင်းနိုင်မည် ဖြစ်သည်။

မကြာခင် လက်မအရွယ် မီးခိုးရောင် သလင်းကျောက်တစ်ခုက လင်းဟွမ် လက်ထဲတွင် ပေါ်လာသည်။ ဤအရာက သိုလှောင်လက်စွပ် လေးခုထဲမှ နေရာအများစုကို သိမ်းပိုက်ထားသည်။

"ဒီထဲမှာ များပြားတဲ့ တက်ကြွ စွမ်းအင်တွေ ရှိနေပေမယ့် ကံကြမ္မာစွမ်းအားနဲ့ လုံးဝ မတူဘူး။"

လင်းဟွမ်သည် စိတ်စွမ်းအား အသုံးပြုပြီး ခဏ လေ့လာခဲ့သည်။

"သလင်းကျောက် အားလုံးက စံနှုန်းတူတူပဲ။ ငါထင်တာ မမှားရင်၊ အင်မော်တယ်အဆင့် သက်ရှိတွေကြားမှာ သုံးတဲ့ ကံကြမ္မာ သလင်းကျောက်လိုမျိုး ငွေကြေး ဖြစ်နိုင်တယ်။ သူ့ရဲ့ တက်ကြွစွမ်းအင်ကို ကြည့်ရတာ ဒီနေရာက အင်မော်တယ်အဆင့် ကျင့်ကြံခြင်း နည်းစနစ်က ငါတို့နဲ့ လုံးဝ မတူနိုင်ဘူး"

လင်းဟွမ်သည် သိုလှောင် လက်စွပ်ထဲ အချိန်အတော်ကြာအောင် ရှာဖွေပြီးနောက် မီးခိုးရောင် သလင်းကျောက်များအပြင် ပုလင်းအသေး များစွာကိုလည်း တွေ့ရှိခဲ့သည်။ ထိုပုလင်းများတွင် အရောင်အမျိုးမျိုးရှိသော ဆေးပြားသေးသေးလေးများ ရှိနေသည်။ သတ္တုနှင့် သတ္တု မဟုတ်သော ပစ္စည်းများအပြင် အချို့သော ဆေးဖက်ဝင် အပင်များလည်း ရှိသည်။

နောက်ဆုံးတွင် ကြည်လင် ပြတ်သားသော ကျောက်စိမ်းတုံး နှစ်ချောင်းက လင်းဟွမ် အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

"ဒီအသုံးအဆောင်တွေကရော"

လင်းဟွမ်သည် ကျောက်စိမ်းတုံး တစ်ချောင်းကို ကောက်ကိုင်လိုက်ရင်း အနည်းငယ် စိတ်ရှုပ်သွားသည်။

" အပေါက်မရှိဘူး၊ ဘယ်လို ဝတ်တာလဲ"

လင်းဟွမ်သည် အသေးစိတ် အချက်အလက်များ လွဲချော်သွားခြင်း ရှိ၊ မရှိ သိရှိစေရန် စိတ်စွမ်းအားကို အသုံးပြုလိုက်သည်။ သူ့စိတ်စွမ်းအားက ကျောက်စိမ်းတုံးကို ထိလိုက်သည်နှင့် များပြားလှသော သတင်း အချက်အလက်များက ခေါင်းထဲ စီးဝင်လာသည်။

"ရေခဲနှလုံး နည်းစနစ်"

လင်းဟွမ်က အချက်အလက်အားလုံးကို အချိန်အတော်ကြာအောင် ဖတ်ပြီးနောက် သဘောပေါက်သွားသည်။

"ဒီကျောက်စိမ်းတုံးတွေထဲမှာ ကျင့်ကြံခြင်းနည်းစနစ်တွေ ရှိနေတာပဲ.....”

# အခန်း(၈၅၁) - မြို့

လင်းဟွမ်သည် စိတ်စွမ်းအားကို အသုံးပြု၍ ကျောက်စိမ်းတုံးများကို တစ်လုံးပြီးတစ်လုံး စစ်ဆေးခဲ့ရာ ကျောက်တုံးခြောက်ခုလုံးတွင် မှတ်တမ်း တင်ထားသော ကျင့်ကြံခြင်း နည်းစနစ်များ ရှိနေကြောင်း တွေ့ရှိခဲ့ရသည်။

သို့သော် ဤကျင့်စဉ်များက အင်မော်တယ် အဆင့်ကိုသာ အများဆုံး ရောက်ရှိစေနိုင်သော မပြည့်စုံသည့် ကျင့်စဉ်များသာ ဖြစ်နေသည်။

ဤကျင့်စဉ်များက အပြင်ဘက်ကမ္ဘာက ကျင့်စဉ်ခြင်း နည်းစနစ်များနှင့် ကွဲပြားသည်။ မွန်းစတားများကို သတ်ဖြတ်ပြီး အဆင့်မြှင့်တင်ရမည့်အစား အတွင်းပိုင်းကို ကျင့်ကြံသောကျင့်စဉ်များ ဖြစ်နေသည်။

ဒါသည် ယခင်က လင်းဟွမ် ကျင့်ကြံခဲ့သည့် ကံကြမ္မာလမ်းလွဲ ကျမ်းစာနှင့် တူသော်လည်း ကံကြမ္မာလမ်းလွဲ ကျမ်းစာထက် များစွာနိမ့်ကျသည်။

လင်းဟွမ်သည် ကံကြမ္မာလမ်းလွဲ ကျမ်းစာကို မလေ့ကျင့်ခင် အဆင့် (၁၀) အထိ ရောက်အောင် လေ့ကျင့်ရမည်ဟု သိထားသည်။ အဆိုပါ ကန့်သတ်ချက်သည် ကျင့်ကြံသူ အများစုကို

မကျင့်ကြံဖြစ်အောင် တားဆီးထားသော အတားအဆီး တစ်ခုကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ဤကျောက်စိမ်းတုံးများတွင် မှတ်တမ်းတင်ထားသော ကျင့်စဉ်များကို ကျင့်ကြံရသည့် အခက်အခဲမှာ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ကျင့်ကြံခြင်းထက် ပိုလွယ်ကူနေသည်။ အခြေခံအားဖြင့် သန့်ရှင်းမီးလျှံအဆင့် ရှိသည့်လူတိုင်း ဒါကို ကျင့်ကြံရန် အရည်အချင်း ပြည့်မီသည်။

လင်းဟွမ် အတွက်မူ ဤကျင့်စဉ်များက အင်မော်တယ်အဆင့်ထိ ရောက်အောင် ကျင့်ကြံရန် လွယ်ကူလှ၏။ သို့သော်လည်း ဤကျင့်စဉ်များထဲတွင်

အင်မော်တယ် အဆင့်ထက် ကျော်လွန်၍ မည်သည့်အရာမှ မပါဝင်သောကြောင့် ဤကျင့်စဉ်များက ကံကြမ္မာလမ်းလွဲ ကျမ်းစာနှင့် ဆင်တူခြင်း ရှိ၊ မရှိကို ဖော်ထုတ်ရန် ကန့်သတ်ချက် ရှိနေသည်။ ဤကျင့်စဉ်များက လူတစ်ယောက်ကို ဘယ်အဆင့်အထိ ရောက်အောင် လုပ်ပေးနိုင်မလဲ ဆိုသည်ကို သူမသိပေ။

အကယ်၍ လူတစ်ယောက်အတွက် အတုယောင် နတ်ဘုရား အဆင့်အထိ ရောက်သွားနိုင်မည့် လိုအပ်ချက်က နည်းပါးမည်ဆိုပါက ထိုလူသည် အနာဂတ်တွင် အတုယောင်နတ်ဘုရား အဆင့်အထိ မြင့်တက်သွားနိုင်သည်ဟု ဆိုလိုသည်။

တန်ခိုးရှင်များ ပိုမို များပြားလာပါက အသူရာ ချောက်ကမ်းပါးမှ ဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် အင်အားများများ အသုံးပြုနိုင်သောကြောင့် အတိုင်းအတာ တစ်ခုအထိ သတင်းကောင်းပင် ။ သို့သော်လည်း လင်းဟွမ်နှင့် မစ္စတာဖူး အတွက်မူ သတင်းဆိုးတစ်ခု ဖြစ်သည်။

မစ္စတာဖူးသည် ဤကုန်းမြေကြီးတွင် တစ်ဦးတည်းသော အတုယောင် နတ်ဘုရားတစ်ပါး ဖြစ်သည်။ (အနည်းဆုံး ယခုအချိန်အထိ) သူက သေခါနီးဖြစ်၍ အင်အားနည်း နေလျှင်ပင် ခုခံနိုင်ဆဲ ဖြစ်သည်။ သူ့ပြိုင်ဘက်များက သူ့ကို မည်မျှပင်

သေစေချင်သော်လည်း ယခုအချိန်အထိ သူ့ကို မည်သူမျှ ဘာမှ မလုပ်ရဲကြပေ။

ဤကျင့်ကြံခြင်း နည်းစနစ် အသစ်များကို ဖြန့်ဝေလိုက်သည်နှင့် တစ်ပြိုင်နက် ကမ္ဘာပေါ်တွင် အတုယောင် နတ်ဘုရားများ များပြားလာကာ မစ္ဆတာဖူးအတွက် အန္တရာယ် ရှိလာလိမ့်မည်။ လင်းဟွမ်ကလည်း လုံး၀ မရင့်ကျက်သေးပေ။

သူက ၀ှက်ဖဲအားလုံး အသုံးပြု၍ အင်ပါယာအဆင့် တန်ခိုးရှင်များကို တိုက်ခိုက်နိုင်သော်လည်း ပိုသာ၍ သာလွန်သော နတ်ဘုရားအဆင့် တန်ခိုးရှင်များ

မဆိုထားနှင့် အတုယောင် နတ်ဘုရားများကို လုံးဝ မတိုက်ခိုက်နိုင်ချေ။

လင်းဟွမ်သည် လက်ထဲတွင် ကျောက်စိမ်းတုံးများကို ကိုင်ထားရင်း အတွေးနက်နေသည်။ နောက်ဆုံး၌ ဒါကို လျှို့ဝှက်ထားရန် ဆုံးဖြတ်လိုက်သည်။ ဟင်းလင်းပြင် အပျက်အစီးထဲမှ ပြန်ထွက်ပြီးနောက် မစ္စတာဖူးနှင့် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

အခြားသူများက ဤလျှို့ဝှက်ချက်ကို ရှာဖွေ တွေ့ရှိသည် ဖြစ်စေ၊ မတွေ့ရှိသည်ဖြစ်စေ လင်းဟွမ်က ဒါနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည့်အရာ တစ်ခုမျှ

မရှိပေ။ သူ လုပ်နိုင်သည်မှာ ကံတရားအတိုင်း စီးမျောသွားခြင်းသာ....

ကျောက်စိမ်းတုံးများကို ပြန်သိမ်းပြီးနောက် လင်းဟွမ်၏ မျက်လုံးထဲတွင် ရက်စက် ကြမ်းကြုတ်သော အငွေ့အသက်များ ပေါ်လာပြီး အမှောင်ရေ စပါးအုံးမြွေကို ကြည့်လိုက်ကာ...

"သတ်လိုက်.... နတ်ဆိုးလေးတွေကိုလည်း သတ်ပစ်လိုက်....."

နောက်ထပ် တစ်စက္ကန့်တွင်၊ မျက်လုံးတစ်ဖက်တည်း ရှိသော စပါးအုံးမြွေ၏ခေါင်းက ချက်ချင်း ပေါက်ကွဲ သွားသည်။ ဦးခေါင်းမပါသော ခန္ဓာကိုယ်သည်

အနက်ရောင်သွေးများ ပန်းထွက်ပြီး မြေပြင်ပေါ် လဲကျသွားသည်။

ဆယ်ကီလိုမီတာ ကျော်အဝေးမှ နတ်ဆိုးလေးများ၏ ဦးခေါင်းများလည်း ဖရဲသီးများကဲ့သို့ တစ်ခေါင်းပြီး တစ်ခေါင်း ပေါက်ကွဲသွားသည်။ သူတို့အားလုံးသည် ဦးခေါင်းမဲ့ အသေကောင်များ ဖြစ်သွားကြသည်။

လင်းဟွမ်သည် မျက်လုံး တစ်ဖက်တည်းရှိသော မြွေအလောင်းကို သိမ်းပြီးနောက် တည်းခိုခန်းသို့ ပြန်လာခဲ့သည်။

တန်လျှန်းသည် ညဘက် ကင်းတာဝန်ကျသောကြောင့် ဆိုဖာပေါ်တွင် ထိုင်နေသည်။ လင်းဟွမ်ပြန်ဝင်လာသည်ကို မြင်လျှင် တိုးတိုးလေးပြောလိုက်သည်။

"ပြီးပြီလား"

"အင်း"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

လီကျားက ကုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေပြီး စကားပြောသံ ကြားလိုက်သဖြင့် မျက်လုံးဖွင့်လိုက်သည်။ လင်းဟွမ်ကို အတော်လေးအံ့သြသင့်နေသော အမူအရာနှင့် စိုက်ကြည့်လိုက်ပြီး

“မြန်လှချည်လား....."

နဂါးနက်တောင်သည် သူတို့နှင့် မဝေးသော်လည်း မိုင်တစ်ရာကျော် ရှည်လျားသော တောင်တန်းပေါ်တွင် မွန်းစတားများကို ရှာတွေ့ရန် ခက်ခဲသည်။

"အဲဒီကို ရောက်ပြီး သိပ်မကြာခင် ကံကောင်းထောက်မပြီး စပါးအုံး မြွေကြီးကို တွေ့လိုက်ရတာပဲ"

"တိမ်နဂါး မဟုတ်ဘူးလား"

ဘေးတွင်ထိုင်နေသော ရှန်းထောင်က မေးလိုက်သည်။

"မဟုတ်ဘူး၊ စပါးအုံး မြွေတစ်ကောင်ပဲ"

"စောစောအိပ်။ ကောင်းကောင်း အနားယူ။ မနက်ဖြန်သွားမယ့်မြို့က ဘယ်လို အခြေအနေရှိလဲ ဆိုတာ မသိသေးဘူး။"

တန်လျန်းက သူတို့ စကားပြောနေတာကို တားလိုက်သည်။

လင်းဟွမ်ကလည်း စိတ်ထဲတွင် တစ်ခုခု ရှိနေသောကြောင့် စကားပြောချင်စိတ် မရှိပေ။ ထို့ကြောင့် အကျႌချွတ်ပြီး ကုတင်ပေါ် တင်လိုက်သည်။

ရှန်းထောင်နှင့် ကျန်သည့်လူများက လင်းဟွမ် ပင်ပန်းနေပြီဟု ထင်သောကြောင့် အနှောင့်အယှက် မပေးကြပေ။

လင်းဟွမ်သည် ထိုတစ်ညလုံး အိပ်မပျော်ခဲ့ပေ။ မျက်လုံး တစ်ချိန်လုံး မှိတ်ထားသော်လည်း ကျောက်စိမ်းတုံးများ၏ နည်းလမ်းများနှင့် ကျင့်ကြံခြင်း နည်းစနစ်များ အကြောင်းကို တွေးတောနေမိသည်။

နောက်နေ့မနက် နေထွက်လာသောအခါ အနီးဆုံး မြို့ကို ဦးတည်ပြီး သွားကြသည်။

မြို့ထဲသို့ အင်မော်တယ်များ ရောက်ရှိလာသည့် သတင်းသည် မနက်ကတည်းက ပျံ့နှံ့သွားသည်ကို သူတို့ မသိခဲ့ကြပေ။

မနေ့ညက တည်းခိုခဲ့သည့် လူဆယ်ယောက်က အင်မော်တယ်များ ဖြစ်ကြောင်း တည်းခိုခန်းစောင့်နှင့် အစေခံက သိလိုက်ကြသည်။

သို့သော် မြို့ကို သတင်းပျံ့နှံ့ လာသည့်အချိန်တွင် လင်းဟွမ်နှင့် ကျန်သည့်လူများ ရောက်ရှိလာကြသည်။

မြို့ကြီးများသည် သာမန်လူများနှင့် စစ်သည်တော် များထံမှ အခကြေးငွေ ကောက်ခံသော်လည်း အင်မော်တယ်များအတွက်က အခမဲ့ ဖြစ်သည်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် မနေ့ညက မြို့ငယ်လေးရှိ ဒေသဆိုင်ရာ အာဏာပိုင်များထံမှ ဤကမ္ဘာတွင် အင်မော်တယ်များက သီးသန့်အခွင့်ထူးများ

ရရှိပြီး သူတို့သွားရာ နေရာတိုင်းတွင် ကောင်းမွန်စွာ ဆက်ဆံခံရကြောင်း သိရှိခဲ့ကြသည်။

သူတို့ ဆယ်ယောက်က ကောင်းကင်ပေါ်မှ မဆင်းလာခင် မြို့တံခါး ပွင့်လာမည့်အချိန်ကို စောင့်ဆိုင်းခဲ့သောကြောင့် လူအများ၏ အကြည့်ကို ဆွဲဆောင်နိုင်ခဲ့သည်။ မြို့စောင့်များကလည်း သူတို့ ဆယ်ယောက်ကို မြို့ထဲမှ လှမ်း ပြုံးပြကြသည်။

ဤကဲ့သို့ လုပ်ရသည့် အကြောင်းအရင်းမှာ သူတို့လက်ထဲတွင် ထိုနေရာတွင်သုံးသော ငွေကြေး မရှိသောကြောင့်ပင် ။ မနေ့ညက သူတို့တည်းခိုခဲ့သည့် တည်းခိုခအတွက် အခကြေးငွေပေးနိုင်ရန် ဒေသဆိုင်ရာ

အာဏာပိုင်များမှ ငွေချေးခဲ့ပြီး ဈေးအသက်သာဆုံး အိပ်ဆောင်တွင် တည်းခိုခဲ့ခြင်း ဖြစ်သည်။ အကယ်၍ သူတို့၏ အင်မော်တယ် အထောက်အထားများကို မဖော်ပြပါက၊ မြို့ထဲဝင်ရန် ပမာဏများစွာ ပေးဆောင်ရလိမ့်မည်။

"ငါတို့တွေ ဈေးတစ်ခု ဒါမှမဟုတ် လေလံပွဲတစ်ခု သွားကြမလား။ အနည်းဆုံးတော့ ဒေသသုံး ငွေကြေးရတာပေါ့။ ပိုက်ဆံမရှိတာ တော်တော်လေး ကြောက်စရာတာပဲ....."

မြို့ထဲဝင်လိုက်သည်နှင့် ရှန်းထောင်က ပထမဦးဆုံး အကြံပြုလိုက်သည်။

"ငါ သဘောတူတယ်။ တစ်ညလောက် ဆင်းရဲသားဘ၀နဲ့ ဖြတ်သန်းပြီး ဒါက အတွေ့ကြုံရတာထက်တောင် ပိုနေပြီ”

ချက်ချင်း ဆိုသလို လီကျားကလည်း

"ဒီညတော့ ကိုယ်ပိုင်အခန်းနဲ့ပဲ နေချင်တယ်"

"အဲဒါ ငါ့ကိုဖွဲ့တာလား။ ငါ့ခြေထောက်က မနံ့ပါဘူး"

ရှန်းထောင်က သူ့ကိုယ်သူ ချက်ချင်း ကာကွယ်လိုက်သည်။

"မင်းကို ပြောနေတာ။ မင်း ခြေထောက်အနံ့က (၁၈)နှစ်လောက် ပုပ်သိုးနေတဲ့ ဟင်းသီးဟင်းရွက်တွေ ထက်တောင် ပိုဆိုးသေးတယ်"

လီကျားက ရှန်းထောင်ကို စိုက်ကြည့်ရင်း ပြောလိုက်သည် ။

"တော်ပြီ၊ စကားများတာတွေ ရပ်လိုက်တော့။ ပိုက်ဆံ နည်းနည်းလောက်ရအောင် ဈေးသွားပြီးတော့ မွန်းစတားအလောင်းတွေ ရောင်းမယ်"

နောက်ဆုံး၌ တန်လျန်းက စကားဝိုင်းကို ကြားဖြတ်ပြီး ဝင်ပြောလိုက်သည်။

မကြာခင် သူတို့သည် အင်မော်တယ်များအတွက် ဖွင့်ထားသော သီးသန့် ဈေးကွက်တစ်ခုကို တွေ့လိုက်သည်။ သူတို့ တစ်ယောက်ချင်းစီတိုင်းက ဟင်းလင်းပြင် အပျက်အစီးထဲတွင် သတ်ခဲ့သော မွန်းစတားအလောင်း အချို့ကို ထုတ်ယူကာ ရောင်းချခဲ့ကြသည်။

လင်းဟွမ် ပထမဦးဆုံး ထုတ်ယူသော မွန်းစတားမှာ ဦးခေါင်းပေါက်ကွဲပြီး သေဆုံးသွားသော မျက်လုံးတစ်ဖက် စပါးအုံးမြွေ ဖြစ်သည်။ ထို့နောက် ဦးခေါင်းများ ဖျက်ဆီးနေပြီး ကပ်ပါးကူးစက်ရန် အသုံးမပြုနိုင်သော

အဆင့်မြင့် အင်မော်တယ်အဆင့် မွန်းစတားအလောင်း နှစ်ခုကို ထုတ်ယူလိုက်သည်။

ဦးခေါင်း ကျိုးကြေ၍သေနေသော မွန်းစတား အလောင်းများကို ကြည့်ရင်း တန်လျှန်းနှင့် ကျန်သည့်လူများက လင်းဟွမ်ကို ထူးဆန်းသော အမူအရာနှင့် ကြည့်နေကြသည်။

"မင်းမှာ နတ်ဆိုးတွေရဲ့ခေါင်းကို ဖောက်ခွဲတတ်တဲ့ အကျင့်ရှိမှန်း ငါ မသိခဲ့ဘူး"

ရှန်းထောင်က သူ့နှာခေါင်းကို ပွတ်သပ်ရင်း တိုးတိုးလေး ကျီစယ်လိုက်သည်။

လင်းဟွမ်က ရှင်းပြရန် စိတ်မဝင်စားပေ။ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် စိတ်ဝိဉာဉ် တိုက်ခိုက်ရေးသမား အမှတ်သညာကို အသွင်ယူထားခဲ့သည်။ စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမားက စိတ်စွမ်းအားနှင့် စိတ်ဝိညာဉ် ဓါးမြှောင်ကို အသုံးပြုပြီး မွန်းစတားများ၏ အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်သည့် ဦးခေါင်းကဲ့သို့ နေရာများကိုသာ တိုက်ခိုက်တတ်ကြသည်။

ဈေးကွက်တွင် မွန်းစတားအလောင်းများ ဝယ်ယူရန် အသုံးပြုသည့် ငွေကြေးမှာ အင်မော်တယ်အဆင့်များ

အသုံးပြုသော ငွေကြေးဖြစ်သည့် ဝိညာဉ်ကျောက်တုံးများ ဖြစ်သည်။

အစောပိုင်းက သိုလှောင်လက်စွပ်ထဲတွင် လင်းဟွမ် ရှာတွေ့ခဲ့သော မီးခိုးရောင် သလင်းကျောက်များ ဖြစ်သည်။

အဆင့်မြင့် အင်မော်တယ်အဆင့် မွန်းစတား အလောင်းကို ဝိညာဉ်ကျောက်တုံး တစ်သန်းမှ ဆယ်သန်းကြားအထိ ရရှိခဲ့ကြသည်။

မွန်းစတားအလောင်း အနည်းငယ်ကို ရောင်းချသောအခါ ပွဲစားများမှတစ်ဆင့် သူဌေးများထံ ရောက်ရှိသွားကြသည်။

ခဏအကြာ စျေးထဲ၌ တန်လျှန်းက လက်ထဲတွင် ဝိညာဉ်ကျောက်တုံးများကို ကိုင်ပြီး လူအချို့နှင့် စကားပြောပြီးနောက် ကိုယ်ပျောက်နဂါး တည်းခိုခန်းကို ခေါ်ဆောင်သွားသည်။

ကိုယ်ပျောက်နဂါး တည်းခိုခန်း ပိုင်ရှင်မှာ အင်မော်တယ် တစ်ယောက်ဖြစ်ပြီး ထိုတည်းခိုခန်းသည် တစ်မြို့လုံးတွင် အင်မော်တယ်များ အများဆုံး လာရောက်လေ့ ရှိကြောင်း ကြားသိထားသည်။ ထိုတည်းခိုခန်းတွင် ဝိညာဉ် ကျောက်တုံးများကိုသာ လက်ခံပြီး သာမန်လူများ၏ ငွေကြေးကို လက်မခံပေ။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် တည်းခိုခန်းကို ရောက်သွားသည်နှင့် တပြိုင်နက် ကျင့်ကြံသူများ၏ အော်ရာကို ခံစားလိုက်ရသည်။

သန့်ရှင်းမီးလျှံ အဆင့်နှင့် အင်မော်တယ် အဆင့်များပင်။

သို့သော်လည်း ဤနေရာတွင် အစွမ်းအထက်ဆုံး တန်ခိုးရှင်၏အော်ရာမှာ တန်လျန်းနှင့် အဆင့်တူ အင်မော်တယ် အဆင့် (၉) အော်ရာသာရှိပြီး ကျန်သည့် လူများက အလှမ်းဝေးပြီး အလယ်အလတ် အင်မော်တယ်အဆင့် အော်ရာများသာ ရှိသည်။

တန်လျှန်းက ကျင့်ကြံသူ အများအပြား ရှိနေသည်ကို သတိထားမိပြီးနောက် ရှန်းထောင်ကို အချက်ပြလိုက်သည်။

ရှန်းထောင်သည် ခြေတစ်လှမ်း ရှေ့တိုးကာ တည်းခိုခန်းထဲတွင် ကြောက်မက်စရာ ကောင်းသော အင်မော်တယ် အဆင့် (၉) အော်ရာကို ဖြန့်ထုတ်လိုက်သည်။ ထို့နောက် ဖိအားကြောင့် တိတ်ဆိတ်သွားသည်။

မကောင်းသော ရည်ရွယ်ချက်နှင့် ကြည့်နေခဲ့ကြသော လူအချို့လည်း ယခုအခါ တုန်လှုပ်သွားပုံပင် ။

ရှန်းထောင်သည် သူ့အော်ရာကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှတ်ပြီးနောက် ပြန်ရုတ်သိမ်းကာ ကောင်တာဘက်သို့ လှည့်လိုက်ပြီး…

"ဝန်ထမ်း …. ပရီမီယံအခန်း ဆယ်ခန်းယူမယ်"

အမှန်တကယ်ဆို အစေခံသည် ရွှေမီးလျှံအဆင့် တိုက်ခိုက်ရေးအစွမ်း ရှိသော်လည်း သူတို့ ဆယ်ယောက်နှင့်ယှဉ်လျှင် ဘာဆို ဘာမှမဟုတ်ပေ။

ရှန်းထောင်၏ အော်ရာကို သိရှိပြီးနောက် အံ့အား မှင်တက်နေသည်။

ရှန်းထောင်က သူ့အား စကားပြောနေသည်ကို ကြားလိုက်မှ အသိစိတ်ပြန်ဝင်လာပြီး လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်သည်။

ထို့နောက် တတိယထပ်ရှိ အခန်းများကို ကြည့်ရှုရန် စိတ်အားထက်သန်စွာ ခေါ်ဆောင်လာခဲ့သည်။

သူတို့သည် စိတ်ကျေနပ်သည့် အခန်းဆယ်ခန်းကို ရွေးချယ်ပြီးနောက် ပထမအထပ် ကောင်တာတွင် အခြားပစ္စည်းများယူရန် ပြန်လာခဲ့ကြသည်။

"အခု ငါတို့ ဘာလုပ်ကြမလဲ....."

သူတို့ ဆယ်ယောက်လုံး တန်လျန်း၏အခန်းထဲတွင် စုဝေးနေကြသည်။

"အစိုးရရုံးက လူတွေကို စောင့်မယ်။ ဈေးမှာ ပြောခဲ့တဲ့ စကားအရဆို အုပ်ချုပ်ရေးမှူးက မြို့ထဲကို အင်မော်တယ် အဆင့်ရှိတဲ့ တန်ခိုးရှင်တွေ ဝင်လာတာနဲ့ သိလိမ့်မယ်။ အဲဒါက ငါတို့နဲ့ ဆိုင်တယ်။"

တန်လျန်းက ရှန်းထောင်၏ အော်ရာကို ရည်ရွယ်ချက်ရှိရှိ ထုတ်ဖော်ခိုင်းခဲ့သောကြောင့် သူတို့ ရောက်ရှိနေသည့်သတင်းက ပို၍ မြန်ဆန်စွာ ပျံ့နှံ့သွားလိမ့်မည်......

"အုပ်ချုပ်ရေးမှူးနဲ့ စကားပြောလိုက်ရင် ငါတို့ သိချင်တဲ့မေးခွန်း တော်တော်များများရဲ့ အဖြေကို ရလိမ့်မယ်။"

# အခန်း(၈၅၂) - လျှို့ဝှက်ဂိုဏ်း....

တန်လျှန်း မျှော်လင့်ထားသလိုပင်....

နောက်တစ်နေ့မနက် အစောပိုင်းတွင် လက်ထောက် အုပ်ချုပ်ရေးမှူး လင်ဝမ်က လင်းဟွမ်နှင့် ကျန်သည့်လူများကို လာရောက် တွေ့ဆုံခဲ့ပြီး အစိုးရရုံးသို့ ဖိတ်ခေါ်ခဲ့သည်။

ထုံးစံအတိုင်း လင်းဟွမ်တို့ကလည်း သူတို့၏ ရည်ရွယ်ချက်ကြောင့် ထိုတောင်းဆိုချက်ကို မငြင်းပယ် ခဲ့ပေ။ ထို့နောက် လင်ဝမ်နှင့် ငွေရောင်သံချပ်ကာ

ဝတ်ဆင်ထားသော အစောင့်နှစ်ယောက် ပါသည့် မွန်းစတားကားနှင့် လိုက်ပါသွားကြသည်။

မွမ်းစတားကား၏ အပြင်ဘက်ပုံစံမှာ မြင်းရထား အရွယ်အစားသာ ရှိပြီး သဘောတရားအရ လူကြီးလေးယောက်ကို တင်ဆောင်ပါက အနည်းငယ် ကျပ်နေရမည်။ ထို့ကြောင့် လင်းဟွမ်တို့ အဖွဲ့သည် အထဲဝင်ရန် အနည်းငယ် တုံ့ဆိုင်းနေကြသည်။ သူတို့က ဆယ်ယောက်၊ ထို့အပြင် လင်ဝမ်နှင့် ကျန်သည့် နှစ်ယောက်ကိုပါ ထပ်ပေါင်းလိုက်ပါက (၁၃) ယောက် ဖြစ်နေပြီ။ သူတို့အားလုံး မတ်တပ်ရပ် စီးလျှင်ပင် အလွန် ကြပ်နေသေးသည်။ သို့သော်လည်း လင်ဝမ်က

ကားပေါ်တက်ရန် လက်ပြ ခေါ်နေသောကြောင့် သူတို့လည်း ဝင်လာခဲ့ကြသည်။

မွန်းစတားကားထဲ ရောက်သွားသည်နှင့် တပြိုင်နက် မွန်းစတားကား၏ အတွင်းပိုင်းမှာ အတော်လေး ကျယ်ဝန်းပြီး ဧည့်ခန်းတစ်ခု အရွယ်အစားခန့်ရှိကြောင်း သိလိုက်ရသည်။

လင်ဝမ်က သူတို့ကို လက်ဖက်ရည်တိုက်ရင်း ပြုံးကာ စကားပြောဆိုနေသည် ။

လင်းဟွမ်တို့အဖွဲ့သည် မြို့တွင် ဖြစ်ပျက်နေသော အခြေအနေများကို အကြမ်းဖျင်း သိလိုက်ကြသည်။

မြို့တော်၏ အာဏာပိုင်အဖွဲ့ကို အစိုးရဌာနဟုခေါ်သည်။ ဤကမ္ဘာကြီးအတွက် သင့်လျော်သောတရားဝင် အဖွဲ့အစည်းဖြစ်ပြီး လင်းဟွမ်တို့ ကမ္ဘာကပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဆင်တူသည်။

မြို့တစ်မြို့ကို အုပ်ချုပ်ရေးမှူး တစ်ဦးနှင့်လက်ထောက်နှစ်ဦးတို့က အုပ်ချုပ်သည်။ သူတို့သုံးဦးကိုတစ်မြို့လုံးရှိ စွမ်းအားအကောင်းဆုံး လူများထဲမှရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးများအပြင် အစွမ်းထက်သောလူ (၁၂) ယောက်ဖြင့် ဖွဲ့စည်းထားသည့် အကြီးအကဲအဖွဲ့အစည်း

ဟုခေါ်သော အခြား အဖွဲ့အစည်းတစ်ခုလည်း ရှိသေးသည်။

အကြီးအကဲ အဖွဲ့အစည်းက အစည်းအဝေး အမျိုးမျိုးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရန် တာဝန်ယူထားပြီး အုပ်ချုပ်ရေးမှူးနှင့် လက်ထောက် အုပ်ချုပ်ရေးမှူးများကဲ့သို့ မဲပေးပိုင်ခွင့် ရှိသည်။

မြို့ တစ်မြို့လုံး၏ ဖွံ့ဖြိုး တိုးတက်ရေးကို အုပ်ချုပ်ရေးမှူး၊ လက်ထောက် အုပ်ချုပ်ရေးမှူများနှင့် အကြီးအကဲများက သတ်မှတ်ပြီး လမ်းညွှန်ပေးသည်ဟု ဆိုနိုင်သည်။

ထို့အပြင် မြို့ကို ကာကွယ်ရန်အတွက် အင်မော်တယ်အဆင့် အစောင့်များလည်း ရှိသေးသည်။

သန့်ရှင်းမီးလျှံအဆင့် တိုက်ခိုက်ရေး အစွမ်းရှိသရွေ့ သူတို့ကိုယ်သူတို့ အင်မော်တယ် အစောင့်အဖြစ် စာရင်းသွင်းနိုင်သည်။ ဝင်ခွင့်အကဲဖြတ်မှုက အလွန်ရိုးရှင်းသည်။ သန့်ရှင်း မီးလျှံအဆင့်လူ၏ (၉၅) ရာခိုင်နှုန်းက ဖြတ်ကျော်နိုင်သည်။ တိုက်ပွဲအတွေ့အကြုံမရှိသော လူနည်းစုကသာ ကျရှုံးနိုင်သည်။

ထုံးစံအတိုင်း ဒါသည် သာမန် အင်မော်တယ် အစောင့်များအတွက် လိုအပ်ချက်သာ ဖြစ်သည်။

အထူးသဖြင့် အင်မော်တယ် အစောင့်အဖွဲ့တွင် သီးခြားရပ်တည်နေသော အဖွဲ့တစ်ခု ရှိပြီး ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်များဟု ခေါ်သည်။ သူတို့ကိုယ်တိုင် သတ်ဖြတ်ခဲ့သော အင်မော်တယ်အဆင့် နတ်ဆိုး သုံးကောင်၏အလောင်းကို ယူလာမှ ထိုအဖွဲ့ထဲတွင် ပူးပေါင်း ပါဝင်ခွင့်ပေးသည်။

ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အတူ တည်းခိုခန်းကို ရောက်လာသည့် ငွေရောင် သံချပ်ကာဝတ် အစောင့်နှစ်ဦးမှာ ဂုဏ်ထူးဆောင် အင်မော်တယ် ကိုယ်ရံတော် နှစ်ယောက်ပင် ။ သူတို့တွင် အဆင့်မြင့် အင်မော်တယ်အဆင့် တိုက်ခိုက်ရေးအစွမ်း ရှိသည်။

သူတို့၏ ပုံစံအရ လက်ထောက် အုပ်ချုပ်ရေးမှူးထက် များစွာ အားနည်းခြင်း မရှိပေ.....။

မွန်းစတားကားကို ချစ်စရာကောင်းသော သမင်သားရဲတစ်ကောင်က ဆွဲနှင်ခဲ့ခြင်း ပင် ။ သမင်သားရဲသည် အတောင်မရှိသော်လည်း လေထဲ ခုန်ပြီး ပျံသန်းနိုင်သည်။ ရထားပေါ်တွင် လူဆယ်ဦးထက် ပို၍ တင်ဆောင်ခဲ့သော်လည်း ၎င်းက အလေးချိန်မရှိသလို ခံစားရပြီး ၎င်း၏ခြေထောက်များက ငှက်မွှေးကဲ့သို့ ပေါ့ပါးစွာ လှုပ်ရှားနေသည်။

သုံးမိနစ်မပြည့်ခင် လင်းဟွမ်တို့အဖွဲ့သည် မွန်းစတားကားစီးပြီး အစိုးရရုံးဝင်ပေါက်သို့ ရောက်ရှိလာကြသည်။

မွန်းစတားကား ရပ်လိုက်သည်နှင့် လင်ဝမ်က သူတို့ကို အစိုးရရုံးထဲ ဦးဆောင်ကာ ခေါ်ဆောင်သွားသည်။

ငွေရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော အစောင့်နှစ်ယောက်က ဝင်ပေါက်အနားတွင် ရပ်နေခဲ့ကြသည်။

လင်ဝမ်က လင်းဟွမ်တို့ကို အစည်းအဝေး အခန်းထဲ ခေါ်သွားပြီး လက်ဖက်ရည်ချပေးရန် လူတစ်ယောက်ကို စေခိုင်းလိုက်သည်။

"ခဏစောင့်ပေးပါ။ မကြာခင် အုပ်ချုပ်ရေးမှူး ရောက်လာပါလိမ့်မယ်။"

သိပ်မကြာခင်မှာပင် အရပ်ခပ်ရှည်ရှည် လူလတ်ပိုင်း အမျိုးသားတစ်ယောက် သူတို့ထံ လျှောက်လာသည်။

ထိုအမျိုးသားသည် ရှန်းထောင်နှင့် အရပ်တူပြီး (၁.၉)မီတာကျော် ရှိကာ ဗလပိုတောင့်သည်။ အော်ရာက အတူတူပင်။ သူသည် အင်ပါယာအဆင့်သို့ တက်လှမ်းရန် ခြေတစ်လှမ်းသာ ဝေးတော့သည်။

လင်းဟွမ်နှင့် ကျန်လူများသည် ထိုလူက တံခါးဖွင့်လိုက်သည်နှင့် မည်သူဖြစ်ကြောင်း သိလိုက်ကြသည်။

ထိုလူက ဝမ်းသာအရ ရယ်မောလိုက်ပြီး

"ငါ့နာမည်က ကျိုးယွမ်လောင် ပါ။ မင်းတို့အားလုံးကို ကြိုဆိုပါတယ်"

"ဒါက ငါတို့ရဲ့ အုပ်ချုပ်ရေးမှူးပဲ"

လင်ဝမ် က မတ်တပ်ထရပ်ပြီး ပြောလိုက်သည်။

လင်းဟွမ်တို့အဖွဲ့လည်း မတ်တပ်ရပ်ကာ နှုတ်ဆက်လိုက်ကြသည်။

ကျိုးယွမ်လောင်က ပင်မထိုင်ခုံတွင် ထိုင်လိုက်ပြီး ကျန်သည့်လူများက သူတို့နေရာတွင် ပြန်ထိုင်လိုက်ကြသည်။

"မင်းတို့အားလုံးမှာ ထူးထူးခြားခြား အစွမ်းအစတွေ ရှိတယ်ဆိုတာ ငါနားလည်တယ်။ မင်းတို့ ဘယ်က လာတာလဲလို့ ငါ သိချင်မိသေးတယ်။"

ချက်ချင်း ဆိုသလို ကျိုးယွမ်လောင်က လိုရင်း အကြောင်းအရာကို တန်း ပြောလိုက်သည်။

တန်လျန်းက ပြုံးလိုက်ပြီး မနေ့ညက သူတို့အားလုံး ဆွေးနွေးထားသည့်အတိုင်း ပြောလိုက်သည်။

"အုပ်ချုပ်ရေးမှူး၊ ငါတို့ ဆယ်ယောက်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ လို့ခေါ်တဲ့ လျှို့ဝှက်ဂိုဏ်းက လာတာပါ။ ငါတို့ဂိုဏ်းက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာ ကတည်းက တောထဲမှာ ပုန်းအောင်းနေခဲ့ပြီး တံခါးပြန်ဖွင့်တာ မကြာသေးဘူး။ ငါတို့ အားလုံးက ဂိုဏ်းတူ ညီအကိုတွေပဲ။

နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက် ကမ္ဘာကြီးပေါ် ပြန်ထွက်လာတဲ့ ပထမဦးဆုံး အသုတ်ပဲ...."

"လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက လျှို့ဝှက်ဂိုဏ်း တစ်ခုလား....."

ကျိုးယွမ်လောင်နှင့် လင်ဝမ်တို့သည် ထိုစကားကို ကြားလိုက်လျှင် မျက်မှောင်ကြုတ်သွားသည်။

နှစ်ထောင်ပေါင်းများစွာ တည်ရှိခဲ့သော ဂိုဏ်းတစ်ခုသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် အားကောင်းနေမည် ဖြစ်သည်။

ကျိုးယွမ်လောင်သည် အခြားသူပြောရင် မယုံနိုင်ဖြစ်သော်လည်း ယခုပြောနေသော အုပ်စုတွင် လင်းဟွမ်မှလွဲ၍ ကျန်သည့်သူများက သူနှင့် အော်ရာတူနေသည်။ သူတို့ထဲမှ နှစ်ယောက်သည် သူ့ထက်ပင် ပိုအစွမ်းထက်သော အော်ရာရှိပြီး ယခုလက်ရှိ သူနှင့်မျက်နှာခြင်းဆိုင် ထိုင်နေသည်။

သူတို့ ဆယ်ယောက်ကို သေချာကြည့်ပြီးနောက် ကျိုးယွမ်လောင်၏ မျက်လုံးများသည် လင်းဟွမ်ထံ ရောက်သွားသည်။

"ဒီညီငယ်လေးက မင်းတို့အားလုံးနဲ့ ဂိုဏ်းအတူတူပဲလား"

တန်လျှန်း စကားပြောရန်လုပ်လိုက်စဉ် လင်းဟွမ်က သူ့ပခုံးကိုပုတ်ပြီး

"အုပ်ချုပ်ရေးမှူးက ငါ့အရည်အချင်းကို သံသယဝင်နေပုံပဲ"

လင်းဟွမ်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ခပ်တိုးတိုး ပြုံးလိုက်သည်။ စကားအများကြီး မပြောပေ။

"မြောက်ဝံမင်း ထွက်လာစမ်း"

သူပြောပြီးသည်နှင့် တပြိုင်နက် ကြီးမားသော ရွှေရောင်မြောက်ဝံကြီးသည် မည်သည့်နေရာမှမသိ ထက်ပေါ်လာပြီး ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များက ကောင်းကင်ထိတိုင်အောင် လွင့်ပျံသွားသည်။

လင်းဟွမ်၏ သိမ်မွေ့သော အမူအရာကြောင့် ဟာကျူလီဘုရင်က ကောင်းကင်သို့မော့ကြည့်ကာ ကျယ်လောင်စွာ ဟိန်းဟောက်လိုက်သည်။ ထိုဟိန်းဟောက်သံကြီးကြောင့် အစိုးရရုံးတစ်ခုလုံး တုန်လှုပ်သွားသည်။ ဟိန်းဟောက်သံသည် တစ်မြို့လုံး ပျံ့နှံ့သွားပြီး လူပေါင်းများစွာကို တုန်လှုပ်သွားစေခဲ့သည်။

လူတော်တော် များများက မြို့ကို မွန်းစတားတစ်ကောင် တိုက်ခိုက်နေသည်ဟု ထင်ကြပြီး အင်မော်တယ်အစောင့်များက ဟိန်းဟောက်သံ

ထွက်ပေါ်လာရာသို့ အပြေးအလွှားလာကြရာ မြို့ထဲက အဆောက်အဦးထက် ပိုမြင့်သော ဟာကျူလီဘုရင်ကို ဝိုင်းထားကြသည်။

"အားလုံး၊ နောက်ဆုတ်ကြ"

ကျိုးယွမ်လောင်က သူတို့ကို ကြည့်နေရင်း နောက်ဆုတ်ရန် ပြောလိုက်သည်။

ချက်ချင်း လုပ်ခိုင်းရသည့် အကြောင်းရင်းမှာ မျောက်ဝံကြီးက သူ၏ အင်မော်တယ် အစောင့်များကို သတ်ပစ်လိုက်မှာ ကြောက်၍ပင်။ ဤမျောက်ဝံကြီး၏ အော်ရာမှတဆင့် သူ့ကဲ့သို့ပင် အစွမ်းကြီးကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။

"ဒါဆို ဒီညီလေးက နတ်ဆိုးဆင့်ခေါ်သူတစ်ယောက်ပေါ့။ ငါ ရိုင်းသွားတယ်"

ကျိုးယွမ်လောင်က လင်းဟွမ်ကို တောင်းပန်ပြီး လေးလေးစားစားဖြင့် ကြည့်လိုက်သည်။ လင်းဟွမ်၏ စွမ်းရည်ကြောင့် သူ မကြောက်သော်လည်း နတ်ဆိုးဆင့်ခေါ်သူများကို လေးစားသောကြောင့်ပင်။

လင်းဟွမ် သည် ဤကမ္ဘာပေါ်တွင် နတ်ဆိုးဆင့်ခေါ်သူက အလွန်နည်းပါးပြီး ထိပ်တန်းဂိုဏ်း အနည်းငယ်က ထိုကဲ့သို့လူများကို အလိုရှိကြောင်း မသိပေ။ လောလောဆယ် နတ်ဆိုးဆင့်ခေါ်သူ တစ်ယောက်စီ ပိုင်ဆိုင်ထားသည့် ထိပ်တန်းဂိုဏ်းနှစ်ခုသာ

ရှိကာ ဂိုဏ်းခွဲများက စရိတ်စကဖြင့် လေ့ကျင့်ပေးကြသည်။

နတ်ဆိုးဆင့်ခေါ်သူ နှစ်ယောက်သည် လင်းဟွမ်ထက် အစွမ်းထက်သော စွမ်းရည်များ ရှိသော်လည်း ဤကဲ့သို့ ကြီးမားသော မျောက်ဝံကြီးကို ဆင့်ခေါ်နိုင်ခြင်းက အထင်ကြီးစရာ ကောင်းလှ၏။

လင်းဟွမ်က သူ့လက်ကို တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ကျိုးယွမ်လောင် နှင့် လင်ဝမ် တို့သည် သူတို့အား လျှို့ဝှက်ဂိုဏ်း၏ တပည့်များဖြစ်ကြောင်း သူတို့၏ အထောက်အထားများကို သံသယ မဝင်တော့ပေ။

လင်းဟွမ်သည် ဟာကျူလီဘုရင်ကို ကတ်ပုံစံ ပြန်သိမ်းဆည်းပြီးနောက် တန်လျှန်းနှင့် ကျန်သည့်လူများက သူ့ကို အထူးအဆန်းပုံစံဖြင့် ကြည့်နေကြသည်ကို သတိထား မိလိုက်ကြသည်။

ယခင်က ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ဟာကျူလီဘုရင်ကို ဆင့်ခေါ်ခဲ့ဖူးသည်။ ထိုအချိန်က ဟာကျူလီဘုရင်၏ တိုက်ခိုက်ရေးစွမ်းအားသည် အင်မော်တယ် အဆင့် ၂သာဖြစ်ပြီး ထိုအကြောင်းကို လူအတော်များများက သိကြသည်။ ယခု တစ်လခွဲ ကုန်ဆုံးသွားသောအခါ၊ ဟာကျူလီဘုရင်၏ တိုက်ခိုက်ရေးစွမ်းအားသည် အင်မော်တယ် အဆင့်-၉

သို့ မြင့်တက်လာခဲ့သည်။ ၎င်း၏ တိုက်ခိုက်ရေးအဆင့် မြှင့်တင်မှုနှုန်းမှာ မယုံနိုင်လောက်အောင် ကြောက်စရာကောင်းနေသည်။

လင်းဟွမ် နှင့် သူ့အဖွဲ့သားများ၏ အထောက်အထားများကို အတည်ပြုပြီးနောက် ကျိုးယွမ်လောင်၏ သဘောထားသည် ပိုမိုရင်းနှီးလာခဲ့သည်။

"ငါတို့မြို့ကို ရောက်လာတယ်ဆိုတော့ ဘယ်လိုကူညီပေးရမလဲ သိချင်တယ်"

"ဒီကမ္ဘာကြီး ဘယ်လို ပြောင်းလဲသွားလဲဆိုတာ သိချင်တယ်။ ငါတို့ဂိုဏ်းကို နှစ်သောင်းနဲ့ချီပြီး

ဖုန်းကွယ်နေခဲ့တယ်။ ငါတို့မှာရှိတဲ့ ပြင်ပကမ္ဘာနဲ့ ပတ်သက်တဲ့ သတင်း အချက်အလက်တွေက အကန့်အသတ် ရှိတယ်"

နောက်ဆုံးတွင် တန်လျန်းက သူတို့၏ ရည်ရွယ်ချက်အား ပြောကြားလိုက်သည်။

"ဒါက လွယ်ပါတယ်။ မင်းတို့အားလုံးကို စာကြည့်တိုက်နဲ့ အစိုးရ ဒေတာဘေ့စ်ထဲကို ဝင်ခွင့်ပေးမယ်။ လိုချင်တဲ့ အချက်အလက်ရှိတိုင်း အချိန်တိုင်း လာနိုင်တယ်။ မင်းတို့မေးစရာတွေရှိရင် လင်ဝမ်ကိုလည်း တိုက်ရိုက်မေးနိုင်တယ်။"

ကျိုးယွမ်လောင်က ချက်ချင်း စီစဉ်ပေးလိုက်သည်။

"အုပ်ချုပ်ရေးမှူး ကျိုး မင်းသိသင့်တာတစ်ခုရှိသေးတယ်"

တန်လျန်းက ထရပ်ပြီး ထွက်သွားရန်လုပ်လိုက်စဉ် ကျိုးယွမ်လောင်ကို ပြောလိုက်သည်။

"ဟုတ်လား"

"တကယ်တော့၊ ငါတို့က မကြာသေးခင်ကမှ ကမ္ဘာထဲကို ဝင်လာတဲ့ တစ်ခုတည်းသော လျှို့ဝှက်ဂိုဏ်းမဟုတ်ဘူး။ သူတို့က ဆယ်ဂဏန်းလောက်တော့ ရှိမယ်။ ငြိမ်းချမ်းရေး လိုချင်တဲ့လူတွေက အနည်းစုပဲရှိတယ်။ တချို့က

နတ်ဆိုးကျင့်ကြံသူတွေ ရှိတယ်။ သူတို့က သတ်ပစ်ဖြတ်ရတာ၊ လုယူရတာ၊ ကြိုက်တယ်"

တန်လျှန်းပြောနေသည့် နတ်ဆိုးကျင့်ကြံသူများမှာ မြေအောက်အဖွဲ့အစည်းမှ လူများပင်။ လူနေသောမြို့ကို ရှာတွေ့သည်နှင့် စည်းကမ်းများ မလိုက်နာဘဲ သတ်ပစ်ပြီး လုယက်ကြမှာ သေချာသည်။ ဤလောက၏ နတ်ဆိုးကျင့်ကြံသူများသည် အလားတူ ပြုမူကြပြီး သူတို့၏ အရင်းအမြစ်များအတွက် မည်သည့်အရာကိုမဆို လုပ်ဆောင်တတ်ကြသည်။

"နတ်ဆိုးကျင့်ကြံသူတွေနဲ့ လျှို့ဝှက်ဂိုဏ်းတွေ ရှိတာလား။"

ထိုသတင်းကိုကြားလျှင် ကျိုးယွမ်လောင် မျက်မှောင်ကြုတ်သွားသည်။ ခဏမျှ ငြိမ်သက်ပြီးနောက် မေးလိုက်သည်။

“နတ်ဆိုး ကျင့်ကြံသူတွေရဲ့ အရည်အချင်းက မင်းတို့ အားလုံးနဲ့ယှဉ်ရင် ဘယ်လိုလဲ”

"သူတို့ရဲ့ စွမ်းရည်တွေက ငါတို့နဲ့ ဆင်တူပေမယ့် ဒီတခေါက် တပည့်များစွာကို လွှတ်ပေးလိုက်တဲ့ နတ်ဆိုးဂိုဏ်းတချို့လည်း ရှိသေးတယ်။ လူ ၁၀၀လောက်အထိ ရှိနိုင်တယ်။"

တန်လျန်းသည် သူတို့ကို မြေအောက်အဖွဲ့အစည်းက တိုက်ခိုက်နိုင်ကြောင်း သိနေသည့်အတွက်

သတင်းအချက်အလက် မျှဝေပေးလိုက်သည်။ ဤလောကဌ် အချင်းချင်း ထိပ်တိုက်တွေ့သည်နှင့် တပြိုင်နက် တိုက်ပွဲသည် ရှောင်လွှဲ၍မရသောကြောင့် ဒေသခံများ၏ အကူအညီကို ရယူရန် တွေးလိုက်မိသည်။

"မင်းတို့နဲ့ အရည်အချင်းတူတဲ့လူ အယောက် ၁၀၀လား"

ကျိုးယွမ်လောင် ပြင်းပြင်းထန်ထန် သက်ပြင်း ရှိုက်လိုက်မိသည်။

" နတ်ဆိုးကျင့်ကြံသူတွေ လာမှာလား၊ မလာဘူးလားဆိုတာ ခိုင်မာတဲ့ သက်သေမရှိပေမယ့်၊ နတ်ဆိုးကျင့်ကြံသူတွေ ရောက်လာတဲ့အခါ မင်းတို့

အငိုက်မမိအောင် တိုက်ပွဲမစခင် ကြိုတင်ပြင်ဆင်ထားတာ ပိုကောင်းမယ် ထင်တယ်"

# အခန်း(၈၅၃) - ပြတ်တောက်သွားသော အင်မော်တယ် လမ်းစဉ်

နောက်ထပ်နှစ်ရက် ကြာသောအခါ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင် ဆယ်ယောက်သည် အုပ်စုနှစ်စု ခွဲလိုက်ကြသည်။

လူသုံးယောက်ပါသော အဖွဲ့တစ်ဖွဲ့က ဂူရှန်မြို့တွင် သတင်းအချက်အလက် ရရှိရန် အဓိကတာဝန်ယူပြီး အခြားခုနစ်ယောက်အဖွဲ့က ပစ္စည်းများ ရှာဖွေရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ သူတို့ခုနစ်ယောက်က သူတို့ရရှိခဲ့သော မွန်းစတားအလောင်းများ အပါအဝင်

ရှာဖွေတွေ့ရှိသည့် ပစ္စည်းတိုင်းကို အညီအမျှ ခွဲဝေယူမည်ဟု သဘောတူညီချက် လုပ်ခဲ့ကြသည်။

လင်းဟွမ်က ဂူရှန်မြို့တွင် ကျန်ခဲ့ရန် ရွေးချယ်ခဲ့ပြီး စာကြည့်တိုက်တွင် သတင်းအချက်အလက်များ စုဆောင်းရန် တာဝန်ယူခဲ့သည်။

လင်းဟွမ်သည် လွန်ခဲ့သည့် နှစ်ရက်လုံးလုံး စာကြည့်တိုက် ပိတ်ချိန်မှလွဲ၍ စာကြည့်တိုက်ထဲမှ လုံးဝ မထွက်ခဲ့ပေ။ သွေးရဲရဲလေး၏ အကူအညီနှင့် သတင်းအချက်အလက် ပင်လယ်ကြီးထဲတွင် နေ့စဉ်နေ့တိုင်း အလွန်လျှင်မြန်စွာ ကျက်မှတ်နေခဲ့သည်။

ဤကမ္ဘာကြီးတွင် ပြင်ပကမ္ဘာနှင့် နှိုင်းယှဉ်ပါက လုံး၀ ကွဲပြားခြားနားသော ကျင့်ကြံမှုစနစ် ရှိနေသည်။

ပြင်ပကမ္ဘာက ကံကြမ္မာစက်ဝိုင်း ကျင့်ကြံသည့် အဆင့်ကို ဤကမ္ဘာတွင် သေမျိုးအဆင့်ဟု ခေါ်ကြသည်။ သို့သော်လည်း အများစုက ‘စစ်သည်တော်’ အဆင့်ဟု ခေါ်ဆိုကြသည်။

အဆင့်တစ်ဆင့် ပိုမြင့်ပြီး သန့်ရှင်းမီးလျှံအဆင့်ကို ဤနေရာတွင် သေမျိုး အသွင်ပြောင်းအဆင့်ဟု ခေါ်ကြသည်။

တစ်ချိန်တည်းမှာပင် အင်မော်တယ် အဆင့်ကို "တက်လှမ်းခြင်း အဆင့်" ဟုခေါ်သည်။ အင်ပါယာအဆင့်

ဖြစ်သည့် နောက်တစ်ဆင့်ကို လူအများက အင်မော်တယ် ဟုခေါ်ကြသည်။

လင်းဟွမ်က ထိုအဆင့်ထက် ပိုမြင့်သည့် မြေကမ္ဘာ အင်မော်တယ်အဆင့်နှင့် ကောင်းကင်ဘုံ အင်မော်တယ် အဆင့်များအကြောင်းကို ဖတ်ခဲ့ရသည်။ ပြင်ပကမ္ဘာတွင် ထိုအဆင့်များက အတုယောင် နတ်ဘုရားအဆင့်နှင့် အစစ်အမှန် နတ်ဘုရားအဆင့်များ ဖြစ်လိမ့်မည်ဟု လင်းဟွမ်က ယူဆလိုက်သည်။

ရှေးခေတ် စာအုပ်များတွင် ဤကဲ့သို့ အဆင့်အမျိုးမျိုးကို ပြီးပြည့်စုံစွာ မှတ်တမ်း တင်ထားသောကြောင့် ဤကမ္ဘာပေါ်တွင်

အစစ်အမှန်နတ်ဘုရားနှင့် အတုယောင်နတ်ဘုရားများ ရှိခဲ့သည်မှာ သေချာသည်။ သို့သော်လည်း ယခုအချိန်၌ ရှိ ၊မရှိကိုမူ မသေချာတော့ပေ။

မြူခိုးများ ဖုံးလွှမ်းသည့်နေရာထဲကို ရောက်လာပြီးကတည်းက လင်းဟွမ်နှင့် ကျန်သည့်လူများ မြင်တွေ့ခဲ့ရသည့် စွမ်းအားအရှိဆုံး ဒေသခံမှာ အင်မော်တယ်အဆင့်နှင့် တူညီသော တက်လှမ်းခြင်းအဆင့်သာ ရှိသည်။ အင်ပါယာအဆင့် တစ်ယောက်မျှ မမြင်ခဲ့ကြပေ။

လင်းဟွမ်သည် သံသယစိတ်အပြည့်နှင့် အခြားစာအုပ်များစွာကို ဖတ်ခဲ့သော်လည်း

လူသားအင်မော်တယ် အဆင့်များ ပျောက်ကွယ်သွားရသည့် အကြောင်းအရင်းနှင့် ပတ်သက်၍ ရှင်းပြချက်ကို မတွေ့ရပေ။

နောက်ဆုံး၌ ထိုအကြောင်းကို လင်ဝမ်အား မေးလိုက်သည်။

ထိုမေးခွန်းကိုကြားလျှင် လင်ဝမ်က သူ့ကို ထူးဆန်းစွာ ကြည့်ခဲ့သော်လည်း ရှင်းပြခဲ့သည်။

"တက်လှမ်းခြင်းအဆင့်ကနေ အင်မော်တယ်လမ်းစဉ် လျှောက်လှမ်းဖို့ဆိုရင် လူသားအင်မော်တယ် ဖြစ်လာဖို့ အင်မော်တယ် အရင်းအမြစ်တွေ လိုအပ်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား......"

"ငါ သိတယ်"

ထုံးစံအတိုင်း လင်းဟွမ်သည် လူသား အင်မော်တယ်အဆင့် တက်လှမ်းရန် လိုအပ်သည့် လိုအပ်ချက်ကို သိသည်။

"အခုချိန်အထိ လူသား အင်မော်တယ်အဆင့်ကို မတွေ့ဖူးသေးဘူး။ အင်မော်တယ်လမ်းစဉ်က လျှောက်လှမ်းဖို့ ခက်လို့လား...."

"အခက်အခဲက တစ်ခုတည်းသော အချက် မဟုတ်ဘူး..."

လင်ဝမ်က ခေါင်းခါယမ်းရင်း သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ကာ စိတ်ပျက်နေပုံရသည်။

“နှစ်ထောင်ပေါင်းများစွာ အတွင်းမှာ အင်မော်တယ် လမ်းစဥ်ကို လျှောက်လှမ်းတဲ့ ဘယ်သူမှ အသက်မရှင်ခဲ့ဘူး။ တစ်ယောက်ဆို တစ်ယောက်တောင် မရှိဘူး”

"ဘယ်လို ဖြစ်တာလဲ"

လင်းဟွမ်သည် ထိုစကားကိုကြားလျှင် အံ့အား သင့်သွားသည်။

"ဒီနေရာမှာ လူသားတွေရော၊ နတ်ဆိုးတွေရော အတူတူပဲ။ အင်မော်တယ်လမ်းစဥ်ကို လျှောက်လှမ်းတဲ့ လူတိုင်း ပျောက်ဆုံးသွားကြတယ်"

လင်ဝမ်က ဆက်ပြောလိုက်သည်။

“လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်က ငါတို့ကမ္ဘာရဲ့ အင်မော်တယ်လမ်းစဥ်က ပြတ်တောက်သွားပြီလို့ ကောလဟာလတစ်ခု ရှိခဲ့တယ်...."

"မင်း ပြောချင်တာက ဒီကမ္ဘာကြီး တစ်ခုလုံးမှာ လူသားအင်မော်တယ်အဆင့် မရှိဘူးပေါ့"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"အခု လက်ရှိတော့ ရှိလား၊ မရှိလား ဆိုတာ ငါလည်းမသိဘူး။"

လင်းဝမ်က ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

"ငါသိတာက ဒီကမ္ဘာကြီးမှာ လွှန်ခဲ့တဲ့ နှစ်ထောင်သောင်းများစွာက လူသားအင်မော်တယ် တန်ခိုးရှင်တွေ ရှိခဲ့တယ်ဆိုတာပဲ။ အဲဒီထက်ပိုပြီး အစွမ်းထက်တဲ့ တန်ခိုးရှင်တွေတောင် ရှိခဲ့သေးတယ်။ ဒါပေမယ့် တစ်နေ့မှာတော့ လူသားအင်မော်တယ်အဆင့် အထက်က တန်ခိုးရှင်တွေအားလုံးဟာ အစအန ရှာမအောင် ပျောက်ကွယ်သွားကြတယ်။ “

“နောက်ပိုင်းမှာ အင်မော်တယ်လမ်းစဉ်က တစ်ခုခု မှားယွင်းခဲ့တာပဲ ။ အဲအချိန်ကစပြီး ဘယ်သူမှလည်း လူသား အင်မော်တယ်အဆင့်ကို မတက်လှမ်း နိုင်တော့ဘူး။ ကြည့်ရတာ အပေါ်က ကြယ်တွေက

လမ်းစဉ်ကို ဖြတ်တောက်ထားတဲ့ပုံပဲ။ အဲ့ဒါကြောင့် လူသားအင်မော်တယ် အဆင့်ကနေ မြေကမ္ဘာ အင်မော်တယ်အဆင့်ကို တက်လှမ်းဖို့ နည်းလမ်း မရှိတော့တာ"

"သေမျိုးအသွင်ပြောင်းအဆင့် လူတွေက နှစ်ပေါင်း(၁,၈၀၀) အထိ အသက်ရှင်နိုင်တယ်၊ တက်လှမ်းခြင်းအဆင့်က နှစ် (၃,၀၀၀) အထိ၊ လူသားအင်မော်တယ်အဆင့် လူတစ်ယောက်က ဘယ်လောက်ပဲ အစွမ်းထက်ထက် နှစ် တစ်သောင်းအထိပဲ အသက်ရှင်နိုင်တယ်။ အဲဒီလို အသက်ရှင်ဖို့အတွက် သူတို့ကိုယ်သူတို့ ချိတ်ပိတ်

လိုက်တယ်။ အဲဒီအချိန်ကစပြီး ဒီကမ္ဘာပေါ်မှာ လူသားအင်မော်တယ်တွေ နည်းသထက် နည်းလာတာပဲ။ “

“ နှစ်ပေါင်း ထောင်သောင်းမက ကျော်လွန်လာတဲ့အခါ သူတို့ကိုယ်သူတို့ ချိတ်ပိတ်ထားတဲ့ လူသား အင်မော်တယ်တွေ အသက် ရှင်နေသေးတာလား ဆိုတာကို ဘယ်သူမှ မသိတော့ဘူး။ တက်လှမ်းခြင်းအဆင့် တန်ခိုးရှင်တွေကလည်း အင်မော်တယ် လမ်းစဉ်ကို မလျှောက်ရဲတော့ဘူး"

"ဘယ်လူသားကမှ အင်မော်တယ် လမ်းစဥ်ကို လျှောက်လှမ်းဖို့ မကြိုးစားတော့ဘူးလား။"

လင်းဟွမ်က မနေနိုင်ဘဲ မေးလိုက်သည်။

"ဟုတ်တယ်၊ လူတော်တော်များများက အင်မော်တယ် လမ်းစဉ်မှာ ပြဿနာတစ်ခုခု ဖြစ်နေလား၊ မဖြစ်ဘူးလား ဆိုတာကို စုံစမ်းဖို့အတွက် စေတနာ့ဝန်ထမ်းတွေ လုပ်ခဲ့ကြပေမယ့် သူတို့ထဲမှာ ဘယ်သူမှ အသက်ရှင်ရက် ပြန်မလာကြဘူး"

လင်းဟွမ်သည် လင်ဝမ်နှင့် စကားသောအခါ စာအုပ်ထဲတွင် မှတ်တမ်းတင်ထားခြင်း မရှိသည့် အချက်အလက်များစွာကို သိခဲ့ရသည်။

သို့သော်လည်း ဤကမ္ဘာပေါ်တွင် သက်ရှိလူသားအင်မော်တယ်အဆင့် ရှိ၊ မရှိကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။

လင်းဟွမ် လက်ထဲတွင် သတင်းအချက်အလက် အပြည့်အစုံ ရှိခဲ့သလို တန်လျန်းနှင့် ကျန်သည့် လူများကလည်း အချောင်ခိုခဲ့ခြင်း မရှိပေ။

သူတို့က တွေ့သမျှနတ်ဆိုးဘုရင် အားလုံးကို သတ်ပစ်ခဲ့ကြသည်။ နတ်ဆိုးလေးများကမူ သူတို့အတွက် အမြည်းသက်သက်သာ .....

ထို့အပြင် သူတို့နှင့်အတူ ပိုးကောင်သခင် လီကျားရှိနေသောကြောင့် နတ်ဆိုးဘုရင်များနှင့် နတ်ဆိုး

ခေါင်းဆောင်များက သူတို့ရတနာများကို မည်မျှပင် ဖုံးကွယ်ထားပါစေ အားလုံးကို ရှာတွေ့ခဲ့ကြသည်။

ရက်အနည်းငယ် အတွင်းမှာပင် သူတို့ခုနစ်ယောက်က ဂူရှန်မြို့ အနီးတဝိုက် ကီလိုမီတာ တစ်ထောင် အချင်းဝက်အတွင်းက နတ်ဆိုးတိုင်းနီးပါးကို သတ်ပစ်ခဲ့ကြသည်။ ထို့အတူ သိုလှောင်လက်စွပ် (၂၀၀) ကျော်ကိုလည်း တစ်ပါးတည်း ရယူခဲ့ကြသည်။

ညဥ့်နက် သန်းခေါင်ယံအချိန်တွင် ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များသည် စုဝေး၍ စက်ဝိုင်းပုံစံထိုင်၍ ဆွေးနွေးနေကြသည်။

တန်လျန်းက သူတို့ရရှိထားသော ပစ္စည်းအားလုံးကို ထုတ်ယူပြီး ဖြန့်ဝေလိုက်သည်။

"ဒီနေ့ တက်လှမ်ခြင်း အဆင့် (ပြည့်ဝ)မွန်းစတားကို ငါ တကယ် မတိုက်ခိုက်နိုင်ခဲ့ဘူး။ ငါတို့သာ အတူတူ မတိုက်ခိုက်ရင် သူ့ကို သတ်နိုင်မှာ မဟုတ်ဘူး…"

တန်လျန်းသည် ကျရှုံးခဲ့သော အမဲလိုက်မှုအတွက် မနေနိုင်ဘဲ ညည်းတွားလိုက်သည်။

" သူ့ရဲ့အသိုက်ထဲမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိတယ်။ ဒီ သိုလှောင်လက်စွပ် သုံးကွင်းထဲမှာ အထွတ်အထိပ် တက်လှမ်းခြင်းအဆင့် တန်ခိုးရှင်ရဲ့

ပစ္စည်းတွေ ရှိနိုင်တယ်လို့ ခန့်မှန်းမိတယ်။ ဝိညာဉ်ကတ်ထဲမှာလည်း ဝိညာဉ်ကျောက်တုံး ဘီလီယံပေါင်းများစွာ ရှိပြီး ရှားပါးသတ္တုတွေလည်း ရှိနေတယ်။ လက်စွပ်ထဲမှာ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတောင် ပါသေး...."

ဤကမ္ဘာပေါ်တွင် မတူညီသော ကျင့်ကြံမှု နည်းစနစ်များ ရှိသော်လည်း လက်နက်များနှင့် အသုံးအဆောင်များကို ကံကြမ္မာစွမ်းအားနှင့် အသက်သွင်း၍ အသုံးပြုနိုင်သည်။

"ငါတို့ ပြန်ထွက်တဲ့အခါ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကို ရောင်းပြီးရင် အားလုံးကို

ကံကြမ္မာသလင်းကျောက် ခွဲဝေပေးမယ်။ တခြား ပစ္စည်းတွေကိုလည်း ငါတို့ သဘောတူထားတဲ့အတိုင်း အညီအမျှ မျှဝေပေးမယ်။ မင်းတို့မလိုချင်တဲ့ အရာတွေကို ဖယ်ထားလိုက်။ အကုန်လုံး မယူမနေရ မဟုတ်ဘူး...”

ပစ္စည်းများကို ခွဲဝေပြီးနောက် ကျန်သည့် ပစ္စည်းများမှာ အထွေထွေ ပစ္စည်းများသာ......

လင်းဟွမ်သည် အထွေထွေ ပုံကြီးထဲမှ ကျောက်စိမ်းတုံး အားလုံးကို ကောက်ယူလိုက်သည်။

အမှန်တကယ်ဆို လီကျားကလည်း ပထမနေ့ကတည်းက ကျောက်စိမ်းတုံးထဲမှ ဒေသခံ

ကျင့်ကြံမှု နည်းစနစ်များကို ရှာဖွေတွေ့ရှိခဲ့သည်။ သူက ပိုးကောင်သခင် တစ်ယောက် ဖြစ်နေသောကြောင့် အခြားသူများနှင့် နှိုင်းယှဉ်ပါက ပို၍ ထိလွယ်ရှလွယ်သော ဝိညာဉ်စွမ်းအင် ရှိနေခြင်းပင်။

ဤလျှို့ဝှက်ချက်ကို သိရှိရန်မှာ သူ့အတွက် ကိတ်မုန့်တစ်ချပ် စားရသကဲ့သို့ လွယ်ကူလွန်းလှ၏။

သို့သော်လည်း ကျောက်စိမ်းတုံးထဲတွင် မှတ်တမ်းတင်ထားသည့် ကျင့်စဉ်များက တက်လှမ်းခြင်းသို့သာ ရောက်ရှိနိုင်သည်။

ထို့အပြင်၊ ဤကမ္ဘာပေါ်တွင် လူသားအင်မော်တယ် မပေါ်ထွန်းလာသည်မှာ နှစ်ပေါင်း ထောင်သောင်းမက

ရှိသည်ကို သိရှိထားသောကြောင့် ကျောက်စိမ်းတုံးများကို စိတ်ဝင်စားမှု မရှိတော့ပေ။

သို့သော်လည်း ဤကျောက်စိမ်းတုံးများက လင်းဟွမ်အတွက်တော့ ခိုင်မာသော ရတနာများ ဖြစ်နေသေးသည်။

လွန်ခဲ့သော နှစ်ရက်က စာကြည့်တိုက်ထဲတွင် အချက်အလက်များကို ရှာဖွေကြည့်ရှုနေရင်း ကျောက်စိမ်းတုံးများမှ ကျင့်စဉ်များနှင့် စာကြည့်တိုက်ထဲက သူတွေ့ခဲ့ရသည့် ကျင့်စဉ်များကို သုတေသန လုပ်နေခဲ့သည်။ သူတို့ ဘယ်လို ကျင့်ကြံသလဲဆိုသည်ကို သူ သိချင်နေသည်။

အံ့ဩစရာကောင်းသည်မှာ ထိုကျင့်စဉ်ကို ပုံဖော်ခြင်းက သူ၏ ကံကြမ္မာလမ်းလွှဲကျမ်းစာ ကျွမ်းကျင်မှုကို တိုးမြင့်စေကြောင်း တွေ့ရှိခဲ့ရသည်။

အစပိုင်းက ကံကြမ္မာလမ်းလွှဲကျမ်းစာ ကျွမ်းကျင်မှုက ဖြည်းဖြည်းခြင်း တိုးတက်နေခဲ့သော်လည်း ကျောက်စိမ်းတုံးများထဲမှ ရိုးရှင်းသည့် ကျင့်စဉ်များကို သရုပ်ဖော်ပြီးနောက် သူ့ကျွမ်းကျင်မှုက တဟုန်ထိုး မြင့်တက်လာခဲ့သည်။

ဒီ ရက်အနည်းငယ် အတွင်းမှာပင် ကံကြမ္မာလမ်းလွှဲ ကျမ်းစာ၏ ပထမဦးဆုံး လှည့်ပတ်ခြင်းအတွက် လိုအပ်သောအမှတ် တစ်သန်းနီးပါးခန့် ရရှိသွားခဲ့သည်။

လင်းဟွမ်သည် ကျောက်စိမ်းတုံး အားလုံးကို ရရှိသည်နှင့်တပြိုင်နက် စိတ်စွမ်းအားနှင့် ဖတ်ကြည့် လိုက်သည်။ လူသားအင်မော်တယ် (အင်ပါယာအဆင့်) ရောက်ရှိအောင် ကျင့်ကြံနိုင်မည့် ကျင့်စဉ်နှစ်မျိုးကို ရှာတွေ့သောအခါ အံ့အားသင့်သွားသည်။

ပစ္စည်းများ ဝေငှပြီးနောက် လင်းဟွမ်နှင့် အခြား နှစ်ယောက်တို့က သူတို့၏ တစ်နေ့တာ ရှာဖွေတွေ့ရှိချက်များကို မျှဝေခဲ့ကြသည်။

ထိုအချိန်တွင် အစိုးရရုံးနှင့် ဈေးကွက်တာဝန်ခံ ထန်နင်းထံမှ သတင်းဆိုးတစ်ခု ထွက်ပေါ်လာသည်။

"မြေအောက်အဖွဲ့အစည်းတွေ လှုပ်ရှားနေတယ်။ မြို့(၂၁) မြို့ထဲက ခုနစ်မြို့ကို သိမ်းပိုက်လိုက်ပြီ။ ဒီသတင်းက လွန်ခဲ့တဲ့ ရက်အနည်းငယ်က ပိတ်ဆို့ထားလို့ ဒီနေ့မှ ပျံ့နှံ့လာတာ။ အခုလောလောဆယ် အထိတော့ စစ်ပွဲတွေ စတင်ခဲ့တဲ့ မြေအောက်အဖွဲ့အစည်းတွေက မင်းဆက်၊ ခရမ်းရောင် ကျီးကန်း၊ သူတော်စင်နဲ့ ကျက်သရေ အဖွဲ့အစည်းတွေပဲ..."

## အခန်း(၈၅၄) - ကျူးကျော်ခြင်း...

ဒါသည် လွန်ခဲ့သော ရက်အနည်းငယ်က မြောက်သဲမြို့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နီကျန်းသည် တစ်နေကုန် အမဲလိုက်ပြီးနောက် နှင်းကျနေသော မြောက်သဲမြို့ရှိ တည်းခိုခန်းသို့ ညနေခင်း၌ ပြန်ရောက်လာခဲ့သည်။

"ဟဲ့... စားပွဲထိုး... ငါ့အတွက် နွားသားကင်၊ မြေပဲပြုတ် သုံးအောင်စနဲ့ စပျစ်ဝိုင်တစ်ပုလင်း ယူလာခဲ့..."

ဒါသည် ဂန္ဓဝင်စစ်သည်တော်များ၏ အစားအစာ ပင်။ သို့သော်လည်း နီကျန်းသည် စစ်သည်တော်တစ်ယောက် မဟုတ်ပေ။ အတိအကျပြောရလျှင် ဤအခိုက်အတန့်၌ စစ်သည်တော်တစ်ယောက် မဟုတ်ပေ။ သူသည် ကိုယ်ခံပညာကို နှစ်အတော်ကြာအောင် လေ့ကျင့်ခဲ့ပြီး သိုင်းပညာကို နှစ်ပေါင်းသုံးဆယ်ခန့် အသုံးချပြီးနောက် ဂိုဏ်းတစ်ခုထဲတွင် ပါဝင်ခွင့်ရခဲ့သော သေမျိုး အသွင်ပြောင်းအဆင့် သာ.....

သူသည် အလယ်အလတ် တန်းစား တက်လှမ်းခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်သော်လည်း သူ၏ အသွေးအသားထဲတွင်

စစ်သည်တော်၏ အလေ့အထများက ကိန်းအောင်း နေ၏။ သူသည် အခြား ကျင့်ကြံသူများနှင့်အတူ ရုတ်ရုတ်သဲသဲ စည်စည်ကားကား ဇိမ်ခံသော နေရာများတွင် နေရသည်ကို မကြိုက်ပေ။ သူ့တွင် သုံးစရာ ဝိညာဉ်ကျောက်တုံး မရှိပေ။

ကျင့်ကြံသူများက အမြဲတမ်း သူ့ကို မထီမဲ့မြင် ပြုကြသည်။ ထို့ကြောင့် ကျင့်ကြံသူများထက်စာလျှင် စစ်သည်တော်များနှင့် နေရခြင်းက စိတ်အေးချမ်း စေသည်။ အသားကိုဝါးရင်း ဝိုင်သောက်ပြီးနောက် မူးနေသော စစ်သည်တော်များကိုကြည့်ပြီး အတိတ်ကို ပြန်လည် မြင်ယောင်တမ်းတ မိသည်။ သို့သော်လည်း

သူနှင့်အတူ တစ်ဝိုင်းတည်း စားခဲ့ဖူးသော ညီအစ်ကိုများက သေဆုံးသွားခဲ့ကြပြီ။ ယခုမူ သူနှင့် အတူသောက်မည့်လူ မရှိပေ။

နီကျန်းသည် စားပွဲထိုးကိုမှာပြီးနောက် အပေါ်ထပ်သို့ ချက်ချင်း တက်သွားသည်။

ကောင်းကင်ကြီး မှောင်စပြုလာသည့် အချိန်၌ စားပွဲထိုးက အခန်းတံခါး လာခေါက်သည်။

"ဆရာ… မင်းမှာထားတဲ့ အစားအသောက်တွေ ရပြီ…"

"ဝင်လာခဲ့…"

စားပွဲထိုးက တံခါးဖွင့်ပြီး အစားအသောက်ဗန်းကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် နောက်ပြန်လှည့်၍ အခန်းထဲမှထွက်ကာ တံခါး ပြန်ပိတ်ထားခဲ့သည်။

နီကျန်းသည် မတ်တပ်ထရပ်ပြီး စားပွဲပေါ်က အစားအသောက်များကို လှမ်းကြည့် လိုက်သည်။ တွေဝေခြင်းမရှိဘဲ လှီးထားသော အသားများကို လက်နှင့်တိုက်ရိုက်ကိုင်လိုက်သည်။ ထို့နောက် အသားတုံးကို တစ်ကိုက် ကိုက်လိုက်၊ ဝိုင်တစ်ခွက် သောက်လိုက်နှင့် အမြည်းလုပ်နေသည်။ ခဏအကြာ စားပွဲပေါ်မှ ဟင်းပွဲများ ပြောင်ရှင်းသွားသည်။

နီကျန်းသည် နောက်ဆုံး လက်ကျန်ဝိုင်ကို အပြတ် ဖြတ်ပြီးနောက် အောင်ဟစ်သံကို ကြားလိုက်ရသည်။ မတ်တပ်ထရပ်ရန် လုပ်လိုက်စဉ် သူ့နောက်ကျောဘက်မှ ဝင်လာသော အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသည်။

သူ မတုံ့ပြန်နိုင်ခင် ငွေရောင် ဓါးမြှောင်တစ်ချောင်းက သူ့လည်ပင်းကို ထောက်ထားသောကြောင့် ချွေးများ စီးကျလာသည်။

"အသံမထွက်နဲ့... ဖြည်းဖြည်းထ..."

သူ့အနောက်မှ အသံသြကြီးတစ်ခုက ပြောလိုက်သည်။

"ညီအစ်ကို... မင်း လုယက်ချင်တယ်ဆိုရင် သိုလှောင်လက်စွပ်က ငါ့ဘယ်ဘက် လက်ခလယ်မှာ ရှိတယ်။ ယူသွားလိုက်... မင်းနောက် မလိုက်ဘူးလို့ ကတိပေးတယ်..."

နီကျန်းက သူ့အား တိုက်ခိုက်လာသည့်သူကို ပြသရန် ဘယ်ဘက် လက်ခလယ်ကို ထောင်ပြလိုက်သည်။ ဤကဲ့သို့ လုပ်ရသည့် အကြောင်းအရင်းမှာ ဤလူက ကျွမ်းကျင်သော လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်ကြောင်း သေချာနေသောကြောင့် ပင်။

ကျွမ်းကျင်သော လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်သာလျှင် သူ ထမင်းစားနေသည့် အချိန်၌

ထိုလူ၏ တည်ရှိမှုကို သတိ မထားမိစေဘဲ ဤအခန်းလေးထဲ၌ ပုန်းအောင်းမည့်နေရာကို ရှာဖွေနိုင်သည်။ ထို့အပြင် ထိုလူလှူပ်ရှားခဲ့သည့် အရှိန်ကို ကြည့်ရသည်မှာ သူ့ထက်သာ လွန်ကြောင်း သေချာနေသည်။

နီကျန်းသည် ဘယ်ဘက်လက်ခလယ် ထောင်ပြလိုက်သည့်အချိန်မှာပင် နာကျင်သွားသည်။

"မင်းကို အသံမထွက်ဖို့ သတိပေးထားတယ်..."

နီကျန်းသည် သူ့ဘယ်ဘက် လက်ခလယ်ကို လှမ်းကြည့်လျှင် စကားပြောသော လူက

ဖြတ်ထားကြောင်း တွေ့လိုက်ရသည်။ ထိုလူက ရက်စက်ကြမ်းကြုတ်သည်မှာ အထင်အရှားပင်။

ထိုအချိန်တွင် နီကျန်း၏ စိတ်ဓါတ်သည် အောက်ဆုံးအထိ ပြုတ်ကျသွားသည်။

စကားပြောခွင့် မပေးခြင်းက ညှိနှိုင်းခွင့် မပေးခြင်းဟု ဆိုလိုသည်။

သူသည် ကိုယ်ခံပညာကို နှစ်ပေါင်းသုံးဆယ် လေ့ကျင့်ခဲ့ပြီး အလွှာပေါင်းစုံမှ လူများနှင့် တွေ့ဆုံခဲ့သောကြောင့် တွေ့သည့်လူများနှင့် မည်ကဲ့သို့ ဆက်ဆံရမလဲဆိုသည်ကို အကြမ်းဖျင်း သိနေသည်။

‘ဒီနေ့တော့ သေမင်းလက်ထဲက မလွတ်နိုင်တော့ဘူး ထင်တယ်…’

နီကျန်းသည် မချိပြုံးပြုံးပြီး စကားမပြောမိအောင် ကြိုးစားလိုက်သည်။ အကယ်၍ သူသာ စကား ထပ်ပြောမိပါက ဤလူက ပို၍ ပြင်းထန်သော သတိပေးချက် ပေးလာမည်ကို သူသိနေသည်။ ချက်ချင်း သတ်ဖြတ်ခြင်းပင် ဖြစ်လာနိုင်သည်။

“ပန်းကန်ပြားကိုကောက်… အခန်း တံခါးပေါက်ဆီ ယူသွား…”

နီကျန်းက ထိုလူပြောသည့်အတိုင်း ပန်းကန်ပြားနှင့် ဝိုင်ပုလင်းကို ကောက်ယူပြီး အခန်းတံခါးကို ဖွင့်လိုက်ရာ

ဓါးမြှောင်က သူ့လည်ပင်းမှ ရုတ်တရက် ဝေးကွာသွားသည်။

နီကျန်း၏ မျက်လုံးထဲတွင် မှော်လင့်ချက်အလင်းရောင် ဖျတ်ခနဲ တစ်ချက်လက်သွားပြီး ထွက်ပြေးရန် လုပ်လိုက်စဉ် တစ်စုံတစ်ခုက သူ့ကို ပိတ်ဆို့ထားကြောင်း သတိထားမိသည်။ သူ့လည်ပင်းတွင် ဆံချည်မျှင် တစ်မျှင်စာထူသော အမျှင်တစ်ခု ရစ်ပတ်နေသည်။

“မင်း…”

"ကြိုးစားနေတာကို မလုပ်မိလို့ ဝမ်းသာတယ်။ ဒီလိုမှမဟုတ်ရင် အခုအချိန် မင်းခေါင်းက မင်းလည်ပင်းပေါ်မှာ ရှိတော့မှာ မဟုတ်ဘူး..."

သူ့နောက်မှ အသံသြကြီးက ပြောလိုက်သည်။

နီကျန်း၏ နဖူးမှချွေးစေးများ စီးကျလာသည်။ အစောပိုင်းက သူ့လက်ချောင်းအား ဖြတ်တောက်ထားသည်ကို ပြန်လည် မြင်ယောင်သွားသည်။

နီကျန်းသည် တံခါးဖွင့်ပြီးနောက် ခါးကုန်းပြီး ဗန်းကို ကြမ်းပြင်ပေါ် ချပေးလိုက်သည်။ သူ ပြန်ထသည်နှင့် ညာဘက်အိတ်ထဲမှ ဓါးတိုလေး တစ်ချောင်း ထွက်လာသည်။ လည်ပင်းအား ရစ်ပတ်ထားသည့်

ထွင်းဖောက် မြင်နေရသော ချီကြိုးကို ဖြတ်ချလိုက်သည်။ ဤကဲ့သို့ လုပ်ပြီးသည်နှင့် ငုတ်တုတ် ထိုင်ချကာ အရောင်မဲ့ချီကြိုး၏ ခြိမ်းခြောက်မှုကို ရှောင်တိမ်း လိုက်သည်။ ထို့နောက် နီကျန်းသည် ထိုလူကို တိုက်ခိုက်ရန် မစဉ်းစားဘဲ ထွက်ပြေးရန် ခြေထောက်ကို အားစိုက်လိုက်သည်။ သို့သော်လည်း သူ့ ခြေထောက်နှစ်ဖက်က နာကျင်သွားသဖြင့် စူးစူးဝါးဝါး ထအော်လိုက်သည်။

အား...........

ခန္ဓာကိုယ်က ဟန်ချက်ပျက်ပြီး ကြမ်းပြင်ပေါ် လဲကျသွားသည်။ တစ်ချိန်တည်းမှာပင် လူသတ်သမား၏

ပုံစံကို မြင်လိုက်ရသည်။ အနက်ရောင်ဝတ်စုံ ဝတ်ထားပြီး အနက်ရောင် မျက်နှာဖုံး တပ်ထားသော ပိန်ပိန်ပါးပါး အမျိုးသားတစ်ယောက်ပင်။

မျက်နှာဖုံးပေါ်တွင် ဘဲဥပုံစံ အပေါက်နှစ်ပေါက် ရှိနေပြီး အနက်ရောင် မျက်လုံးတစ်စုံက အေးစက်၍ ခံစားချက်ကင်းမဲ့သော အငွေ့အသက်များ စိမ့်ထွက်နေသည်။

"ငပါးလေးပဲ..."

မျက်နှာဖုံး ဝတ်ထားသောလူက နီကျန်းထံ ဖြည်းဖြည်းချင်း လျှောက်လာသည်။

နီကျန်းသည် သွေးအိုင်ထဲလဲနေပြီး လူသေကောင်နှင့် မခြားပေ။ ထိုလူက တံခါးပိတ်ပြီးနောက် နီကျန်းကို ကော်လံမှဆွဲမပြီး ထမင်းစားပွဲရှေ့မှ ကုလားထိုင်ပေါ် ပစ်ချလိုက်သည်။

နီကျန်းသည် ထွက်ပြေးနိုင်မည့် အခွင့်အရေးနှင့် အတူ ခြေထောက်နှစ်ဖက် ဆုံးရှုံးသွားသောကြောင့် တိုက်ပွဲဝင်စိတ် ပျောက်ဆုံးသွားခဲ့သည်။ ထို့ကြောင့် ထိုလူကို လုပ်ချင်တိုင်း လုပ်ခွင့် ပေးထားလိုက်သည်။

ထိုအမျိုးသားက သူ၏ သိုလှောင်လက်စွပ်ထဲမှ ဆေးထိုးပြွန်တစ်ချောင်း ထုတ်ယူပြီး နီကျန်း လက်မောင်းထဲ ထိုးသွင်းလိုက်သည်။

နီကျန်းသည် ထိုအရာက ဘာလဲဆိုသည်ကို မသိသေး်လည်း တစ်ကိုယ်လုံး ထုံကျဉ်လာသည်။

စကား မပြောနိုင်ရုံသာမက လက်ဖျားပင် မလှုပ်နိုင်တော့ချေ။ ထို့နောက် ထိုလူက ဓါးမြှောင်တစ်ချောင်း ထုတ်ပြီး သူ၏ဦးခေါင်းခွံကို ဖြည်းဖြည်းချင်း ခွဲလိုက်သည်။

နီကျန်း အသိစိတ် မပျောက်သွားခင် မျက်နှာဖုံး ဝတ်ထားသောလူ၏ စကားကို နောက်ဆုံးကြားခဲ့ရသည်။

“မင်းခေါင်းထဲမှာ လိုချင်တဲ့အရာ ရှိ၊ မရှိ စမ်းကြည့်ရမယ်.......”

. . .

ညနက် သန်းခေါင်ယံအချိန်...

အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံး ဝတ်ဆင်ထားသော လူအယောက် နှစ်ဆယ်သည် မှောင်မည်းနေသော အခန်းတစ်ခန်းထဲတွင် စုဝေးနေကြသည်။ သူတို့၏ မျက်နှာဖုံးများက အနက်ရောင် ဖြစ်သော်လည်း တစ်ခုနှင့်တစ်ခု ဒီဇိုင်းနှင့်ပုံစံ ကွာခြားသည်။

"စုံစမ်းစစ်ဆေးတာ အခြေအနေ ဘယ်လိုလဲ..."

ဤမေးခွန်းကို မေးလိုက်သူက အမျိုးသမီး တစ်ယောက်ပင်။ သူမမျက်နှာဖုံး၏ နဖူးတွင် လက်မအရွယ် ပုတီးတစ်ခုလုံးကဲ့သို့ ဖြစ်နေသော ပတ္တမြားတစ်လုံး ရှိသည်။

"ငါ့မှာ သတင်းတစ်ခုတော့ ရှိတယ်..."

ပိန်ပိန်ပါးပါးနှင့် လူက ပြောလိုက်သည်။ သူ့မျက်နှာဖုံးက အစောပိုင်းက နီကျန်းကို သတ်ခဲ့သောလူနှင့် အတူတူပင်။

"ဒီနေ့ ငါ အကောင်တစ်ကောင်ကို ဖမ်းမိတယ်။ သူ့ရဲ့တိုက်ခိုက်ရေး အဆင့်က အလယ်အလတ် အင်မော်တယ်အဆင့်နဲ့ အတူတူပဲ။ သူ့ခေါင်းထဲမှာ တော်တော်လေး အသုံးဝင်တဲ့ အချက်အလက်တစ်ခု တွေ့ခဲ့တယ်။ ဒီကမ္ဘာမှာ အင်ပါယာ အဆင့်တွေကို လူသားအင်မော်တယ်လို့ ခေါ်ကြတယ်။ နှစ်ပေါင်းသောင်းနဲ့ချီ ကြာပြီးတဲ့နောက်မှာ

အင်မော်တယ်လမ်းစဉ် ပျက်သွားတယ်။ အခုဆိုရင် လူသားအင်မော်တယ်အဆင့်ကို ဘယ်သူမှ မရောက်တော့ဘူး”

“အခု လောလောဆယ်တော့ ဒီမြို့မှာ အစွမ်းထက်ဆုံး လူက အုပ်ချုပ်ရေးမှူး သုံးယောက်ပဲ။ သူတို့ရဲ့ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၉) နဲ့ ယှဉ်နိုင်တယ်။ အဲ့ဒီတော့ အဲ့ဒီသုံးယောက်က ငါတို့ ရင်ဆိုင်ရမယ့်လူတွေပဲ။ နောက်ပြီးတော့ ငါတို့ သတိထားရမှာက ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်တွေပဲ။ မြို့ထဲမှာရှိတဲ့ ဂုဏ်ထူးဆောင် အင်မော်တယ်အစောင့်တွေ အားလုံးက တိုက်ပွဲဝင်ပုံစံ

ကျွမ်းကျင်တယ်။ သူတို့ရဲ့ အစွမ်းအစနဲ့ဆိုရင် လူသားအင်မော်တယ် အဆင့်ကိုတောင် တိုက်ခိုက်နိုင်တယ်လို့ ပြောကြတယ်…”

“မင်းကို ဘယ်သူ သတိထားမိသေးလဲ…”

ထိုအမျိုးသမီးက မေးလိုက်သည်။

“မ… မထားမိပါဘူး…. အလောင်းကို အစောဆုံး ရှာတွေ့ရင်တောင် မနက်ဖြန်မနက်ကျမှ ဖြစ်လိမ့်မယ်…”

ပိန်ပါးသောလူက စိတ်ချယုံကြည်စွာ ပြောလိုက်သည်။

“ဒါဆို ငါတို့ အစီအစဉ်အတိုင်း လုပ်ရမယ်။ ဒီနေ့ လှုပ်ရှားမယ်…”

အနီရောင် ပတ္တာမြားမျက်နှာဖုံး ဝတ်ဆင်ထားသော အမျိုးသမီးက ချက်ချင်း အစီအစဉ်ပြုလုပ်ပြီး ညွှန်ကြားလိုက်သည်။ ခေါင်းဆောင် ဖြစ်ပုံရသည်။

“ငါတို့ ကျက်သရေအဖွဲ့မှာ လူနှစ်ဆယ်ပဲ ရှိတယ်။ ငါတို့က ပြည်ထောင်စုအစိုးရ မှဆိုးအဖွဲ့အစည်း၊ မင်းဆက်တို့လိုမျိုး အဓိက အဖွဲ့အစည်းတွေနဲ့ မတူဘူး။ ဒါကြောင့် တိုက်ပွဲထဲမှာ ကျရှုံးမှု အနည်းဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးစားရမယ်။ သန်းခေါင်ယံ အချိန်ကျရင် အစိုးရရုံးထဲမှာရှိတဲ့ သက်ရှိအားလုံးကို ဖြစ်နိုင်သမျှ အမြန်ဆုံးသတ်ပြီးတော့ ဘဏ္ဍာတိုက်ကို လုယက်

ကြမယ်။ အဲ့ဒါပြီးရင် ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်တွေ မလာခင် ပြန်ထွက်ကြမယ်...”

# အခန်း(၈၅) - ငါတို့က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့...

မြောက်သဲမြို့......

မနက်ခင်း မိုးမသောက်ခင် အနက်ရောင် အရိပ်နှစ်ဆယ်သည် အစိုးရရုံးအနားတွင် လျင်မြန်စွာ စုဝေးလာပြီး အမှောင်များ၊ ထောင့်များတွင် ပုန်းအောင်းနေကြသည်။ အစိုးရရုံး၏ အပြင်ဘက်တွင် တံတိုင်းတစ်ခု ရှိနေသောကြောင့် သူတို့၏တည်ရှိမှုကို မည်သူမျှ သတိမထားမိကြပေ။

"သွား.."

အမျိုးသမီး တစ်ယောက်၏အသံက သူတို့၏ နားထဲတွင် ကြည်လင်ပြတ်သားစွာ ကြားလိုက်ရသည်နှင့် ပုံရိပ်နှစ်ခုက တစ်ပြိုင်နက်နီးပါး လှုပ်ရှားသွားသည်။ အနက်ရောင် အလင်းတန်းနှစ်ခုက အပ်များအလား လေထဲထိုးဖောက် ပျံသန်းသွားသည်။ နောက်ထပ် တစ်ကြွန့်တွင် တံခါးကို စောင့်ကြပ်နေသော ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်နှစ်ယောက် ပြုတ်ကျလာသည်။

သို့သော်လည်း သူတို့ မြေပေါ်မရောက်ခင် အနက်ရောင်အရိပ်နှစ်ခုက ချက်ချင်း ပြေးဖမ်းပြီး

အလောင်းနှစ်ခုကို ချုံပုတ်ထဲ ဆွဲသွင်းသွားသည်။ လူကိုသတ်ခြင်း၊ အလောင်းများကို ဝှက်ခြင်း စသည့် ဖြစ်စဉ် အစအဆုံး တစ်ခုလုံးသည် (၂)စက္ကန့်ပင် မကြာလိုက်ချေ။

အစောင့်များကို ကိုင်တွယ် ဖြေရှင်းပြီးနောက် အနက်ရောင်အရိပ် (၂၀)သည် အစိုးရရုံးထဲ ဝင်သွားကြသည်။ ထို့နောက် အမှောင်ထဲမှ ထွက်လာကာ တရားဝင်အမဲလိုက်မှု စတင်တော့သည်။

အစိုးရရုံးထဲတွင် အိပ်ငိုက်နေသော တန်ခိုးရှင်များသည် နည်းလမ်း အမျိုးမျိုးနှင့် တိတ်တဆိတ် သေဆုံးသွားကြသည်။ အချို့က ခေါင်းဖြတ်ခံရပြီး၊

အချို့က ဦးခေါင်းကို ဓါးများနှင့်ထိုးဖောက်ကာ အချို့က အပေါ်ယံဒဏ်ရာမရှိဘဲ သေးငယ်သော ဆေးထိုးအပ်များ ဦးခေါင်းထဲ ထိုးသွင်းခြင်း ခံထားရသည်။

အုပ်ချုပ်ရေးမှူး ရုံးခန်းထဲတွင် တင်ပျဉ်ခွေ ထိုင်နေသော ဝေရန်သည် ရုတ်တရက် မျက်လုံးပွင့်လာသည်။

“ဘယ်သူလဲ..”

အမှောင်ထဲမှ အဆိပ်ပြင်းသော မြွေတစ်ကောင်က သူ့ကိုစိုက်ကြည့်နေပြီး သေစေနိုင်သည့် တိုက်ခိုက်မှု တစ်ခုနှင့် အချိန်မရွေး တွေ့ကြုံရတော့မည်ဟု ခံစားနေရသည်။

"မင်းမှာ တမူထူးခြားတဲ့ အာရုံခံနိုင်စွမ်း ရှိတာပဲ.."

အမှောင်ထဲမှ အနက်ရောင် အရိပ်တစ်ခု ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။ သူမ၏ မျက်နှာပေါ်တွင် အနက်ရောင် မျက်နှာဖုံးတစ်ခုရှိပြီး ထိုမျက်နှာဖုံး၏နဖူးတွင် အနီရောင် ပတ္တမြားတစ်ခု တပ်ဆင်ထားသည်။

"လုပ်ကြံသူလား.."

ဝေရန်၏ မျက်လုံးသူငယ်အိမ်များက အနည်းငယ် ကျုံ့သွားသည်။ သူ့ရှေ့တွင် အမျိုးသမီးကို မြင်နေရသော်လည်း သူမ၏တည်ရှိမှုကို လုံးဝ မသိလိုက်ပေ။ ထိပ်တန်းအဆင့် လုပ်ကြံသတ်ဖြတ်သူ

သာလျှင် သူမ၏တည်ရှိမှုကို အတိုင်းအတာ တစ်ခုအထိ ဖုံးကွယ်ထားနိုင်လိမ့်မည်။

"မင်း မှန်တယ်.. အဲ့အတွက် မင်းကို ဆုပေးမယ်.."

ဝတ်စုံနက် ဝတ်ဆင်ထားသော အမျိုးသမီးက ဝေရန်ထံ ဖြည်းဖြည်းချင်း လျှောက်သွားပြီး သူ့ကို သတ်ဖြတ်ရန် အလျင်လိုသည့်ပုံ မရှိပေ။

"မင်း ဘယ်လိုပုံစံ သေချင်လဲ ရွေး.."

"အေး ငါကတော့ မင်းကို သေအောင်သတ်ဖို့ပဲ ရွေးတယ်.."

ဝေရန်က ခုန်ထပြီး တိုက်ခိုက်လိုက်သည်။ ချက်ချင်းဆိုသလို ထိုအမျိုးသမီး၏ မျက်နှာကို ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်သည်။

အခန်းက တိတ်ဆိတ် ငြိမ်သက်သွားသည်။ အမျိုးသမီးက ဝေရန်မျက်နှာတွင် စိုက်ဝင်နေသော သူမလှံကို ဆွဲဖြုတ်ပြီး သူမလက်ထဲမှ အဖြူရောင် လက်ကိုင်ပုဝါနှင့် သုတ်လိုက်သည်။

"ငါက လုပ်ကြံတဲ့နေရာမှာ တော်ရုံတင်မကဘူး တိုက်ခိုက်တဲ့ နေရာမှာလည်း ကျွမ်းကျင်တယ်ဆိုတာ ပြောဖို့ မေ့သွားတယ်.."

လှံ့စွပ်ကသွေးများကို သေသေချာချာ သုတ်ပြီးနောက် အမျိုးသမီးသည် သွေးများ စွန်းထင်းနေသော လက်ကိုင်ပုဝါကို ဝေရန်၏ မျက်နှာပေါ် ပစ်တင်လိုက်သည်။

တံခါးအဝတွင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသား (၁၉) ယောက် စုဝေးနေသည်။

“ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်တွေ ရောက်မလာခင် (၅၇) မိနစ်လောက် အချိန်ရှိသေးတယ်.. အဖိုးတန်ပစ္စည်းတွေကို တတ်နိုင်သမျှ အမြန်ဆုံးရှာကြ..”

မြောက်သဲမြို့ အစိုးရရုံးတွင် ဖြစ်ပျက်နေသလို အခြားမြို့အနည်းငယ်တွင်လည်း အလားတူ ဖြစ်ရပ်မျိုး

တစ်ပြိုင်နက်နီးပါး ဖြစ်ပျက်နေသည်။ တစ်ခုတည်းသော ကွာခြားချက်မှာ မြို့တစ်မြို့ချင်းစီတွင် ရှိနေသော လူများ၏ အစီအစဉ်သာ ဖြစ်သည်။

မြေအောက် အဖွဲ့အစည်းမှလူများသည် တစ်ရက်၊ နှစ်ရက်ကြာအောင် ပုန်းအောင်းနေပြီးနောက် ဤကမ္ဘာတွင် အင်ပါယာအဆင့် တန်ခိုးရှင်များ မရှိကြောင်း သိပြီးသည်နှင့် သူတို့၏ ရက်စက်ကြမ်းကြုတ်သော တစ်ဘက်ခြမ်းကို ထုတ်ဖော်ပြသလာကြသည်။

အစိုးရရုံးများတွင် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် အရင်းအမြစ်များ လုယူခြင်းက

ပြောစရာ မဟုတ်သေးချေ။ အချို့ဆိုလျှင် တစ်မြို့လုံးကိုပင် သတ်ဖြတ်၍ လူသတ်ပွဲ လုပ်နေသည်။

သတ္တမ မင်းသားကဲ့သို့ အစွမ်းထက်သည့် လူများက တိုက်ခိုက်သောအခါ နယ်ခံလူများက ပြန်၍ မတိုက်ခိုက်နိုင်ကြပေ။ ဂုဏ်ထူးဆောင် အင်မော်တယ် အစောင့်များ၏ တိုက်ပွဲဝင်ပုံစံကိုလည်း အလွယ်တကူ ဖြတ်ကျော် နိုင်သည်။

ထို့အပြင် မြေအောက်အဖွဲ့အစည်းဝင် အားလုံးသည် အင်မော်တယ် အဆင့် (၉) ပါရမီရှင်များ ဖြစ်သောကြောင့် အစိုးရရုံးများတွင် မည်သူမှ သူတို့ကို အနိုင်ယူနိုင်စွမ်း မရှိကြပေ။ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကျူးကျော်

လုယက်မှုများ ဖြစ်ပျက်နေပြီး ထိတ်လန့် တုန်လှုပ်နေကြသည်။

........

သန်းခေါင်ယံအချိန်...

ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များသည် နောက်တစ်ကြိမ် စုဝေးနေကြသည်။

“ငါ့မှာ သတင်းဆိုးနှစ်ခု ရှိတယ်..”

တန်လျှန်းက ပစ္စည်းများကို မဖြန့်ဝေခင် လေးလေးနက်နက် ပြောလိုက်သည်။

"ဒီနေ့ မြို့တွေကို သူတော်စင်တွေ ကျူးကျော်လာတယ်။ ဖန်ဂျန်းမြို့မှာ လူ သုံးသန်းကျော် အသတ်ခံရတယ်။ တစ်ယောက်မှ အသက်ရှင်ရက် မကျန်ခဲ့ဘူး.."

ထိုစကားကို ကြားလျှင် အားလုံး ထိတ်လန့်သွားကြသည်။

"ဒါ ဘယ်လို ဖြစ်တာလဲ.. ယဇ်ပူဇော်ဖို့ အပျိုစင်တွေပဲ အသုံးပြုတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ မြို့ထဲက လူတိုင်းကို သတ်ရတာလဲ.."

ရှန်းထောင်က အနည်းငယ် စဉ်းစားမရ ဖြစ်နေသည်။

"သူတို့ ယဇ်ပူဇော်နေတဲ့ အချိန်မှာ ကြားဝင်နှောင့်ယှက်ခံရလို့ ဒေါသထွက်သွားပြီး သူတို့နတ်ဘုရားရဲ့ ဒေါသကို ဖြေသိမ့်ပေးဖို့အတွက် တစ်မြို့လုံးကို သတ်ပစ်ခဲ့တာပဲ ဖြစ်လိမ့်မယ်.."

တန်လျှန်းက အနည်းငယ် စိတ်ပျက်နေသော အမူအရာနှင့် ရှင်းပြလိုက်သည်။

"ပြည်ထောင်စုအစိုးရရဲ့ မုဆိုး အဖွဲ့အစည်းတွေက ဘာမှ မလုပ်ဘူးလား.."

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ပြည်ထောင်စုအစိုးရရဲ့ မင်းဆက်က လူတွေ ပြဿနာတက်နေတော့ ဒီကိစ္စအတွက် အချိန်မရှိဘူး

ဖြစ်နေတာ။ မင်းဆက်က လူတွေက မြို့နှစ်မြို့နဲ့ မြို့ငယ်ပေါင်း ဆယ်ခုလောက် လုယက်ထားတယ်။ ဘယ်သူမှ မသွားရင် အရင်းအမြစ်တွေ ဘယ်လောက်များများ သိမ်းပိုက်သွားမလဲ ဆိုတာ မသိနိုင်ဘူး”

“မုဆိုးအဖွဲ့အစည်းကလည်း ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းကို ကိုင်တွယ်ဖြေရှင်းနေရလို့ သူတို့မှာလည်း ကူညီဖို့ အချိန်မရဘူး ဖြစ်နေတယ်။ စွန့်စားသူတို့၏ သုခဘုံအဖွဲ့ကလည်း သူတော်စင်တွေကို တားဆီးဖို့ ကြိုးစားနေတယ်။ လူတွေကို အန္တရာယ်မဖြစ်အောင် တာဝန်တွေ ခွဲဝေပေးနေတယ်..”

"ကျက်သရေနဲ့ ဒိဋ္ဌိတွေကရော ဘယ်လိုလဲ။ သူတို့ကို ဘယ်သူမှ မကိုင်တွယ်ဘူးလား.."

ရှန်းထောင်က ချက်ချင်း မေးလိုက်သည်။

"အဲ့ဒါက ဒုတိယမြောက် သတင်းဆိုးပဲ"

တန်လျန်းကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေပုံရသည်။

"ကျက်သရေ အဖွဲ့ကလူတွေ ငါတို့ဆီ လာနေပုံရတယ်.."

တန်လျန်း၏ စကားကိုကြားလျှင် လူတိုင်း စိုးရိမ်သွားပြီး အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

“ငါတို့ နောက်ဆုတ်သင့်လား။ ကျက်သရေတွေနဲ့ တိုက်ခိုက်ရင် ငါတို့ဘက်က အသားစီး မရနိုင်ဘူး..”

လီကျားက တန်လျှန်းနှင့် တိုင်ပင်လိုက်သည်။

“ထိပ်တိုက်ရင်ဆိုင်ပြီး တစ်ယောက်ချင်း တိုက်ခိုက်ရမယ်ဆိုရင် ငါတို့ဘက်က အသာရနိုင်တယ်။ ဒါပေမယ့် သူတို့ဘက်မှာက ငါတို့ထက် လူနှစ်ဆ ပိုများနေတော့ အနိုင်ရဖို့ အလားအလာ နည်းနေတယ်။ နောက်ပြီးတော့ ကျက်သရေအဖွဲ့က ကျွမ်းကျင်တဲ့ လုပ်ကြံသတ်ဖြတ်သူ အဖွဲ့အစည်းပဲ။ သူတို့လူတွေက လုပ်ကြံသတ်ဖြတ်တာနဲ့ တခြား လျှို့ဝှက်နည်းစနစ်တွေ

ကျွမ်းကျင်တယ်။ သူတို့နဲ့ တိုက်ခိုက်တဲ့အခါ ငါတို့တွေ မဖြစ်မနေ သတိထားဖို့ လိုတယ်”

ထို့နောက် တန်လျှန်း တိတ်ဆိတ်သွားပြီး သူဘာတွေးနေလဲ ဆိုသည်ကို မည်သူမျှ မသိပေ။

“ဒါ အခွင့်ကောင်းလို့ ငါတော့ထင်တယ်..”

လင်းဟွမ်က မနေနိုင်ဘဲ ဝင်ပြောလိုက်သည်။

“ငါတို့တွေ အစိုးရရုံးနဲ့ လက်တွဲလုပ်ပြီး သူတို့ကို တိုက်ခိုက်လို့ရတယ်၊ အဲ့ဒါဆိုရင် ကျက်သရေအဖွဲ့ဘက်မှာ လူအရေအတွက် အားသာချက် ရှိတော့မှာ မဟုတ်ဘူး။ လုပ်ကြံသတ်ဖြတ်တဲ့ အခါမှာလည်း အာရုံခံ ကျွမ်းကျင်တဲ့လီကျား ရှိတယ်။ လီကျားနဲ့အတူ ရှိနေရင်

သူတို့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ နည်းစနစ်တွေက တစ်ရာရာခိုင်နှုန်း အလုပ်ဖြစ်တော့မှာ မဟုတ်ဘူးလို့ ငါ ထင်တယ်။ "

" ငါတို့တွေ အကူအညီ ပေးသင့်တယ်။ နောက်ပြီးတော့ ပြည်ထောင်စု အဖွဲ့အစည်းကနေလည်း အကူညီတောင်းလို့ ရတယ်။ ဒါကြောင့် ကယ်ဆယ်ရေး အဖွဲ့ မရောက်လာခင်အထိပဲ တောင့်ခံထားဖို့ လိုမှာ။ ကျက်သရေအဖွဲ့က လူတိုင်းကို သတ်နေစရာ မလိုဘူး.."

လင်းဟွမ်က ကျက်သရေအဖွဲ့မှ လူတိုင်းကို သတ်စရာမလိုဘူးဟု ပြောခဲ့သော်လည်း သူ့စိတ်ထဲတွင်

အားလုံးကို တစ်ပြိုင်နက်တည်း သတ်ပြီး ပစ္စည်းအားလုံးကို လုယူရန် တွေးတောနေပြီ ဖြစ်သည်။

အကယ်၍ တန်လျှန်းနှင့် ကျန်သည့်လူများက ဆုတ်ခွာရန် ဆုံးဖြတ်လိုက်မည်ဆိုပါက အဖွဲ့ထဲမှ ခဏ ခွဲထွက်ပြီး ကျက်သရေအဖွဲ့မှလူများကို လိုက်ရှာရန် တွေးနေသည်။ နောက်ဆုံးတွင် သူတို့ကိုယ်တိုင် အိမ်တံခါးဝသို့ အရောက်လာခဲ့ပြီ ဖြစ်သဖြင့် ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။

ခေတ္တမျှ တိတ်ဆိတ်သွားပြီး နောက်ဆုံးတွင် တန်လျှန်းက

“မကြိုးစားဘဲနဲ့ နောက်ဆုတ်တာ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ မဟုတ်ဘူး။ ငါတို့က မင်းဆက်နဲ့ တိုက်ခိုက်ရရင်တောင် နောက်ဆုတ်မှာ မဟုတ်ဘူး။ ဒီတိုက်ပွဲက ခက်ခဲမယ်၊ ကြမ်းတမ်းမယ်၊ ငါတို့ထဲက တချို့လည်း သေချင်သေသွားနိုင်တယ်။ အဲ့ဒီအတွက် ပြင်ဆင်ထားကြပါ”

“အခွင့်အရေးတစ်ခုမှ မလွဲချော်သွားစေနဲ့။ ငါတို့က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့လေ ။ ကမ္ဘာကြီးရဲ့ ပါရမီရှင် အဖွဲ့အစည်းထဲမှာ နံပါတ် (၁) ပဲ “

“ ငါတို့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က နံပါတ်(၁)နဲ့ ထိုက်တန်ကြောင်း ဒီတိုက်ပွဲမှာ လူတိုင်းကို ပြသကြတာပေါ့..”

# အခန်း(၈၅၆) - ကျက်သရေ အဖွဲ့ကို သုတ်သင်ခြင်း

လင်းဟွမ်သည် ကျက်သရေအဖွဲ့ အကြောင်းနှင့် ပက်သက်၍ ဘာမှမသိပေ။ ထိုအဖွဲ့က အဖွဲ့ခွဲ (၃) တွင် နံပါတ် (၂) လုပ်ကြံသတ်ဖြတ်ရေး အဖွဲ့အစည်း ဖြစ်ကြောင်းသာ သိသည်။ ယေဘုယျ စွမ်းရည်အရ သူတို့သည် ခရမ်းရောင်ကျီးကန်းနှင့် ဒိဋ္ဌိများထက် အနည်းငယ် အားနည်းသည်။ သို့သော် သူတို့ကို ထူးချွန်သော မြေအောက်အဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်သေးသည်။

နံပါတ် (၁) လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့အစည်း ဖြစ်သည့် အရိပ်လူသတ်သမားအဖွဲ့မှာ မကြာသေးခင်က အဖွဲ့ခွဲ (၂)တွင် ဖွင့်လှစ်ခဲ့သော ဟင်းလင်းပြင် အပျက်အစီးထဲ ဝင်သွားကြသည်။ သူတို့၏ အင်အားစုကို မခွဲထုတ်ချင်သောကြောင့် ကြွေလွင့် နတ်ဘုရားမြေထဲ မလာခဲ့ကြပေ။

တန်လျှန်း မပြောပြခင် ကတည်းက ကျက်သရေအဖွဲ့၏ သတင်းကို လင်းဟွမ်က သိနေခဲ့သည်။

အဖွဲ့အစည်းတိုင်း၏ လှုပ်ရှားမှု အားလုံးကို သွေးရဲရဲလေးက စောင့်ကြည့် နေခဲ့သောကြောင့်ပင်။

ကျက်သရေ အဖွဲ့အပြင် မင်းဆက်နှင့် ပြည့်ထောင်အစိုရ အဖွဲ့အစည်းများလည်း သွေးရဲရဲလေး၏ စောင့်ကြည့်မှုအောက်တွင် ရှိနေကြသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းတွင် သွေးရဲရဲလေး၏ စုံစမ်း စစ်ဆေးမှုမှတစ်ဆင့် မြေအောက်အဖွဲ့အစည်းများ အကြောင်းကို ကောင်းကောင်း သိထားသည်။

ထိုလူများအတွက် လူသားများက တိရစ္ဆာန်များနှင့် ကွာခြားခြင်း မရှိပေ။

သူတို့က လူများကို သတ်ဖြတ်ခြင်း၊ မြို့ကြီးတစ်ခုလုံးကို ဖျက်ဆီးခြင်း၊ လူများကို

ရုပ်သေးရုပ်များ ပြုလုပ်ခြင်း စသည့်အရာများကို အသည်းနှလုံးကင်းမဲ့စွာ ပြုလုပ်နေကြသည်။

သည့်တစ်ကြိမ်တွင် ကျက်သရေ အဖွဲ့အစည်းက သူ့အိမ်တံခါးဝသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် လင်းဟွမ်က မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အသက်ရှင်ခွင့် ပေးချင်သည်မှာ သဘာဝ ကျသည်။

ကောင်းကင်ကြီး မှောင်လာသောအခါ သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ကို ထုတ်ဖော်ပြသလိုက်သည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် အနက်ရောင် ဂတ်စုံ ဝတ်ဆင်ထားသောလူ အယောက် (၂၀) က အရှိန်အဟုန်ပြင်းစွာ ပြေးနေသည်ကို တွေ့နေရသည်။

"မကြာခင် ဒီကို ရောက်လာတော့မယ်။ ကီလိုမီတာ တစ်ထောင်လောက်ပဲ ဝေးမယ်....."

"သွားကြစို့၊ ငါတို့ သွားတွေ့ကြမယ်"

လင်းဟွမ်က ယာယီ အသွင်ပြောင်းကတ်ကို ချေမွပြီး သူ့ကိုယ်သူ တစ္ဆေအသွင် ပြောင်းလိုက်သည်။ နံရံကို ဖြတ်၍ မြေကြီးထဲ ငုပ်ဆင်းသွားပြီးနောက် မြို့တံခါးမှ ထွက်ခွာသွားသည်။

မြို့ပြင်သို့ ရောက်သောအခါ သွေးရဲရဲလေးကို ဆင့်ခေါ်ပြီး တိုက်ပွဲနေရာသို့ ဦးတည့်သွားလိုက်သည်။ ထို့နောက် ကတ်၏အကျိုးသက်ရောက်မှုကို ဖယ်ရှား လိုက်သည်။

ဤအရာအားလုံးကို လုပ်ဆောင်ရသည့် အကြောင်းရင်းမှာ သူ၏ အစစ်အမှန် စွမ်းရည်ကို တန်လျှန်းနှင့် ကျန်သည့် လူများကို မမြင်စေချင်သောကြောင့်ပင် ။

ထို့နောက် ကျက်သရေအဖွဲ့ကို စတင် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ပြည်ထောင်စု အဖွဲ့အစည်းကို အကူအညီ တောင်းမည်ဟု ပြောခဲ့သည့် အချိန်တွင် စိတ်အနှောင့်အယှက် ဖြစ်လာသည်။

တန်လျှန်းကလည်း ကျက်သရေအဖွဲ့ နှင့် တိုက်ခိုက်ရန် အစီအစဥ် မရှိပေ။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင်တိုင်းတွင် ဆွဲဆောင်မှုရှိသော စွမ်းရည်များ ရှိကြသည်မှာ အမှန်ပင်။ သူတို့၏ တိုက်ခိုက်ရေးအစွမ်းမှာ ကျက်သရေ အဖွဲ့ဝင်များထက် ပိုမို အားကောင်းနိုင်သည်။ သို့သော်လည်း ကျက်သရေ အဖွဲ့ဝင်များက လုပ်ကြံသတ်ဖြတ်ရာတွင် ကျွမ်းကျင်သောကြောင့်

သူတို့ကို ကိုင်တွယ်ရန် ခက်ခဲလှ၏။ တိုက်ပွဲဖြစ်ပါက ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များဘက်တွင် မလွဲမသေ အသေအပျောက် ရှိလိမ့်မည်။

လင်းဟွမ်သည် ထိုအရာအားလုံးကို ဆင်ခြင် သုံးသပ်ပြီးနောက် သူတို့အားလုံးကို သတ်ပစ်ကာ ဆုငွေအားလုံးကို သူ့ဘာသာသူ တစ်ယောက်တည်း ရိတ်သိမ်းခြင်းကသာ အကောင်းဆုံး ဖြစ်သည်ဟု ကောက်ချက်ချလိုက်သည်။

သူရောက်ပြီး၍ သိပ်မကြာခင် ကျက်သရေအဖွဲ့ဝင် (၂၀) က ကောင်းကင်ပေါ်တွင် အရှိန်အဟုန်ပြင်းစွာ ပျံသန်းလာသည်ကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် ကောင်းကင်ပေါ် ဖြည်းညှင်းစွာ ပျံတက်သွားပြီး သူတို့လမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

"မင်းတို့ကို ဝင်ခွင့်မပေးဘူး။ "

လင်းဟွမ်၏ အေးဆေးတည်ငြိမ်သော အသံက သူတို့နားထဲ တိုးဝင်သွားသည်။

"သူ့ကိုသတ်..."

မဆိုင်းမတွပင် အမျိုးသမီးတစ်ဦး၏ အသံထွက်လာသည်။

အနက်ရောင် ဝတ်ဆင်ထားသည့် လူများထဲမှ အမျိုးသားတစ်ဦး ပျောက်သွားပြီး နောက်ထပ် တစ်စက္ကန့်တွင် လင်းဟွမ်၏ဘေးနား၌ ဖြတ်ခနဲ ပေါ်လာသည်။ သူက လင်းဟွမ်၏မျက်နှာကို ဓားမြှောင်တစ်ချောင်းနှင့် တည့်တည့် ချိန်ပြီး ထိုးလိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် အနက်ရောင်ပုံရိပ် တစ်ခုပေါ်လာသည်။ အနက်ရောင် ဝတ်ဆင်ထားသော အမျိုးသားသည် ရုတ်တရက် တောင့်တင်းသွားသည်။

ကျက်သရေ အဖွဲ့ဝင်များသည် သူတို့အဖော်၏ ရင်ဘတ်ထဲမှ အနက်ရောင် လှံတစ်ချောင်း

ဖောက်ထွက်လာသည်ကို မြင်လိုက်ရသည်။ လှံပေါ်တွင် ခရမ်းရောင်ကနုတ်များ ရှိနေသည်။

"မင်းရဲ့အမြန်နှုန်းလေးနဲ့ ကိုင်လီကို ဘယ်လိုတောင် ယှဉ်ရဲတာလဲ…၊ မင်းရူးနေတာပဲ ဖြစ်မယ်…"

လင်းဟွမ်က တိုးတိုးလေး ပြောလိုက်သည်။

ကိုင်လီက ထိုလူကို သတ်ဖြတ်ပြီးသည်နှင့် သွေးရဲရဲလေးက ကပ်ပါးကူးစက်လိုက်သည်။

အနက်ရောင်ဝတ်စုံ ဝင်ဆင်ထားသော လူသည် သူ့ကိုယ်ထဲမှ လှံကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။ ထို့နောက် လင်းဟွမ်ဘေးတွင် မတ်တပ်ရပ်ကာ

တစ်ချိန်က သူ၏လုပ်ဖော်ကိုင်ဖက်များ ဖြစ်ခဲ့ဖူးသော ကျက်သရေအဖွဲ့ဝင်များကို ပြန်စိုက်ကြည့်နေသည်။

ထူးဆန်းသော ဖြစ်စဉ်ကိုကြည့်ရင်း ကျက်သရေ အဖွဲ့ဝင်များ၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ ပေါ်လာသည်။ သူတို့အဖော်က စောစောပိုင်းတွင် သေသွားကြောင်း သူတို့ ရှင်းရှင်းလင်းလင်း သိသော်လည်း ယခုမူ အသက်ရှင်နေသေးကြောင်း တွေ့လိုက်ရသည်။ ပိုဆိုးသည်မှာ ယခုအခါ ရန်သူ၏ လက်တွဲဖော် ဖြစ်သွားခဲ့ပြီ။

"မင်းဘယ်သူလဲ အတိအကျ ပြောစမ်း"

ခေါင်းဆောင်အမျိုးသမီးက ခက်ထန် မာကြောစွာ မေးလိုက်သည်။

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က လင်းရှိ"

လင်းဟွမ်က သူ့နာမည်နှင့် အဖွဲ့အစည်းနာမည်ကို ပြန်ပြောလိုက်သည်။

ထိုအမျိုးသမီးသည် လင်းဟွမ်စကားကို ကြားလျှင် အံ့သြသင့်သွားသည်။ လင်းဟွမ်က သူ့နာမည်ကို ထုတ်ပြောလိမ့်မည်ဟု မထင်ထားခဲ့ချေ။ သို့သော်လည်း သူမက ထိုနာမည်နှင့် အတော်လေး ရင်းနှီးကြောင်း တွေးလိုက်မိသည်။

"လင်းရှီလား.....။ မင်းက ဒီနှစ် ကြယ်လမ်းစဉ်သစ်ပင် အမှတ်စာရင်းမှာ နံပါတ် (၁) ရထားတဲ့ လင်းရှီလား။"

အနက်ရောင် ဂျတ်စုံ ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်က မနေနိုင်ဘဲ အော်မေးလိုက်သည်။

အဖွဲ့အစည်း အားလုံးတွင် ပါရမီရှင်သမ္မဂ္ဂအဖွဲ့ဝင် ဖြစ်သော အဖွဲ့သားများ ရှိကြသည်။ ထိုအထဲတွင် ကျက်သရေအဖွဲ့လည်း ပါဝင်သည်။

လူတော်တော်များများက လင်းဟွမ် ရုပ်ပုံကို မြင်ဖူးကြသော်လည်း ကြယ်လမ်းစဉ်သစ်ပင်

အမှတ်စာရင်း ပေါ်တွင်ရှိနေသော လင်းရှီ၏ တိုက်ခိုက်ရေးအဆင့်က သူတို့ရှေ့တွင် ယခုလက်ရှိ မတ်တပ်ရပ်နေသော ဒီလူနှင့် အတော်လေး ကွာခြားသည်။ ဝတ်စား ဆင်ယင်ပုံနှင့် ဆံပင်ပုံစံကြောင့်သာ မှတ်မိနေခြင်းပင်။

"သူက တကယ့်ပဲ လင်းရှီ ဖြစ်နိုင်တယ်။ ပုံစံကတော့တူတယ်။ နောက်ပြီးတော့ လင်းရှီက ထိန်းချုပ်သူပဲ"

အနက်ရောင်ဂဝတ်စုံဝတ် အမျိုးသား တစ်ယောက်က အတည်ပြုလိုက်သည်။

'မဖြစ်နိုင်ဘူး၊ လင်းရှီက ဒီလောက် အစွမ်းထက်တဲ့ တိုက်ခိုက်ရေး အဆင့်ကို ဘယ်အချိန်က ရောက်သွားတာလဲ....။ ပြီးခဲ့တဲ့ လပိုင်းကမှ ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတာ မဟုတ်ဘူးလား....'

လူ တော်တော်များများက စိတ်ထဲမှ တိတ်တဆိတ် တွေးနေကြသည်။

"သူ့ရဲ့စွမ်းရည်က ကြောက်စရာ ကောင်းတယ်..."

"လင်းရှီ၊ မင်း ငါတို့ကိုတားဖို့ ကြိုးစားနေတာလား..."

ခေါင်းဆောင် အမျိုးသမီးက ခြေတစ်လှမ်း ရှေ့တိုးပြီး မေးလိုက်သည်။ သူမ၏ ကြောက်စရာကောင်းသော အော်ရာက လင်းဟွမ်ထံ ပျံ့နှံ့သွားသည်။

လင်းဟွမ်သည် သူမထံမှ ထွက်ပေါ်လာသော အော်ရာကြောင့် ဘာမှမဖြစ်ပေ။ သူသည် အင်ပါယာ ရွှေအဝါရောင်အဆင့် တန်ခိုးရှင်များကို တစ်ဦးထက်ပိုပြီး သတ်ဖြတ်ခဲ့ဖူးသောကြောင့် အင်ပါယာ ရွှေအနက်ရောင် အဆင့်နှင့်သာ ယှဉ်နိုင်သော စွမ်းရည်ရှိသည့် အင်မော်တယ် အဆင့် (၉) တန်ခိုးရှင်တစ်ယောက်ကို မကြောက်ချေ။

"ပထမတစ်ချက်က ငါ တစ်ယောက်တည်း မဟုတ်ဘူး၊ ငါ့ဘက်မှာ မွန်းစတားတွေကို ဆင့်ခေါ်ထားတယ်။ ဒုတိယတစ်ချက်က မင်းတို့ အားလုံးကို တားဖို့အစီအစဉ် မရှိဘူး။ သတ်ပစ်ဖို့ စီစဉ်နေတာပဲ"

လင်းဟွမ်က ခြေတစ်လှမ်း ရှေ့တိုးပြီး သူမစကားကို ပြန်ပြင်ပေးလိုက်သည်။

"ပေါက်ကရ......"

ထိုအမျိုးသမီးက အော်ဟစ်လိုက်ပြီး နောက်လှည့်ကာ

"ဆင့်ခေါ် မွန်းစတားနဲ့သားရဲတွေကို ငါ တိုက်ခိုက်မယ်..၊ မင်းတို့ အားလုံးက ဒီကောင့်ကို သတ်........"

အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် အနက်ရောင် ဝတ်ရုံ ဝတ်ဆင်သော လူ (၁၈)ယောက်က လင်းဟွမ်ကို အရပ်မျက်နှာ အသီးသီးမှ တိုက်ခိုက်ကြသည်။ ထိုအချိန်တွင် အမျိုးသမီးက လှံကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး ကိုင်လီထံ ပြေးဝင်တိုက်ခိုက်သည်။

လင်းဟွမ်က မလှုပ်ရှားဘဲ အေးအေးဆေးဆေး ရပ်ကြည့်နေသည်။

ကိုင်လီက အနက်ရောင်ဂဝတ်စုံ ဂဝတ်ဆင်ထားသော လူများ သူတို့ထံ ပြေးဝင်လာသည်ကို မြင်လျှင် လက်ကိုဝှေ့ယမ်းလိုက်ရာ ကောင်းကင် တမန်တော် တရားသူကြီး (၃၆၈) ယောက် ပေါ်လာသည်။

ကျက်သရေ အဖွဲ့ဝင်အားလုံးသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ ထွက်ပေါ်လာသော အဖွဲ့ကြီးကို မြင်လိုက်လျှင် အံ့အောသင့်သွားသည်။

ကောင်းကင်တမန်တော် တရားသူကြီး စစ်တပ်သည် ပေါ်လာသည်နှင့် တပြိုင်နက် ကျက်သရေ အဖွဲ့ဝင်အားလုံးကို ဝိုင်းထားပြီး သူတို့၏ တိုက်ပွဲဝင်ပုံစံကို ဖွဲ့စည်းလိုက်သည်။

"မင်းတို့ အားလုံးကို ဝိုင်းထားပြီးပြီ"

လင်းဟွမ်က ခပ်ပါးပါးလေးပြုံးပြီး ကြေညာလိုက်သည်။

"နောက်ဆုတ်..."

ခေါင်းဆောင်အမျိုးသမီးက တိုက်ပွဲဝင် ဖွဲ့စည်းပုံကို ကြည့်ပြီး ဤတိုက်ပွဲတွင် သူတို့ဘက်မှ အနိုင်မရနိုင်မှန်း သိလိုက်သည့်အတွက် ချက်ချင်း နောက်ပြန်ဆုတ်ရန် အမိန့်ပေးလိုက်သည်။

"ကိုင်လီ..... သူတို့ အားလုံးကို သတ်လိုက်...."

လင်းဟွမ်က အေးစက်စွာ အမိန့်ပေးလိုက်သည်။

"သတ်...."

ကိုင်လီက အမိန့်ပေးလိုက်သည်နှင့် ကောင်းကင် တမန်တော် တရားသူကြီးစစ်တပ်က တဟုန်ထိုး တိုက်ခိုက်ကြသည်။

ကျက်သရေ အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံကို ဖြိုခွင်းရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြပေ။

တစ်မိနစ် အတွင်းမှာပင် (၁၈) ယောက်လုံး သေဆုံးသွားပြီး ခေါင်းဆောင် အမျိုးသမီး တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

"လင်းရှီ၊ မင်းငါ့ကို သတ်လိုက်ရင် ငါ့အဖေက သေချာပေါက် ရောက်လာလိမ့်မယ်၊ သူက အင်ပါယာ

ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်ပဲ။ ဒီတစ်ကြိမ် ကြွေလွှင့်နတ်ဘုရားမြေထဲကို ငါနဲ့အတူ ဝင်လာတာ....."

"သူ မသိပါဘူး....."

လင်းဟွမ်၏လေသံက တည်ငြိမ်နေပြီး

"သူ သိသွားလည်း ကိစ္စမရှိဘူး...."

သူမသည် အစွမ်းထက်သော်လည်း ကိုင်လီ ကိုယ်တိုင် တိုက်ပွဲထဲ ပါဝင်လာသောအခါ သုံးမိနစ်ထက် ပို၍ တောင့်မခံနိုင်ခဲ့ပေ။

ကိုင်လီ၏လှံက သူမနှလုံးကို ထိုးဖောက်သွားသဖြင့် သေဆုံးသွားသည်။

ကိုင်လီကို ပြန်သိမ်းပြီးနောက် သူတို့ (၁၉) ယောက်လုံးကို သွေးရဲရဲလေးက ကပ်ပါး ကူးစက်လိုက်သည်။

ထို့နောက် လင်းဟွမ်က ယုတ်ညံ့မှင်စာကို ဆင့်ခေါ်ပြီး ဥက္ကာခဲများနှင့် တိုက်ခိုက်ဖျက်ဆီးရန် ပြောလိုက်သည်။

လင်းဟွမ်က သဲလွန်စများ မကျန်ခဲ့ကြောင်း အတည်ပြုပြီးနောက် တည်းခိုခန်းသို့ တိတ်တဆိတ် ပြန်လာခဲ့သည်။

သူ ထွက်သွားပြီး အခန်းထဲ ပြန်ဝင်လာသည်မှာ (၁၀)မိနစ်ပင် မကြာလိုက်ချေ။